# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် | ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၀၅၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၁၀၁)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၁ ခုနှစ် ၊ နိုဝင်ဘာလ ၂၈ ရက်)

ချစ်ခင်လေးစားရပါသော မြန်မာပြည်သူပြည်သားအပေါင်းတို့ ခင်ဗျား

ယနေ့မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ကျရောက်သည့် (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ယနေ့သည် အတိတ်ခေတ်မြန်မာ့ဂုဏ်ရည်ကို ပြန်ပြောင်းသတိရ ဂုဏ်ယူကြရမည့် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပါသည်။ အနာဂတ်နိုင်ငံတော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လိုသည့် အားသစ်အင်သစ်များတိုးပွားလာစေသည့် နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ အမျိုးသားအောင်ပွဲနေ့သည် မြန်မာတစ်မျိုးသားလုံး၏ မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို ဖော်ကျူးပြသနိုင်သည့် နေ့တစ်နေ့လည်း ဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ရှောက်၊ လိမ္မော်၊ သံပရာမျိုးများ ပြပွဲ၊ ပြိုင်ပွဲနှင့် ဆွေးနွေးပွဲ (Citrus Fair, 2021) ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကျင်းပပြုလုပ်သည့် ရှောက်၊ လိမ္မော်၊ သံပရာမျိုးများ ပြပွဲ၊ ပြိုင်ပွဲနှင့် ဆွေးနွေးပွဲ (Citrus Fair, 2021) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက နေပြည်တော် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❒

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးစိုင်းလုံးဆိုင်နှင့် ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ ပြိုင်ပွဲဝင်သစ်သီးများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်အစိုးရ တာဝန်ယူမှု ကိုးလမြောက်၏ မှတ်တိုင်များ**

ဆောင်းပါး၊ စာ - ၆ ၊ ၇

**ရွေးကောက်ပွဲများ အပေါ်မှ လှမ်းမျှော်၍ ဒီမိုကရေစီအနှစ်သာရ ရှာဖွေခြင်း**

ဆောင်းပါး၊ စာ - ၈

## ၂၀၂၁ ခုနှစ် (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုပါ၏။


Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်
Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။
E-Commerce လုပ်ငန်းငွေပေးချေမှုများဆောင်ရွက်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
နှစ်အတွင်းကာလတိုချေးငွေလျှော်ထားခြင်း၊ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာဝန်ဆောင်မှုများပေးခြင်း
နေပြည်တော် - ဖုန်း - ၀၉ ၃၁၀၀၀၇၇၇၊ ၀၉ ၂၅၃၈၆၇၅၂၀
ရန်ကုန် - ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁၊ ၀၉ ၃၁၀၀ ၁၁၂၂၊ ၀၉ ၃၁၀၀ ၁၁၃၃
မန္တလေး - ဖုန်း - ၀၉ ၆၉၁၃၁၁၃၃၂၊ ၀၉ ၆၆၉၁၃၄၁၉၇
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ။
Myanmar MOBILE MONEY




မြန်မာ့အလင်း

# နိုင်ငံတော်သာယာဝပြောဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော ဧကရီဘုရင်မ မင်းမြတ်ဘုရား၏ အမိန့်အာဏာတော်အရ ကြော်ငြာလိုက်သည်မှာ အထက်သီပေါမင်း အုပ်စိုးတော်မူသော မြန်မာနိုင်ငံတော်ကို ၎င်းဘုရင်က ထပ်မံဆက်လက်၍ စိုးစံအုပ်ချုပ်ရဦးမည်မဟုတ်။ ၎င်းနိုင်ငံနယ်မြေများသည် အင်္ဂလိပ်ဘုရင်မ မင်းမြတ်ဘုရား၏ နိုင်ငံနယ်မြေဖြစ်လေပြီး အင်္ဂလိပ်ဘုရင်မ မင်းမြတ်ဘုရား အလိုတော်မြတ်ရှိစဉ်ကာလအတွင်း ထိုနိုင်ငံကို ဗြိတိသျှဘုရင်ခံ မင်းမြတ်က အခွင့်သင့်လျော်သည့်အခါ မှူးမတ်အရာရှိ ခန့်ထား၍ ၎င်းမှူးမတ်အရာရှိတို့ကသာ အုပ်ချုပ်စီရင်လိမ့်မည်ဟူသော အိန္ဒိယဘုရင်ခံ ဒတ်ဖရင်က လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သည့် ကြော်ငြာစာသည် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ရန်ကုန်မြို့၌လည်းကောင်း၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မန္တလေးမြို့၌ လည်းကောင်း ထုတ်ပြန်လိုက်ပြီးသည့်နောက် နှစ်ပေါင်းထောင်ချီ၍ လွတ်လပ်သည့် ပဒေသရာဇ်နိုင်ငံတစ်နိုင်ငံအဖြစ် တည်ရှိလာခဲ့သည့် မြန်မာနိုင်ငံမှာ နယ်ချဲ့တို့၏ အင်ပါယာအတွင်းသို့ ကျရောက်သွားခဲ့သည်။

ထိုနေ့မှစ၍ မြန်မာနိုင်ငံသည် ကမ္ဘာ့မြေပုံပေါ်မှ ပျောက်ကွယ်သွားခဲ့ပြီး အိန္ဒိယ၏ ပြည်နယ်တစ်ခုအဖြစ်သို့ ရောက်ရှိသွားခဲ့ရာ မြန်မာနိုင်ငံသည် ကျွန်ထက်ပင် အဆင့်နိမ့်သည့် သပေါက်ဘဝသို့ ကျရောက်သွားခဲ့ရခြင်းဖြစ်သည်ဟူ၍လည်း မချိတင်ကဲ မှတ်တမ်းတင်ခဲ့ကြသည်။ (ကမ္ဘာ့နိုင်ငံများစာရင်းတွင် မြန်မာဟူ၍ မရှိတော့သည့်အတွက် ၁၉၃၆ ခုနှစ် ဘာလင်ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်သည့် လူသန်ကြီး ဦးဇော်ဝိတ်မှာ အိန္ဒိယနိုင်ငံသားအဖြစ် ယှဉ်ပြိုင်ခဲ့ရသည်။) နယ်ချဲ့လက်အောက်ကျရောက်ခဲ့ချိန်မှစ၍ ကျွန်နိုင်ငံသားအဖြစ်နှင့် လူမျိုးသည် လည်းကောင်း၊ ဘာသာစကားသည်လည်းကောင်း၊ ကိုးကွယ်ယုံကြည်ရာ သာသနာသည် လည်းကောင်း ချိုးနှိမ်ခံခဲ့ရသည်။ အုပ်စိုးသူတို့အပေါ်တွင် သစ္စာခံရေးနှင့် အင်ပါယာကို အလုပ်အကျွေးပြုနိုင်ရေးအတွက် အင်္ဂလိပ်လိုတွေးခေါ်ကာ အင်္ဂလိပ်လို ပြောဆိုရေးသားနိုင်မည့် ဌာနေလူမျိုးများ မွေးထုတ်ပေးနိုင်မည့် ကျွန်ပညာရေးစနစ်ကိုသာ နယ်ချဲ့တို့က ချပေးခဲ့သည်။ ကျွန်ပညာရေးစနစ်အရ လူတိုင်းလက်လှမ်းမမီနိုင်သည့် ပညာရေး ဖြစ်ခဲ့သည့်အတွက် စာတတ်မြောက်သူဦးရေမှာလည်း မြန်မာဘုရင် များ လက်ထက်ကထက်များစွာ နိမ့်ကျခဲ့သည်။

၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၅ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ ခု၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်) ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒပြပွဲသည် ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်တွန်းလှန်ခြင်း၊ နယ်ချဲ့အစိုးရကို ပေါ်ပေါ်ထင်ထင် စတင်အာခံခြင်းဖြစ်သကဲ့သို့ အမျိုးသားရေးစိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်တို့ ပြန်လည်ရှင်သန်လာခြင်းလည်း ဖြစ်သည်။ နယ်ချဲ့အစိုးရနှင့် ဆန့်ကျင်ဘက်တွင် မြန်မာတစ်မျိုးသားလုံး စုစည်းညီညွတ်မှုကို ထင်ထင်ရှားရှားတွေ့မြင်ကြရပြီး အမျိုးသားပညာရေးစနစ်နှင့် အမျိုးသားကျောင်းများကိုပါ တည်ထောင်နိုင်ခဲ့သည့်အတွက်ဂုဏ်ပြုကာ နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့/အမျိုးသားအောင်ပွဲနေ့အဖြစ် ကျင်းပခဲ့ရာ ၁၀၁ နှစ်ပင်တိုင်ခဲ့ပြီဖြစ်သည်။

အမျိုးသားရေးစိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ဟူသည် ဟောင်းနွမ်းကုန်ခန်းသွားနိုင်သည့် စိတ်ဓာတ်အားမာန်မျိုးမဟုတ်ဘဲ မျိုးဆက်တိုင်းက လက်ဆင့်ကမ်းအမွေခံကာ ထာဝစဉ်ရှင်သန်နေရမှာဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံ တစ်နိုင်ငံအဖို့ တစ်သွေးတည်း တစ်သားတည်းဟူသော စိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်ကြရေးက အသက်တမျှ အရေးပါသည်။ ဘိုးဘွားတို့က အသက်သွေးချွေးစတေး၍ တည်ထောင်ခဲ့ကြသော ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းတည်ငြိမ်ရေး၊ သာယာဝပြောရေးတို့အတွက် တစည်းတလုံး၊ တညီတညွတ်တည်းသော အမျိုးသားရေးအားမာန်ဖြင့် ကြိုးပမ်းထမ်းရွက်နိုင်ကြပါစေကြောင်း။ ။



## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ နဝမအစည်းအဝေး ဒုတိယနေ့ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ နဝမအစည်းအဝေးဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။** (အပေါ်ပုံ)

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်အောင်နှင့် အရာထမ်း/အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာစာရာဘိဝံသက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ၊ ပထမအဖွဲ့ခွဲ၊ ဒုတိယအဖွဲ့ခွဲ)၏ တာဝန်ကျရာကာလအတွင်း ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်များက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာစာရာဘိဝံသက လည်းကောင်း၊ ပထမအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသေဋ္ဌိလက လည်းကောင်း၊ ဒုတိယအဖွဲ့ခွဲ၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရက လည်းကောင်း အတည်ပြုချက်ရယူသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအားလုံးက ဇယန္တော ဗောဓိယာ မူလေ အစရှိသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော် မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား အလှူရှင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဝေဠုဝန် (ရွှေကျင်) ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမာနိတ (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမများက ဧကတိံသတိမ (၃၁)ကြိမ်မြောက် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် အရာထမ်းရာထူးများအတွက် ရေးဖြေစာမေးပွဲ ကျင်းပဖြေဆိုမှုများကို စာစစ်ဌာနအလိုက် လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ် ၂/၂၀၂၀ နှင့် ၅/၂၀၂၁ ပါ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ ဌာနစုမှူး(၂)/တတိယအတွင်းဝန် (အမျိုးသား/ အမျိုးသမီး) ရာထူး ၃၅ နေရာအတွက် ပြန်တမ်းဝင်အဆင့် စတင်ခန့် အရာထမ်းရာထူးများ ရွေးချယ်ပေးရန် ရေးဖြေစာမေးပွဲကို ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့တို့ရှိ စာစစ်ဌာနငါးခု၌ နိုဝင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် တစ်ပြိုင်တည်း ကျင်းပလျက်ရှိသည်။

အဆိုပါ ရေးဖြေစာမေးပွဲ ကျင်းပနေမှုများကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဖွဲ့ဝင် ဦးဆန်းမြင့် သည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း၊ မန္တလေးစာစစ်ဌာနသို့ လည်းကောင်း၊ အဖွဲ့ဝင် ဦးရဲနိုင်သည် နေပြည်တော် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း (ရွာတော်) နေပြည်တော် စာစစ်ဌာနသို့လည်းကောင်း၊ အဖွဲ့ဝင် ဦးစိုးတင့်သည် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ရန်ကုန်စာစစ်ဌာနသို့ လည်းကောင်း၊ အဖွဲ့ဝင် သူရဦးဘိုနီသည် မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မကွေးစာစစ်ဌာနသို့ လည်းကောင်း စာမေးပွဲဖြေဆိုမှုကို ကြည့်ရှုစစ်ဆေးပြီး ဖြေဆိုသူများကိုအားပေးစကား ပြောကြားသည်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း အသီးသီးအတွက် လိုအပ်သော အရည်အသွေးမြင့် ပြန်တမ်းဝင်အဆင့် စတင်ခန့် အရာထမ်းရာထူးများကို ရွေးချယ်ပေးလျက်ရှိရာ အရည်အချင်းကို အခြေခံ၍ လူမှန်၊ နေရာမှန်ဖြစ်စေရေးအတွက် ရွေးချယ်ရေး လုပ်ငန်းစဉ်များကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး ယခုရေးဖြေစာမေးပွဲသို့ လာရောက်ဖြေဆိုကြသူ စုစုပေါင်း ၅၆၅ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေး

"အတိတ်ကိုမသိလျှင် ထပ်ကျော့အမှားတွေ ကျူးလွန်နိုင်သည်။ ထို့အတူ အတိတ်ကို အစွဲသန်လွန်းလျှင်လည်း အနာဂတ်လမ်း ပျောက်နိုင်သည်" ဆိုသည့်စကားရပ်အား သတိချပ်စေလိုသည်။ နိုင်ငံတော်အစိုးရသည် ကျရောက်မည့် စိန်ရတုပြည်ထောင်စုနေ့၊ စိန်ရတုလွတ်လပ်ရေးနေ့မတိုင်မီ၌ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၂ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

❖ *ရှေ့ဖုံးမှ*

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် အုပ်ချုပ်နေထိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့သော် ၁၈၈၅ ခုနှစ် နယ်ချဲ့ဗြိတိသျှ ကိုလိုနီလက်အောက် ကျရောက်ခဲ့သည့်အချိန်မှစပြီး ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ မြန်မာ့ပညာရေးတို့သည် အောက်တန်းနောက်တန်း ကျရောက်ခဲ့ရပါသည်။ မျိုးချစ်စိတ်နှင့် သူရသတ္တိရှိသူများက ဆန့်ကျင်တိုက်ပွဲများ ဆင်နွှဲကြသော်လည်း နည်းပညာ၊ ခေတ်မီလက်နက်နှင့် အတွေ့အကြုံများနည်းပါးခြင်း၊ စနစ်တကျ စုစည်းဆောင်ရွက်မှု အားနည်းခြင်းတို့ကြောင့် အောင်မြင်မှုနှင့် အလှမ်းဝေးခဲ့ကြရပါသည်။ ကိုလိုနီနယ်ချဲ့တို့သည် ၎င်းတို့၏ အုပ်ချုပ်ရေးယန္တရားနှင့် လိုက်လျောညီထွေဖြစ်မည့် ကိုလိုနီပညာရေးစနစ်ကို စီမံဖန်တီးခဲ့ကြပါသည်။ ဤသို့ဖြင့် မြန်မာ့ပညာရေး နိမ့်ပါးကာ ကျွန်ပညာရေးစနစ်အောက်တွင် မြန်မာတစ်မျိုးသားလုံး ဆင်းရဲဒုက္ခအတိ ရောက်ခဲ့ကြပါသည်။

၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို မြန်မာပြည်သူများ အလိုဆန္ဒနှင့်ဆန့်ကျင်ပြီး နယ်ချဲ့အစိုးရက အတင်းအကျပ် ပြဋ္ဌာန်းခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်ခြင်းကို ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) တွင် ဆန့်ကျင်ကန့်ကွက်ခဲ့ရာမှ ထိုနေ့ကို ဂုဏ်ပြုသောအားဖြင့် အမျိုးသားအောင်ပွဲနေ့ဟု သတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။

ယနေ့သည် အမျိုးသားရေး စိတ်ဓာတ်ကို အခြေခံပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်အတွက် အမျိုးသားပညာရေးလှုပ်ရှားမှုကို စတင်ဆောင်ရွက်ခဲ့သည့် (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပါသည်။ နိုင်ငံသားတိုင်းသည် မျိုးချစ်စိတ် မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲရေးအတွက် ခိုင်မာသည့်ပညာရေးအခြေခံကောင်းများရှိရန် လိုအပ်ပါသည်။

ယနေ့ခေတ်သည် သတင်းအချက်အလက် နည်းပညာခေတ်ဖြစ်သည့်အလျောက် ပြည်ပနိုင်ငံများမှ ထိုးဖောက်ဝင်ရောက်လာသည့် ယဉ်ကျေးမှုများနှင့် အတွေးအခေါ်များကို နှိုင်းချင့်ဝေဖန်သုံးသပ်ပြီး အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်ရန်၊ ခိုင်မာသည့် အမျိုးသားစိတ်ဓာတ်နှင့် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ မှန်ကန်သော မျိုးချစ်စိတ်ဓာတ်များရှိရန် အထူးလိုအပ်လျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု အခြေခံအုတ်မြစ်များကိုချမှတ်နိုင်ခဲ့ပြီး ပြုပြင်ပြောင်းလဲမှုများကို အစွမ်းရှိသမျှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ပြုပြင်ပြောင်းလဲမှုများတွင် ပညာရေးပြောင်းလဲမှုများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အမှီပြုလျက်ရှိနေသဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စီမံဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထား ထိန်းသိမ်းမြှင့်တင်ပေးလျက်ရှိပါသည်။ မှန်ကန်သော အတွေးအခေါ်၊ ကောင်းမွန်သော အကျင့်စာရိတ္တတို့ဖြင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးပြီး ခေတ်စနစ်၏ လိုအပ်ချက်များနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်သော ပညာရေးစနစ်ဖြစ်ပေါ်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

နိုင်ငံတော်၏ နိုင်ငံရေးတည်ငြိမ်မှု၊ အေးချမ်းသာယာမှု၊ စည်းလုံးညီညွတ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများ စားဝတ်နေရေးဖူလုံမှု၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်မှုသည် ပညာရေးမှ လေ့ကျင့်ပျိုးထောင်ပေးလိုက်သည့် မျိုးချစ်စိတ်ကို အခြေခံသည့် အသိပညာ၊ အတတ်ပညာများသာ ဖြစ်ပါသည်။

**"ယနေ့ခေတ်သည် သတင်းအချက်အလက် နည်းပညာခေတ်ဖြစ်သည့်အလျောက် ပြည်ပနိုင်ငံများမှ ထိုးဖောက်ဝင်ရောက်လာသည့် ယဉ်ကျေးမှုများနှင့် အတွေးအခေါ်များကို နှိုင်းချင့်ဝေဖန်သုံးသပ်ပြီး အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်ရန်၊ ခိုင်မာသည့် အမျိုးသားစိတ်ဓာတ်နှင့် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ မှန်ကန်သော မျိုးချစ်စိတ်ဓာတ်များရှိရန် အထူးလိုအပ်လျက်ရှိ"**

- ❒ **နိုင်ငံတော်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု အခြေခံအုတ်မြစ်များကိုချမှတ်နိုင်ခဲ့ပြီး ပြုပြင်ပြောင်းလဲမှုများကို အစွမ်းရှိသမျှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိ**
- ❒ **ထိုသို့ပြုပြင်ပြောင်းလဲမှုများတွင် ပညာရေးပြောင်းလဲမှုများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အမှီပြုလျက်ရှိနေသဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စီမံဆောင်ရွက်လျက်ရှိ**

အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ နည်းပညာနှင့် သက်မွေးပညာတို့ကို သင်ယူလေ့ကျင့်ရာတွင် မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီပြီး နိုင်ငံတကာအဆင့်မီစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ အထူးပညာရေးအစီအစဉ်နှင့် လူတိုင်းအကျုံးဝင် ပညာရေးအစီအစဉ်များဖြင့် နိုင်ငံသားတစ်ဦးတစ်ယောက်မကျန် ပညာသင်ယူခွင့်ရရှိရေးကိုလည်း အလေးပေး ဆောင်ရွက်လျက်ရှိပါသည်။

တက္ကသိုလ်များတွင် ပညာရပ်ဝန်းကျင်ကောင်းများ ပေါ်ထွန်းရေးကို ဆောင်ရွက်ပေးပြီး စည်းကမ်းရှိသော မျိုးချစ်စိတ်ရှိသော အခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်သည့် စွမ်းရည်ပြည့်ဝနလုံးလှသည့် ပညာတတ်များ ပေါ်များလာစေရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။ စွမ်းရည်ပြည့်ဝသော ခေတ်ပညာတတ် လူငယ်လူရွယ်များ ပေါ်ထွက်လာရေးအတွက် နိုင်ငံတော်သည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်နေပါသည်။ ကျောင်းမှန်မှန်တက်၊ စာမှန်မှန်ကျက် စာမေးပွဲအောင်ရုံဖြင့် ပညာတတ်သည်ဟု အပြည့်အဝ မဆိုနိုင်ပါ။ အကောင်းအဆိုး အကြောင်းအကျိုး အမှားအမှန် ခွဲခြားနိုင်ပြီး လက်တွေ့နယ်ပယ်တွင် ဉာဏ်နှင့်ယှဉ်ကာ အောင်မြင်အောင် စွမ်းဆောင်နိုင်မှသာ တကယ့်ပညာတတ်အစစ် ဖြစ်ပါမည်။ မိမိတို့ သင်ကြားတတ်မြောက်ထားသော ပညာရပ်ကို တိုင်းရင်းသား ပြည်သူများ၊ လူမှုဘဝတိုးတက်အောင် စွမ်းဆောင်ကြရမည်ဖြစ်ပါသည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နေ့စဉ်လူမှုဘဝတွင် အသုံးချနိုင်မည့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ပိုမိုလေ့လာသင်ယူကြရပါမည်။ မိမိ၏ မှန်ကန်သော မျိုးချစ်စိတ်ဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားအောင် စွမ်းဆောင်နိုင်ကြရမည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရင်းနှီးချစ်ခင်ပြီး စိတ်ရင်းစေတနာအမှန်ဖြင့် ကူညီစောင့်ရှောက်တတ်သူများ ဖြစ်လာစေရန် ကြိုးပမ်းကြရမည်ဖြစ်ပါသည်။

ပြည်ထောင်စုသားတိုင်းက ၂၀၂၂ ခုနှစ် (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ ဖြစ်သော -

- (က) တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊
- (ခ) ပြည်ထောင်စုတစ်ဝန်းလုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာ အဆင့်မြှင့်တင်ဆောင်ရွက်ရေး၊
- (ဂ) မျိုးချစ်စိတ်ဓာတ်ကို အရင်းခံသည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထက်မြက်ရေး၊
- (ဃ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းစွာဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ရေးတို့နှင့်အညီ အလေးထား ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါသည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် အမိနိုင်ငံတော်ကြီးကို အမှန်တကယ်ချစ်မြတ်နိုးပြီး အချင်းချင်း သံသယစိတ်ကင်းရှင်းစွာဖြင့် အပြန်အလှန်လေးစားညီညွတ်လျက် အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ကောင်းစေတနာအပြည့် ဖွဲ့လုံ့လအပြည့်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့် ဤသို့ထူးခြားလေးမြတ်လှသည့် အမျိုးသားအောင်ပွဲနေ့ အခါသမယ၌ "နိုင်ငံတော် သာယာဝပြောဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့" ဟူသော (၁၀၁)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်နှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဘိုးဘွားအမွေဖြစ်သော ပြည်ထောင်စုနိုင်ငံတော်ကြီးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် အလေးထား ကာကွယ်စောင့်ရှောက်ပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❒ ရွှေဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသော ဦးစိုင်းလုံးဆိုင်နှင့် ဦးရွှေကြိမ်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဒေါ်ရင်ရင်နွယ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နိုင်၊ ဒုတိယဝန်ကြီးများ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများမှ ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင် တောင်သူဦးကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးစိုင်းလုံးဆိုင်နှင့် ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ ပြိုင်ပွဲဝင်သစ်သီးများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ရှောက်၊ လိမ္မော်၊ သံပရာ မျိုးရင်းဝင် အပင်များကို မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသရေမြေ ရာသီဥတုနှင့် ကိုက်ညီမှုပေါ်မူတည်၍ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ လက်ရှိ စိုက်ဧက စုစုပေါင်း တစ်သန်းခန့် ရှိသော်လည်း ပြည်တွင်းလိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်မှု မရှိသေးသည့်အတွက် အိမ်နီးချင်းနိုင်ငံအချို့နှင့် အရှေ့အလယ်ပိုင်းနိုင်ငံအချို့မှ တင်သွင်းနေရမှုကြောင့် ဈေးကွက်ယှဉ်ပြိုင်မှုကို ကြုံတွေ့နေရပါကြောင်း၊ ဥပမာအားဖြင့် ၂၀၂၀-၂၁ ခုနှစ်အတွင်း ပြည်ပမှ တင်သွင်းခဲ့သည့် ရှောက်၊ လိမ္မော်၊ သံပရာ၊ ဂရိတ်ဖရု စသောရှောက်မျိုးနွယ်ဝင် သစ်သီးများ တင်သွင်းမှုမှာ တန်ချိန်အားဖြင့် ၆ သောင်း ၇ ထောင်ကျော်ရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၃ သန်းခန့်ဖြစ်ကာ ပြည်ပပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းခန့်သာ ရှိကြောင်း။

ရေမြေအခြေအနေပေးသည့် ဒေသများတွင် တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် သွင်းကုန်ထိန်းချုပ်ခြင်းကို ဆောင်ရွက်ခြင်းမရှိပါက ရေရှည်တွင် ရှောက်၊ လိမ္မော်၊ သံပရာစိုက် တောင်သူများ၏ အကျိုးစီးပွားထိခိုက်မှု ရှိလာနိုင်သဖြင့် စိုက်ပျိုးရေးအခြေပြုသည့် မြန်မာ့စီးပွားရေးကိုလည်း တစ်စိတ်တစ်ပိုင်း ထိခိုက်လာနိုင်ပါကြောင်း။

## ကျင်းပရခြင်း ရည်ရွယ်ချက်

သို့ပါ၍ ယနေ့ ရှောက်၊ လိမ္မော်၊ သံပရာမျိုးများ ပြပွဲ၊ ပြိုင်ပွဲနှင့် ဆွေးနွေးပွဲ (Citrus Fair, 2021) ကို ပြုလုပ်ကျင်းပရခြင်းဖြစ်ပြီး လိမ္မော်မျိုးများအပါအဝင် ရှောက်မျိုးရင်းဝင် သစ်သီးပင်များနှင့် ပတ်သက်၍ မျိုးကောင်းမျိုးသန့်များရရှိရေး၊ အထွက်နှုန်းနှင့် အရည်အသွေးများ တိုးတက်ရေး၊ စားသုံးမှုလုံခြုံစိတ်ချရသည့် ထွက်ကုန်ပစ္စည်းများရရှိစေရေး၊ ပြည်ပမှတင်သွင်းရမှု လျှော့ချနိုင်ရေးနှင့် ပြည်ပပို့ကုန်များ တိုးမြှင့်စေရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့နည်းသက်သာစေမည့် ခေတ်မီစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ၊ ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ရရှိရေးတို့အတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

## ဖဲကြိုးဖြတ် ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ရှောက်၊ လိမ္မော်၊ သံပရာမျိုးများ ပြပွဲ၊ ပြိုင်ပွဲနှင့် ဆွေးနွေးပွဲ (Citrus Fair, 2021) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြခန်းများ၊ ပြိုင်ပွဲဝင်သစ်သီးများ၊ ဆုရသစ်သီးများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

## ဆုပေးအပ်ချီးမြှင့်

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆုအမျိုးအစားများအလိုက် ပေးအပ်ချီးမြှင့်ကြရာ လိမ္မော်ခွံကျစ် (ကမ္ဘလာ)ပြိုင်ပွဲ ပထမဆု ရှမ်းပြည်နယ် မောက်မယ်မြို့နယ်မှ ဦးစိုင်းအောင်တင်၊ ဒုတိယဆု မောက်မယ်မြို့နယ်မှ ဦးထွန်းအောင်၊ တတိယဆု ပြင်ဦးလွင်မြို့နယ်မှ ထူးလိမ္မော်ခြံက လည်းကောင်း၊ လိမ္မော်(ခွံပွ)ပြိုင်ပွဲ ပထမဆု ရွာငံမြို့နယ်မှ ဦးကျော်စိုး၊ ဒုတိယဆု ကလောမြို့နယ်မှ ဦးအောင်ကျော်မိုး၊ တတိယဆု ရပ်စောက်မြို့နယ်မှ ဦးခွန်သန်းထွန်းက လည်းကောင်း၊ ပျားလိမ္မော်ပြိုင်ပွဲ ပထမဆု ပင်းတယမြို့နယ်မှ ဒေါ်တင်ဝင်းရွှေ၊ ဒုတိယဆု မိုင်းပျဉ်းမြို့နယ်မှ ဦးကျော်လွင်၊ တတိယဆု မိုင်းဆတ်မြို့နယ်မှ ဦးကောလီက လည်းကောင်း၊ ကျွဲကောပြိုင်ပွဲ ပထမဆု ရွှေကျင်မြို့နယ်မှ ဒေါ်စန္ဒာဝင်း၊ ဒုတိယဆု အုတ်တွင်းမြို့နယ်မှ ဒေါ်မြ၊ တတိယဆု သာယာဝတီမြို့နယ်မှ ဦးပိုက်တင်က လည်းကောင်း၊ သံပရာပြိုင်ပွဲ ပထမဆု ကြာအင်းဆိပ်ကြီးမြို့နယ်မှ ဦးအောင်ဝင်း၊ ဒုတိယဆု နေပြည်တော် Big M Group Co.,Ltd ၊ တတိယဆု ရွာငံမြို့နယ်မှ ဦးမြင့်ရှိန်က လည်းကောင်း၊ ရှောက်ပြိုင်ပွဲ ပထမဆု ပုသိမ်ကြီးမြို့နယ်မှ ဦးစိုးအောင်ထွန်း၊ ဒုတိယဆု ကြာအင်းဆိပ်ကြီးမြို့နယ်မှ ဦးမြတ်ကျော်၊ တတိယဆု မြဝတီမြို့နယ်မှ ဦးလှဝေတို့က လည်းကောင်း ဆုများ လက်ခံရယူကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ရှောက်၊ လိမ္မော်၊ သံပရာမျိုးများ ပြိုင်ပွဲတွင် ဒေသအသီးသီးမှ လိမ္မော်ခွံကျစ်(ကမ္ဘလာ)၊ လိမ္မော်(ခွံပွ)၊ ပျားလိမ္မော်၊ ကျွဲကော၊ ပန်းလိမ္မော်၊ ဂရိတ်ဖရု၊ သံပရာ၊ ရှောက် စသည့် သစ်သီးရှစ်မျိုးကို ပြိုင်ပွဲဝင် ၁၁၈ ဦးတို့က ပေးပို့ယှဉ်ပြိုင်လာကြခြင်းဖြစ်ပြီး အရည်အသွေးများအပေါ်စိစစ်၍ ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆု၊ အထူးဆုများကို ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## ဆွေးနွေး

မွန်းလွဲပိုင်းတွင် ရှောက်၊ လိမ္မော်၊ သံပရာမျိုးများ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာရပ်များနှင့် စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရာ လက်တွေ့ဆောင်ရွက်လျက်ရှိကြသည့် တောင်သူများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များ ပါဝင် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခရီးသွားလုပ်ငန်းများ စနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ဥပဒေနှင့်အညီ သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်များ ရယူဆောင်ရွက်သွားကြရန်လိုအပ်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသော "လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်ခရီးသွားလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယပိုင်း) အစီအစဉ်" သို့ တက်ရောက်သည်။ **(ယာပုံ)**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် ယခင်အပတ်က ကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲ(ပထမပိုင်း)၏ ဆွေးနွေးမှုများအပေါ် အခြေခံပြီး မဟာဗျူဟာများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းပညာရေးနှင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးစသည့်ကဏ္ဍ (၄)ခုဖြင့်အနာဂတ်ခရီးသွားလုပ်ငန်း စနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆွေးနွေးဖော်ဆောင်ခြင်း ဖြစ်ကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနတွင်းရှိ ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်း သင်ယူတတ်မြောက်ထားသော စာတွေ့နှင့် လက်တွေ့ ပညာရပ်များကို နှိုင်းယှဉ်အသုံးချပြီး မျှဝေပေးခြင်းဖြင့် မိမိတို့၏အရည်အသွေးများ ပိုမိုမြင့်မားလာစေခြင်းသာမက ခရီးသွားလုပ်ငန်း တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတကာ အဆင့်၊ နိုင်ငံအဆင့်၊ ဝန်ကြီးဌာနအဆင့် ထုတ်ပြန်ထားသော စီမံချက်များကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်ပြီး အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်က လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါမှာ တစ်ကမ္ဘာလုံး ကြုံတွေ့ခံစားနေရသော ကပ်ရောဂါဖြစ်သည့်အတွက် ၎င်းနှင့် ရေရှည်ယှဉ်တွဲလုပ်ကိုင်နေထိုင်ရမည်ဖြစ်သောကြောင့် ခရီးသည်များကို ဝန်ဆောင်မှုပေးရာတွင် safe services ပေးနိုင်ရေးကို ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ဟိုတယ်နှင့် တည်းခိုရိပ်သာများအနေနှင့် Enchanting Myanmar Health and Safety Protocol (HSP) ဆိုင်ရာ နိုင်ငံအဆင့် အသိအမှတ်ပြုလက်မှတ်များအား လျှောက်ထားရယူရန်လိုအပ်ကြောင်း၊ ၎င်းမှတစ်ဆင့် နိုင်ငံတကာအဆင့်သို့ တိုးမြှင့်ရယူသွားကြရေးအတွက် ကြိုးစားလုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းများ စနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင်လည်း ဥပဒေနှင့်အညီ သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်များ ရယူဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ မဟာဗျူဟာများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားပညာရေးနှင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးစသည့် ခေါင်းစဉ်(၄)ခုကို အဖွဲ့(၄)ဖွဲ့ခွဲကာ စားပွဲဝိုင်းဆွေးနွေးမှုများကို ဆောင်ရွက်ကြပြီး အဖွဲ့(၄)ဖွဲ့မှ ကိုယ်စားလှယ်များက သက်ဆိုင်ရာခေါင်းစဉ်အလိုက် Panel Discussion ပြုလုပ်ကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က အဖွဲ့(၄)ဖွဲ့၏ ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြပြီး ညွှန်ကြားရေးမှူး ဦးဇေယျာမျိုးအောင်က အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသော ရလဒ်များအပေါ် အကျဉ်းချုပ် ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက ခေါင်းစဉ် (၄) ခုအလိုက် အကောင်အထည်ဖော်ကြရာတွင် နိုင်ငံတကာစံနှုန်းများနှင့်ပါ ယှဉ်တွဲလေ့လာသုံးသပ်ကြပြီး လိုက်လျောညီထွေရှိသော အသေးစိတ်စီမံချက်များဖြင့် စနစ်တကျ အကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း၊ အသိအမှတ်ပြုလက်မှတ်များ ရရှိထားခြင်းသာမက အရည်အချင်း၊ အရည်အသွေးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်များဖြစ်ရန် လိုအပ်ပါကြောင်း၊ တာဝန်ပေးအကောင်အထည်ဖော်ကြရာတွင် လူမှန်နေရာမှန်ဖြစ်စေရေးအတွက် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဆွေးနွေးပွဲ၌ ပါဝင်ဆွေးနွေးကြသူများကို ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ထမ်းများအား ပုံသဏ္ဌာန်မျိုးစုံဖြင့် ခြိမ်းခြောက်ကာ လုပ်ငန်းများရပ်ဆိုင်းသွားအောင် လုပ်ဆောင်နေကြသည်ကို သတိပြု၊ မသမာသူ အဖျက်သမားများ၏ သွေးထိုးလှုံ့ဆော်မှုများကို နားမယောင်ရန်လိုအပ်၊ ပြည်သူများ နားမယောင်စေရန်လည်း သတင်းမှန်များဖြင့် အသိပေး

**တောင်ကြီး နိုဝင်ဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဦးအောင်မြင့်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးတို့နှင့်အတူ ဟိုပုံးမြို့ မဲနယ်တောင်ဒေသ ကျောက္ကချားကျေးရွာသို့ရောက်ရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးလုပ်ငန်းများ ပေါင်းစပ်ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



### လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ဟိုပုံးမြို့ မဲနယ်တောင်ဒေသကျောက္ကချားကျေးရွာရှိ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိသော နမ်းဟုတ် တိုင် ၁၀၀ ကျောင်းသို့ရောက်ရှိရာ ဆရာတော် ဦးမေဓိယက ရှေးဟောင်းကျောင်းတော်ကြီး၏ သမိုင်းကြောင်းနှင့် ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်နေမှုအခြေအနေများကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ၎င်းကျောင်းတော်ကြီးနှင့် ဆက်စပ်၍ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်မည့် အခြေအနေများနှင့် ဒေသစီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားလူမျိုးများ၏ ဘာသာ၊ စာပေ၊ သဘင်၊ ဂီတ အစရှိသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်ရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ထားပါကြောင်း၊ ယခု ရှေးဟောင်းကျောင်းတော်ကြီး ရေရှည်တည်တံ့ရေးနှင့် ထိန်းသိမ်းရေးအတွက် မီဒီယာနည်းလမ်းများဖြင့် ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ခရီးသွားဧည့်သည်များကို ဆွဲဆောင်၍ ဒေသထွက်ကုန်များ ရောင်းချနိုင်ရန် ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးပြီး ကျောက္ကချားရွာ၏ သဘာဝပတ်ဝန်းကျင် လှပမှုများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

ကျောက္ကချားကျေးရွာသည် ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသ ပင်လယ်ရေမျက်နှာပြင်အမြင့် ပေ ၅၇၂၀ တွင် တည်ရှိပြီး အိမ်ခြေ ၇၀၀ နှင့် လူဦးရေ ၃၅၀၀ ခန့်ရှိကာ ပအိုဝ်းတိုင်းရင်းသားများ နေထိုင်သော သာယာလှပသည့် ရွာကြီးတစ်ရွာဖြစ်သည်။ ၎င်းကျေးရွာရှိ နမ်းဟုတ် တိုင် ၁၀၀ ဘုန်းတော်ကြီးကျောင်းသည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်က ရှေးဟောင်းအနုပညာ လက်ရာများဖြင့် တည်ဆောက်ခဲ့သော ကျောင်းတော်ကြီး ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုပုံးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအား ကြည့်ရှုစစ်ဆေး၍ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးနှင့် ပြည်သူများအား မှန်ကန်သည့် သတင်း အချက်အလက်များကို စနစ်တကျ ဖြန့်ဝေပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးရန် မှာကြားသည်။

### သွားရောက်တွေ့ဆုံ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဝဏ္ဏကျော်ထင် ဦးအောင်ခမ်းထီအား သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးနှင့် လူမှုရေးအခြေအနေများကို မေးမြန်းဆောင်ရွက်ခဲ့သည်။

ညနေပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၊ ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး)မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများသည် ခေတ်အဆက်ဆက် နိုင်ငံတော်နှင့် နိုင်ငံတော်အစိုးရဘက်မှ ရပ်တည်၍ လုပ်ငန်းများဆောင်ရွက်ခဲ့ကြပါကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့ဝန်ထမ်းများသည် နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များဖြင့် စိတ်ဓာတ်ခံယူချက် ပြည့်ဝစွာ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခဲ့သည့် အစဉ်အလာများ ရှိခဲ့ပါကြောင်း၊ ယနေ့အချိန်တွင် ဝန်ထမ်းများအား ပုံသဏ္ဌာန်မျိုးစုံဖြင့် ခြိမ်းခြောက်ကာ လုပ်ငန်းများ ရပ်ဆိုင်းသွားအောင် လုပ်ဆောင်နေကြသည်ကို သတိပြုကြရမည်ဖြစ်ကြောင်း၊ မသမာသူ အဖျက်သမားများ၏ သွေးထိုးလှုံ့ဆော်မှုများကို နားမယောင်ရန် လိုအပ်သကဲ့သို့ ပြည်သူများ နားမယောင်စေရန်လည်း သတင်းမှန်များဖြင့် အသိပေးကြရမည် ဖြစ်ကြောင်း။

အထူးသဖြင့် မိမိတို့ဝန်ကြီးဌာန၏ တာဝန်ကြီး (၃) ရပ်ဖြစ်သည့် ပြန်ကြားပေးရန်၊ အသိပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ဆိုသည့် လုပ်ငန်းတာဝန်များကို အရည်အသွေးပြည့်ဝစွာ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယခင်က လုပ်ဆောင်ခဲ့သည့် လုပ်နည်းလုပ်ဟန်ဟောင်းများကို ခေတ်မီသစ်လွင်အောင် ကြိုးစားဆောင်ရွက်၍ ပြည်သူများ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို နိုင်ငံတော်အစိုးရနှင့် အတူတကွ ထမ်းဆောင်ကြရန် တိုက်တွန်းလိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက ပွင့်လင်းစွာ တင်ပြ၍ အတူတကွ ဖြေရှင်းကျော်လွှားကြရန်လိုကြောင်း ပြောကြားသည်။

### သတိပြုဆောင်ရွက်

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက စက်ကိရိယာများ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရေးနှင့် လုံခြုံရေး သတိပြုဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

---

## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး ကျင်းပ

**မကွေး နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၁)အစည်းအဝေးကို နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ၊တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကဏ္ဍစုံမှာ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးမှုများရရှိနိုင်ရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြွယ်ဝချမ်းသာရေးအတွက် နိုင်ငံတော်အတွင်း FDI နှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးပွားများပြားလာခြင်းမှာ အဓိက ဖြစ်ပါကြောင်း၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ၊ နည်းပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ တိုးပွားများပြားလာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသား ကုမ္ပဏီတစ်ခုတွင် နိုင်ငံခြားသားပါဝင်မှုကို ၃၅ ရာခိုင်နှုန်းအထိ ခွင့်ပြုပေးထားပါကြောင်း၊ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် တိုင်းဒေသကြီးအတွင်း လာရောက်ရင်းနှီးမြှုပ်နှံသည့် မတည်ငွေရင်း အမေရိကန်ဒေါ်လာ ငါးသန်း (သို့မဟုတ်) မြန်မာကျပ်ငွေ သန်းခြောက်ထောင်အထိရှိသော လုပ်ငန်းများကို စိစစ်ခွင့်ပြုပေးပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အတည်ပြုမိန့် (သို့မဟုတ်) ခွင့်ပြုမိန့်ရယူ၍ အခွန်ကင်းလွတ်ခွင့်ဆိုင်ရာ အခွင့်အလမ်းများကို လျှောက်ထားရယူနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတွင် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၏ ကုန်ကြမ်းအမျိုးအစားတိုးမြှင့်တင်သွင်းရန်နှင့် ထုတ်ကုန်အမျိုးအစား တိုးမြှင့်ထုတ်လုပ်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် ကော်မတီအဖွဲ့ဝင်များက ဆွေးနွေးခဲ့ကြသည်။ **မောင်ညီညာ**

---

## မဘိမ်းမြို့၌ ပန်းခင်းစီမံချက်အကြောင်း အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မဘိမ်း နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးတို့ ပူးပေါင်း၍ ပန်းခင်းစီမံချက်နှင့် ပတ်သက်၍ အသိပညာပေးနွေးပွဲ Talk Show ကို ယမန်နေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အသိပညာပေး ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းက အသိပညာပေး ဆွေးနွေးပွဲ Talk Show ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်သက်နိုင်က ပန်းခင်းစီမံချက်သည် နိုင်ငံတော်၏ စီမံချက်ဖြစ်သည်နှင့်အညီ မိမိတို့မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအလိုက် ပြည်သူလူထုအကျိုးအတွက် ဝန်ဆောင်မှုလုပ်ငန်း (၄) ရပ်နှင့်ညီ လက်တွေ့အကောင်အထည်ဖော်နေမှုများ၊ အိမ်ထောင်စုစာရင်း၊ လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်၊ ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေးနေမှုများ၊ အိမ်ထောင်စုစာရင်းမရှိသည့် ပြည်သူများအား အပိုင်းနှစ်ပိုင်ခွဲ၍ အိမ်ထောင်စုလူဦးရေစာရင်း တရားဝင် ထုတ်ပေးနေမှုများ၊ မဘိမ်းမြို့နယ်အနေဖြင့် ယနေ့အထိ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ထားရှိနိုင်မှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

**မျိုးမင်း (ပြန်/ဆက်)**

---

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ ဇလ**

# နိုင်ငံတော်အစိုးရ တာဝန်ယူမှု ကိုးလမြောက်၏ မှတ်တိုင်များ

ကနေခင်

*(ယမန်နေ့မှ အဆက်)*

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမိုင်းဝင် တော်လှန်ရေးပန်းခြံ၌ ပန်းခြံအတွင်း အများပြည်သူတို့ အပန်းဖြေ အနားယူနိုင်ရေးနှင့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နိုင်ရေး ပြင်ဆင်ထားရှိမှု၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)၊ မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်နှင့် အားကစားဇုန်နယ်မြေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

### သမိုင်းဝင်အဆောက်အဦအား စနစ်တကျပြုပြင်ထိန်းသိမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၃၁ ရက်က သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး ပြုပြင်မွမ်းမံနေရာသို့ရောက်ရှိပြီး လိုဏ်ဂူတော်ကြီးသည် ဘာသာရေးအရ အထွတ်အမြတ်ထားသည့်နေရာတစ်ခုဖြစ်သကဲ့သို့ သမိုင်းဝင်အဆောက်အဦဖြစ်သဖြင့် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းများကို စနစ်တကျ သုတေသနပြုလုပ် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့နောက် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များနှင့် တွေ့ဆုံပြီး အနုပညာမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ကြရန် ဆွေးနွေးပြောကြားသည်။ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများတွင် အချို့မှာစိတ်ခံစားမှုနှင့် လှုံ့ဆော်မှုများကြောင့် မှားယွင်းမှုများရှိခဲ့သော်လည်း ခွင့်လွှတ်ပေးပြီး အရေးယူထားသူများအား ပြန်လွှတ်ပေးခဲ့ကြောင်း၊ နိုင်ငံကောင်းစေရန်အတွက် အနုပညာရှင်များက ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားပြီး အနုပညာရပ်ဝန်းအသီးသီးအတွက် ရန်ပုံငွေကျပ် သိန်း ၄၀၀၀၊ ဆန်အိတ် ၁၀၀၊ ဆီပိဿာ ၅၀၀ နှင့် ပဲပိဿာ ၃၀၀ တို့ကို ပေးအပ်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တပ်မတော်အကြီးစားစက်ရုံ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆီသယ်ယာဉ်၊ ရေသယ်ယာဉ်၊ အမှိုက်သိမ်းယာဉ်၊ ဆေးဖျန်းယာဉ်နှင့် မီးသတ်ယာဉ်များသည် တပ်မတော်အတွက်သာမက မိမိတို့နိုင်ငံတွင် လိုအပ်လျက်ရှိသည့် မြို့ပြစည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်သဖြင့် အရည်အသွေးပြည့်မီပြီး အရေအတွက်များများ ထုတ်လုပ်နိုင်ရေး၊ မော်တော်ယာဉ်များ ထုတ်လုပ်ရာတွင် ယခုထက်ပိုမိုကောင်းမွန်ပြီး နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရေး ဆက်လက်သုတေသနပြုသွားရန် လိုကြောင်း မှာကြားသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အားကစားဇုန်နယ်မြေအတွင်းမှ မသန်စွမ်းအားကစားရုံနှင့် အမျိုးသားရေကူးကန်ကို အောက်တိုဘာ ၂၉ ရက်က ကြည့်ရှုစစ်ဆေးစဉ်။**

### ပြည်သူများထံသို့သတင်းစကားဖြန့်ဝေ

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာလ ၅ ရက်က ကျင်းပခဲ့ရာ နိုင်ငံတော်ဝန်ကြီးချုပ်က သဝဏ်လွှာပေးပို့ခဲ့သည်။ သဝဏ်လွှာအတွင်း ဆရာများနေ့သမိုင်းကြောင်း၊ ရည်ရွယ်ချက်နှင့် ခေတ်မီပြောင်းလဲလာသည့် ယနေ့ခေတ်တွင် ဆရာများ၏ တာဝန်ပိုမိုများပြားလာနေကြောင်းတို့ကို ထည့်သွင်းပြောကြားခဲ့သည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် သဝဏ်လွှာတစ်စောင်ကို အောက်တိုဘာလ ၁၅ ရက်က ပေးပို့ခဲ့သည်။ သဝဏ်လွှာအတွင်း မိမိတို့အစိုးရသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NCA စာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တွေ့ဆုံဆွေးနွေးရေးအတွက် အမြဲတံခါးဖွင့်ထားသည်ကို အတိအလင်းကြေညာပြီးသားဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ထို့အတူ ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့၌ မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ပြီး လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးဖြတ်သန်းမှုအခြေအနေ အရပ်ရပ်တို့အား ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါမိန့်ခွန်းအတွင်း "သဘာဝသယံဇာတများ ပေါကြွယ်ဝတဲ့ မိမိတို့နိုင်ငံအနေနဲ့ ငြိမ်းချမ်းရေး အမြန်ရရှိလေ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်လေ ဖြစ်မှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်အနေနဲ့ ထာဝရငြိမ်းချမ်းရေးကို အလေးအနက်ထား အကောင်အထည်ဖော်နေချိန်ဖြစ်လို့ ဒီနေ့အချိန်ကာလဟာ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရော၊ NCA လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရော တိုင်းပြည်အကျိုးစီးပွား၊ ပြည်သူပြည်သားများအားလုံးရဲ့ အကျိုးစီးပွားကို ရှေးရှုပြီး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းရန်အတွက် အကောင်းဆုံးအချိန်"ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ အောက်တိုဘာလ ၁၆ ရက်တွင် ကျရောက်သည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားသို့ သဝဏ်လွှာတစ်စောင်ကို ပေးပို့ရာတွင် "ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များသည် ကျွန်ုပ်တို့၏ အနာဂတ်၊ ပိုမိုကောင်းမွန်သော ထုတ်လုပ်မှု၊ အာဟာရ၊ သဘာဝပတ်ဝန်းကျင်နှင့်လူနေမှုဘဝ" ဟူသည့် ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆောင်ပုဒ်အတိုင်း မြန်မာနိုင်ငံသားအပေါင်းတို့၏ လူမှုစီးပွားဘဝများနှင့် သဘာဝပတ်ဝန်းကျင်ကောင်းမွန်သာယာလှပစေရေးအတွက် ဆောင်ရွက်လျက်ရှိနေကြောင်းကို သဝဏ်လွှာအတွင်း ထည့်သွင်းဖော်ပြထားသည်။

### လွတ်ငြိမ်းချမ်းသာခွင့်များနှင့်သီတင်းကျွတ်

အောက်တိုဘာလ ၁၈ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်သူလူထုသို့ သီတင်းကျွတ်အခါသမယမိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူနှင့် နိုင်ငံတော်အပေါ် ထိခိုက်မှုကျူးလွန်သူတွေကို ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စစ်မှန်သည့်ဒီမိုကရေစီဖော်ဆောင်နိုင်ရေးအတွက် လွတ်ငြိမ်းချမ်းသာခွင့်များကို ဆက်လက်ပေးအပ်သွားမှာဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ထို့ပြင် အာဆီယံနိုင်ငံများနှင့် ဆက်ဆံရေးအခြေအနေများကို ပြည်သူများသိရှိစေဖို့ နိုင်ငံတော်ဝန်ကြီးချုပ်က ထည့်သွင်းရှင်းလင်းပြောကြားရာ၌ မည်သို့ပင်ဖြစ်စေ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်မှာဖြစ်ကြောင်းနှင့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် အာဆီယံအပေါင်း အစည်းအဝေးများကို အာဆီယံရဲ့ အခြေခံမူများနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်မယ်လို့ ယူဆပါကြောင်း ပြောကြားခဲ့သည်။

အောက်တိုဘာလ ၂၄ ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် (၇၆)နှစ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ သဝဏ်လွှာပေးပို့ခဲ့ပြီး အဆိုပါသဝဏ်လွှာအတွင်း မြန်မာနိုင်ငံက ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်မှန်းချက်နှင့် မူဝါဒများကို အခိုင်အမာယုံကြည်ကြောင်းနှင့် လူသားများအတွက် တိုးတက်ရှင်သန်သည့် ကမ္ဘာကြီးတည်ဆောက်နိုင်စေဖို့ ကုလသမဂ္ဂ၏ အပြုသဘောဆောင် ကြိုးပမ်းအားထုတ်မှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့သည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အောက်တိုဘာလ ၁၃ ရက်က ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား အပြန်အလှန်ချိတ်ဆက်မှု အားကောင်းစွာဖြင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းယန္တရားစဉ်ဆက်မပြတ် လည်ပတ်နိုင်ပါက လူမှုစီးပွားဘဝဟန်ချက်ညီမည်ဖြစ်ကာ ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်မည်ဖြစ်သဖြင့် အတူပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

### နိုင်ငံတကာမျက်နှာစာ

အောက်တိုဘာလ ၄ ရက်က အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီအစည်းအဝေး၊ အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အစည်းအဝေးနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့ကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ခဲ့ပြီး အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံမှ ညှိနှိုင်းရေးမှူး

*စာမျက်နှာ ၇ သို့*

✳ **အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ချုပ်ဆိုခြင်း (၆)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် သဝဏ်လွှာတစ်စောင်ကို အောက်တိုဘာလ ၁၅ ရက်က ပေးပို့ခဲ့သည်။ သဝဏ်လွှာအတွင်း မိမိတို့အစိုးရသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NCA စာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တွေ့ဆုံဆွေးနွေးရေးအတွက် အမြဲတံခါးဖွင့်ထားသည်ကို အတိအလင်း ကြေညာပြီးသားဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ



*စာမျက်နှာ ၆ မှ*

တာဝန်ယူလျက်ရှိသည့် အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးပိုမိုခိုင်မာစေရေး၊ အာဆီယံ-တရုတ် နှစ် ၃၀ ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး ကျင်းပနိုင်ရေးတို့အပြင် အာဆီယံခေါင်းဆောင်များအစည်းအဝေး၏ တူညီဆန္ဒငါးချက် အကောင်အထည်ဖော်လျက်ရှိသည့်အခြေအနေနှင့် အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ နှစ်ဖက်ဆွေးနွေးညှိနှိုင်းသည့်အခြေအနေများကို ဆွေးနွေးခဲ့သည်။

အောက်တိုဘာလ ၁၂ ရက်က ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ် အဆင့်မြင့်အစည်းအဝေးကို အောက်တိုဘာလ ၁၁ ရက်နှင့် ၁၂ ရက်တွင် ဆားဘီးယားနိုင်ငံ၌ ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် ဂုဏ်ယူကြောင်းနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကြိုးပမ်းနေချိန်တွင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်များ၏ ထောက်ခံနားလည်မှု၊ အပြုသဘောပူးပေါင်းမှုတို့ကို ဆက်လက်ရရှိစေဖို့ မျှော်လင့်ပါကြောင်း အလေးထား၍ ထည့်သွင်းပြောကြားခဲ့သည်။

(၉)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေး၊ Indo-ASEAN Business Summit & Expo၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအုပ်စုဝန်ကြီးများ အစည်းအဝေး၊ ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲညီလာခံ အဖွဲ့ဝင်နိုင်ငံများ၏ (၁၅)ကြိမ်မြောက် ဝန်ကြီးများအဆင့် အစည်းအဝေး၊ ITU Digital World 2021 အစည်းအဝေး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် Russian Energy Week International Forum ၊ အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ သတ္တမအကြိမ် အာဆီယံနိုင်ငံများ မူးယစ်ဆေးဝါးဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေးများ၊ (၃၅)ကြိမ်မြောက် အာဆီယံအရင်းအနှီး ဈေးကွက်ဥက္ကဋ္ဌများအစည်းအဝေးစသည့် အာဆီယံ၊ ဒေသတွင်းမိတ်ဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ကဏ္ဍအလိုက် တာဝန်ရှိသူများက ယခုလအတွင်း တက်ရောက်၍ ဆွေးနွေးခဲ့သည်ကို မြင်တွေ့ရသည်။

အကြိမ် (၂၀)မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေး၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှကြီးမှူးကျင်းပသည့် The Future of Tourism World Summit ၊ (၁၁)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများ အစည်းအဝေး၊ (၄၃)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် (၂၁)ကြိမ်မြောက် အာဆီယံအပေါင်း(၃) လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေး၊ (၁၆)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကျင်းပစဉ် (၅)ကြိမ်မြောက် ပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးသောမြို့ကြီးများဆုကို မြန်မာနိုင်ငံမှ ညောင်ဦးမြို့ကို ရွေးချယ်ပေးအပ်ခြင်းခံရသည်မှာလည်း ဝမ်းမြောက်ဖွယ်သတင်းတစ်ရပ်ပင်ဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံက အလှည့်ကျ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၁) ကြိမ်မြောက် အာဆီယံ လေကြောင်းကြားဖြတ်စစ်ဆေးရေးအထူးအဖွဲ့အစည်းအဝေးကို အောက်တိုဘာလ ၂၈ ရက်က ကျင်းပခဲ့သည်။

### နိုင်ငံတကာဖိအားများ

နိုင်ငံခြားရေးဝန်ကြီးဌာနသည် အောက်တိုဘာလ ၉ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်ဝါဒတို့ကို လျစ်လျူရှုခြင်းမပြုကြရန်၊ တရားမဝင်အဖွဲ့အစည်းနှင့် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်ကြသည့် CRPH, NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ထိတွေ့ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ထောက်ခံအားပေးခြင်း၊ နိုင်ငံများ၌ ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ခွင့်ပြုခြင်းများမှာ နိုင်ငံတော်အစိုးရ၏ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် တည်ဆောက်ရေးကြိုးပမ်းမှုကို ထိခိုက်စေသည့်အပြင် အချုပ်အခြာအာဏာပိုင်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်ကြောင်း အလေးအနက် ထောက်ပြထားသည်။ အကြမ်းဖက်မှုများကို မြန်မာနိုင်ငံနှင့်အတူ လက်တွဲတိုက်ဖျက်သွားရန် နိုင်ငံခြားရေးဝန်ကြီးဌာနက မျှော်လင့်ကြောင်း သတင်းထုတ်ပြန်ထားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အောက်တိုဘာ ၁၈ ရက်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကြေညာပြီးနောက် အင်းစိန်အကျဉ်းထောင်မှ လွတ်မြောက်လာသူများအား YBS ယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးစဉ်။

အောက်တိုဘာလ ၁၄ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ လာရောက်မည့် ကိစ္စနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ရာတွင် မြန်မာနိုင်ငံမှ အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံခရီးစဉ်ဖြစ်မြောက်ရေးအတွက် လိုက်လျောမှုများကို ဆောင်ရွက်ပေးခဲ့သည့်အခြေအနေ၊ အချို့ကိစ္စရပ်များမှာ ဆောင်ရွက်ပေးရန် အခက်အခဲများနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများကြောင့် နားလည်ပေးရန် လိုအပ်သည့်အခြေအနေများနှင့် အာဆီယံပဋိညာဉ်နှင့် အာဆီယံစိတ်ဓာတ် တို့ကို အခြေခံပြီး ဘက်လိုက်မှု မရှိဆောင်ရွက်သည်ကို မြန်မာနိုင်ငံက ကြိုဆိုသည့်အခြေအနေတို့ကို ထည့်သွင်းဖော်ပြထားသည်ကို မြင်တွေ့ခဲ့ရသည်။

### အာဆီယံ၏ရည်ရွယ်ချက်နှင့်ဆန့်ကျင်နေသည့်အတွက် ကန့်ကွက်

နိုင်ငံခြားရေးဝန်ကြီးဌာနသည် အောက်တိုဘာလ ၁၆ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်ရာတွင် အထူးအစည်းအဝေး၌ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့ ဆွေးနွေးခဲ့သည့် အာဆီယံအစည်းအဝေးများ တက်ရောက်ရေးကိစ္စ အပါအဝင် ကိုယ်စားပြုမှုဆိုင်ရာကိစ္စများနှင့် တူညီဆန္ဒမရှိဘဲ ဆောင်ရွက်ခဲ့မှုများသည် အာဆီယံ၏ ပဋိညာဉ်စာတမ်းနှင့် အခြေခံမူများတွင် ပြဋ္ဌာန်းထားမှုမရှိခြင်း၊ အာဆီယံ၏ ရည်ရွယ်ချက်တို့နှင့် ဆန့်ကျင်ကြောင်း တွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လွန်စွာစိတ်ပျက်မိပြီး ပြင်းထန်စွာကန့်ကွက်ထားသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံအဖွဲ့အစည်း၏ စည်းလုံးညီညွတ်မှုနှင့် အချက်အချာကျမှုစသော ရေရှည်အကျိုးစီးပွားများကို ရည်မျှော်၍ အာဆီယံပဋိညာဉ်စာတမ်းပါ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားရန် တိုက်တွန်းထားသည့် သတင်းထုတ်ပြန်ချက်ကို အောက်တိုဘာလ ၂၂ ရက် ရက်စွဲဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ကုလသမဂ္ဂအဖွဲ့၏ ရည်ရွယ်ချက်၊ မူဝါဒများနှင့် ဆန့်ကျင်သည့် အစီရင်ခံစာနှင့် ဆွေးနွေးမှုများကို မြန်မာနိုင်ငံက လက်မခံပယ်ချသည့် သတင်းထုတ်ပြန်ချက် တစ်စောင်ကို အောက်တိုဘာလ ၂၄ ရက် ရက်စွဲဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ ထို့ပြင် အောက်တိုဘာလ ၂၅ ရက်က ထုတ်ပြန်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အတွင်း အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် အာဆီယံ ပဋိညာဉ်စာတမ်း၏ နောက်ဆက်တွဲသဘောတူညီချက်များနှင့်အညီသာ မြန်မာနိုင်ငံ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ပါရှိသည်။ ထို့အတူ အောက်တိုဘာလ ၂၆ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာနသည် အာဆီယံနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ သဘောထားကို သတင်းထုတ်ပြန်ခဲ့ရာတွင် အာဆီယံပဋိညာဉ်စာတမ်းပါ မူများ၊ အစဉ်အလာများနှင့်အညီ အဖွဲ့ဝင်နိုင်ငံတစ်ခု၏ ရရှိသင့်သည့် အခွင့်အရေးကို တောင်းဆိုခြင်းဖြစ်၍ ညှိနှိုင်းဆောင်ရွက်လိုသည့် သဘောထားကို ပြသခြင်းဖြစ်ကြောင်း ထည့်သွင်းထုတ်ပြန်ထားသည်။

### ငြိမ်းချမ်းရေးမှသည်

အောက်တိုဘာလ ၁၅ ရက်တွင် ကျရောက်သည့် NCA လက်မှတ်ရေးထိုးခြင်း (၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တွေ့ဆုံပွဲကို အောက်တိုဘာလ ၁၅ ရက်ကကျင်းပခဲ့ရာ ကော်မတီဝင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်ကို မြင်တွေ့ရသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များနှင့် ဆက်စပ်ပါဝင်သူ ၁၁၄ ဦးတို့အား ထိုနေ့တွင်ကျရောက်သည့် NCA လက်မှတ်ရေးထိုးခြင်း (၆)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ငြိမ်းချမ်းရေးကို ရှေးရှုကာ အမှုမှ ပိတ်သိမ်းပေးခဲ့သည်။

### ဥပဒေရေးရာ

ဥပဒေများပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်းများကို ခေတ်စနစ်နှင့်လျော်ညီမှုရှိစေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ယခုလအတွင်း အောက်တိုဘာလ ၆ ရက်က နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ထို့အတူ စက်တင်ဘာလ ၃၀ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၆)လ အမျိုးသားစီမံကိန်းဥပဒေ၊ ၂၀၂၁ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများကို အတည်ပြုထုတ်ပြန်ခဲ့ပြီး ယင်းဥပဒေများသည် အောက်တိုဘာလ ၁ ရက်တွင် စတင်အကျိုးသက်ရောက်သည်ကိုလည်း မြင်တွေ့ရပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများပါဝင်သည့် အထူးအယူခံရုံးသည် အောက်တိုဘာလ ၁၁ ရက်က တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ခြင်း၊ ရာဇဝတ် အထူးအယူခံမှု ခြောက်မှုကို ရုံးထိုင်ကြားနာခြင်းများအတွက် ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်တိုဘာလ ၁၈ ရက် ရက်စွဲဖြင့် ၂၀၁၈ ခုနှစ် မြန်မာသမိုင်းအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခဲ့ပြီး အောက်တိုဘာလ ၂၈ ရက်က တရားလွှတ်တော်ရှေ့နေများ ကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်တိုဘာလ ၁၁ ရက် ရက်စွဲဖြင့် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် စကားရပ်များ ပြောင်းလဲသတ်မှတ်သည့် ဥပဒေတို့ကို ပြဋ္ဌာန်းခဲ့သည်။ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးမှ အကျဉ်းသား/သူ ၁၃၁၆ ဦးတို့အား ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်၊ ဆူပူဆန္ဒပြမှုများနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းခံနေရသူ ၄၃၂၀ တို့၏ ကြားနာစစ်ဆေးဆဲပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်တိုဘာလ ၁၈ ရက်တွင် အမိန့်ချမှတ်ပေးခဲ့သည်။ ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် လူမှုကွန်ရက်အသုံးပြု၍ ဆန့်ကျင်လှုံ့ဆော်မှုများပြုလုပ်ခဲ့သဖြင့် အရေးယူထားသည့် အနုပညာရှင်များနှင့် လူမှုကွန်ရက်ပေါ်တွင် လူသိများသူများမှ အရေးယူခြင်းခံရသူများအနက် ၃၄ ဦးအား အမှုပိတ်သိမ်းပေးခဲ့သည်။ ယင်းသို့ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသည့်အပြင် ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် နိုင်ငံတော်တည်ဆောက်ရာတွင် ပါဝင်နိုင်စေရေး ရည်ရွယ်ဆောင်ရွက်ပေးခြင်းလည်း ဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရွေးကောက်ပွဲများအပေါ်မှ လှမ်းမျှော်၍ ဒီမိုကရေစီအနှစ်သာရ ရှာဖွေခြင်း

## လေ့လာသူတစ်ဦး

### နိဒါန်း

ရွေးကောက်ပွဲများသည် မူအားဖြင့် ဒီမိုကရေစီ၏ အခြေခံကျသော အပိုင်းကဏ္ဍတစ်ခုဖြစ်သည်။ ပြည်သူလူထုသည် ရွေးကောက်ပွဲများကြောင့်ပင် ၎င်းတို့၏ နိုင်ငံရေးအရ ရပိုင်ခွင့်များအား ကျင့်သုံးနိုင်ပြီး နိုင်ငံတော်အဆင့် အင်စတီကျူးရှင်းများ၌ ၎င်းတို့အား ကိုယ်စားပြုမည့် ကိုယ်စားလှယ်များကို ရွေးချယ်နိုင်ပေသည်။ ပြည်သူလူထုသည် ရွေးကောက်ပွဲတွင် ကောင်းနိုးရာရာ နိုင်ငံရေးပါတီများကို ရွေးချယ်မဲပေးခြင်းဖြင့် ယင်းတို့၏အနာဂတ်အတွက်လိုလားမျှော်မှန်းချက်များကိုရရှိရန် ရင်းနှီးမြှုပ်နှံမှုပြုကြသည်။ လူ့အဖွဲ့အစည်း၏ ရှုထောင့်မှကြည့်ပါက ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ ကိုယ်စားလှယ်များအား ခန့်အပ်ပိုင်ခွင့်ကိုသာမက ယင်းတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးလိုစိတ်မရှိသော သို့မဟုတ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော ကိုယ်စားလှယ်များအား ဖယ်ရှားဖြုတ်ချပိုင်ခွင့်ကိုပါ ရွေးကောက်ပွဲများက အပ်နှင်းထားသည်။ အမျိုးသားလုံခြုံရေး သို့မဟုတ် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စည်းစနစ်တကျရှိရေးကို ထိခိုက်လာနိုင်သည့် အခြေအနေများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့၏ ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်များအပေါ် အစိုးရ၏ ကန့်သတ်ချက်များကို သဘောတူ လက်ခံလိုက်နာမှုပြုကြရသည်။ ထို့ကြောင့်ပင် ပြည်သူလူထုသည် နိုင်ငံတော်၏အာဏာကို မည်သူကရယူပြီး မည်ကဲ့သို့ ကျင့်သုံးသွားမည်နည်း ဟူသည့်အပေါ် လွှမ်းမိုးနိုင်မည့် အခွင့်အလမ်းအား ရွေးကောက်ပွဲများမှ တစ်ဆင့် ဖမ်းဆုပ်ရယူကြရခြင်းဖြစ်သည်။

### ဒီမိုကရေစီဟူသည်

လက်တွေ့တွင်မူ ဒီမိုကရေစီဟူသည်မှာ စည်းနှောင်မှုရှိသော ဆုံးဖြတ်ချက်များ (binding decisions) အား စုပေါင်းချမှတ်နိုင်ရန်စီမံပေးသည့် နည်းလမ်းတစ်ခုဖြစ်သည်။ ဒီမိုကရေစီအား လက်တွေ့ကျင့်သုံးရာတွင် လိုအပ်သောမှတ်ကျောက်များကို နိုင်ငံများ၏ဖွဲ့စည်းပုံအခြေခံဥပဒေများက စံအဖြစ်သတ်မှတ်ပြဋ္ဌာန်းပေးသည်။ ဤဆောင်းပါးနှင့် သက်ဆိုင်သည့် ဒီမိုကရေစီဆိုင်ရာမှတ်ကျောက်စံနှုန်းအချို့မှာ (က) ဆုံးဖြတ်ချက်ချရာတွင် ပါဝင်သင့်သူများအားလုံးပါဝင်မှုရှိခြင်း၊ အထူးသဖြင့် အဆိုပါဆုံးဖြတ်ချက်ကြောင့် ထိခိုက်ခံစားရနိုင်သူများ ပါဝင်ခြင်း၊ (ခ) အများစုက ဆုံးဖြတ်ချက်ချမှတ်သော်လည်း လူနည်းစု၏ တရားဥပဒေကြောင်းနှင့် ညီညွတ်သည့် အခွင့်အရေးနှင့် အကျိုးစီးပွားများကို အကာအကွယ်ပေးခြင်း၊ (ဂ) တစ်ဦးချင်း၏ လွတ်လပ်ခွင့်က အခြားသူများ၏ လွတ်လပ်ခွင့်အား ထိခိုက်မှုမရှိခြင်း၊ (ဃ) သဘောထားကြီးမှုနှင့် အကြမ်းမဖက်ရေးသည် လူမှုဆက်ဆံရေးအားလုံး၏ အခြေခံဖြစ်ခြင်းနှင့် (င) နိုင်ငံရေးပါတီများသည် မတူကွဲပြားသော လူမှုအစုအဖွဲ့များ၏ အကျိုးစီးပွားများကို စုစည်းဖော်ထုတ်ပေးခြင်းနှင့် ကိုယ်စားပြုမှုရှိခြင်းတို့ဖြစ်သည်။

ဒီမိုကရေစီအား လက်တွေ့ကျင့်သုံးရာတွင် ကိုယ်စားပြုမှု တစ်ခုတည်းသာမဟုတ်ဘဲ ပါဝင်သင့်သူများ အားလုံးပါဝင်မှုရှိသော ဆုံးဖြတ်ချက်ချမှတ်ခြင်း/ မူဝါဒရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း၊ အကျိုးစီးပွားများနှင့် အင်စတီကျူးရှင်းများကို စီမံခန့်ခွဲခြင်း၊ အလျှော့အတင်း အပေးအယူပြုခြင်း၊ နိုင်ငံရေးအရင်းအနှီးကို ပျိုးထောင်အသုံးချခြင်းနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချိတ်ဆက်အပြောင်းအလဲများကို ပဲ့ကိုင်ခြင်းတို့ အပါအဝင် အချို့သော အခန်းကဏ္ဍများ၌ သိမ်မွေ့မှုနှင့် ကျွမ်းကျင်လိမ္မာမှုတို့ လိုအပ်သည်ကို ဤမှတ်ကျောက်စံနှုန်းများက ဖော်ပြနေသည်။ သို့သော် လူများစု၏ဆန္ဒကို လိုက်လျောမှုသည်ပင် ဒီမိုကရေစီဟု အလွယ်တကူရှုမြင်မိပါက အများကြိုက်လိုက်သည့်ဝါဒ၊ အများစုမှ အပ်နှင်းသည့် လုပ်ပိုင်ခွင့်နှင့် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုတို့ကို ဒီမိုကရေစီနှင့် အတူတူပင်ဖြစ်သည်ဟု လွဲမှားယူဆမိနိုင်ပါသည်။ အပျံသင်စဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသည်မှာ ထိုသို့သော အခြေအနေမျိုးပင် ဖြစ်သည်။

> ■ **ဒီမိုကရေစီအား လက်တွေ့ကျင့်သုံးရာတွင် ကိုယ်စားပြုမှု တစ်ခုတည်းသာမဟုတ်ဘဲ ပါဝင်သင့်သူများ အားလုံးပါဝင်မှုရှိသော ဆုံးဖြတ်ချက်ချမှတ်ခြင်း / မူဝါဒရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း၊ အကျိုးစီးပွားများနှင့် အင်စတီကျူးရှင်းများကို စီမံခန့်ခွဲခြင်း၊ အလျှော့အတင်း အပေးအယူပြုခြင်း၊ နိုင်ငံရေးအရင်းအနှီးကို ပျိုးထောင်အသုံးချခြင်းနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် ယင်းတို့နှင့်ဆက်စပ်နေသည့် ချိတ်ဆက်အပြောင်းအလဲများကို ပဲ့ကိုင်ခြင်းတို့ အပါအဝင် အချို့သော အခန်းကဏ္ဍများ၌ သိမ်မွေ့မှုနှင့် ကျွမ်းကျင်လိမ္မာမှုတို့ လိုအပ်သည်ကို ဤမှတ်ကျောက်စံနှုန်းများက ဖော်ပြနေသည်။ သို့သော် လူများစု၏ဆန္ဒကို လိုက်လျောမှုသည်ပင် ဒီမိုကရေစီဟု အလွယ်တကူရှုမြင်မိပါက အများကြိုက်လိုက်သည့်ဝါဒ၊ အများစုမှ အပ်နှင်းသည့် လုပ်ပိုင်ခွင့်နှင့် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုတို့ကို ဒီမိုကရေစီနှင့် အတူတူပင်ဖြစ်သည်ဟု လွဲမှားယူဆမိနိုင်ပါသည်။ အပျံသင်စဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသည်မှာ ထိုသို့သော အခြေအနေမျိုးပင်ဖြစ်သည်**

မြန်မာနိုင်ငံသည် အာရှတိုက်နှင့် အိန္ဒိယသမုဒ္ဒရာအကြား ဆုံချက်တွင် ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးအရ အချက်အချာကျစွာ တည်ရှိနေသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည် တစ်ဖက်တွင် ပြည်တွင်းနှင့် အနောက်နိုင်ငံများထံမှ ဖိအားများစွာကို ရင်ဆိုင်၍ အခြားတစ်ဖက်တွင် ပြည်ထောင်စုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အမျိုးသားရေးတာဝန်များအဖြစ် တန်ဖိုးထား ပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကာ နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေးအင်အားများကို တစ်ဆင့်ချင်း တည်ဆောက်ခဲ့ရသည့် စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသော အချိန်ကာလများကို ကျော်ဖြတ်ခဲ့ရသည်။ ဤသို့ဖြင့် ၂၀၁၁ ခုနှစ်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ပြန်လည်စတင်နိုင်ခဲ့သည်။

### မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှု

အတိတ်ကာလက ကိုလိုနီအုပ်ချုပ်ရေးမှ အချုပ်အခြာအာဏာပိုင် ဒီမိုကရေစီ အမျိုးသားအစိုးရ တစ်ရပ်အဖြစ်သို့ ကူးပြောင်းခဲ့သည့် ကာလတစ်လျှောက်တွင် နိုင်ငံဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အကျပ်အတည်းများစွာနှင့် တွေ့ကြုံခဲ့ရသည်။ ကိုလိုနီခေတ် အင်စတီကျူးရှင်းများသည် အကျိုးကျေးဇူးအချို့နှင့် အဆင့်မြင့်မားမှုအချို့ကို ပေးစွမ်းနိုင်သည်မှန်သော်လည်း မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် လူမှုရေးဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုတို့အတွက် ဆိုးမွေများလည်း စိမ့်ဝင်ထင်ကျန်စေခဲ့သည်။ ယင်းဆိုးမွေများအနက် အထင်ရှားဆုံးမှာ မြန်မာနိုင်ငံ၏ မတူကွဲပြားသော လူမျိုးစုများအကြား သွေးခွဲတွယ်ကပ်တည်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုပါ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အဟန့်အတားများကြောင့်ပင် မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ် သို့မဟုတ် ဒီမိုကရေစီစနစ်ကျင့်သုံးမှုဖြစ်စဉ်၏ အဆင့်တိုင်း၊ ခြေလှမ်းတိုင်းတွင် ပြည်တွင်း၊ ပြည်ပမှ အမြတ်ထုတ်အသုံးချမှုများ မရှိစေရန် သတိကြီးစွာထား၍ ဆောင်ရွက်ရလျက်ရှိသည်။

### လေ့လာဆန်းစစ်သွားမည်

ဤအခန်းဆက် ဆောင်းပါးများ၌ မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ်နှင့် ဆက်စပ်၍ ပြီးခဲ့သည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) အစိုးရ၏ ဒီမိုကရေစီနှင့် ကွဲလွဲသွေဖည်နေသော ဆောင်ရွက်ချက်အချို့ကို ဖော်ပြသွားမည်ဖြစ်သည်။ ထို့နောက် NLD ပါတီနှင့် တရားမဝင်အဖွဲ့အစည်းနှင့် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH)နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့၏ လုပ်ဆောင်ချက်များကို ယင်းရှုထောင့်မှပင် လေ့လာဆန်းစစ်သွားမည်ဖြစ်ပါသည်။

### အပိုင်း (၁)

### ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ပါဝင်သင့်သူများအားလုံး ပါဝင်ကိုယ်စားပြုမှုမူနှင့် အခြေခံချို့ယွင်းချက်

NLD ပါတီ၏ ဒီမိုကရေစီနှင့် ကွဲလွဲသွေဖည်နေသော ဆောင်ရွက်ချက်များကို ပြန်လှန်သုံးသပ်ပါက ရွေးကောက်ပွဲနည်းဥပဒေများအား ပြင်ဆင်ခြင်းမှ စတင်ရမည်ဖြစ်သည်။ NLD အစိုးရ လက်ထက် ရွေးကောက်ပွဲကော်မရှင်သည် ပြည်တွင်းယာယီနေရပ်ရွှေ့ပြောင်းလုပ်သားများအနေဖြင့် ၎င်းတို့ရောက်ရှိနေထိုင်ရာဒေသမှကိုယ်စားလှယ်လောင်းအား မဲပေးနိုင်ရန် ခွင့်ပြုထားသည့် ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေပါ နေထိုင်မှုသက်တမ်း သတ်မှတ်ချက်အား ရက်ပေါင်း ၁၈၀ မှ ၉၀ အဖြစ်သို့ လျှော့ချပြင်ဆင်ရန် အဆိုပြုခဲ့သည်။ ယင်းအဆိုပြုချက်အပေါ် တိုင်းရင်းသားနိုင်ငံရေးပါတီ ၁၅ ဖွဲ့ခန့် ပါဝင်ဖွဲ့စည်းထားသည့် စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA) ပါတီ အပါအဝင် နိုင်ငံရေးပါတီ ၁၄ ခုတို့က ကန့်ကွက်ခဲ့ကြသည်။ သို့သော်လည်း NLD ပါတီမှ အများစုနေရာရရှိထားသည့် ပြည်ထောင်စုလွှတ်တော်သည် ယင်းအဆိုပြုချက်ကို အတည်ပြုပေးခဲ့သည်။ NLD ပါတီ၏ အဆိုပါလုပ်ဆောင်ချက်ကို သာမန်ရှုမြင်မည်ဆိုပါက မဲဆန္ဒနယ် ပြင်ပရောက် နိုင်ငံသားများ မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်ချက်တစ်ခုအဖြစ် ယူဆရမည်ဖြစ်သည်။ သို့ရာတွင် ယင်းလုပ်ဆောင်ချက်ကြောင့် တိုင်းရင်းသားပါတီများက ၎င်းတို့၏ မဲဆန္ဒနယ်များ၌ ၎င်းတို့ရရှိရမည့် ဆန္ဒမဲများ အချိုးအစားအရ ဆုံးရှုံးနစ်နာစေခဲ့ရသည်ဟု ယူဆကြသည်။ NLD ပါတီ၏ တစ်နိုင်ငံလုံး သောင်ပြိုကမ်းပြို မဲအပြတ်အသတ်အနိုင်ရပြီး လွှတ်တော်အတွင်း အခြေခံဥပဒေအား ပြင်ဆင်နိုင်မည့် လုပ်ပိုင်ခွင့်ရရှိရန်၊ တပ်မတော်အား အရပ်ဘက်ထိန်းချုပ်မှုအောက်သို့ ထည့်သွင်းနိုင်ရန်နှင့် ဒီမိုကရေစီကို ခိုင်မာအားကောင်းစေရန်ဟူသော ဆန္ဒနှင့်အတူ NLD ပါတီ ဦးဆောင်စိုးမိုးသော လွှတ်တော်ပေါ်ထွန်းရေးကို ရှေးရှုဦးတည်ပြီး အားလုံးပါဝင်ကိုယ်စားပြုရေးဟူသောမူအား လျစ်လျူရှုမိစေခဲ့ပုံရသည်။

### ညွန့်ပေါင်းအစိုးရ

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ နီးကပ်လာသည်နှင့်အမျှ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူတို့ကလည်း အမျိုးမျိုးသော မှန်းဆမှုများပြုခဲ့ကြသည်။ အဆိုပါ ခန့်မှန်းမှုများအနက် တစ်ခုမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(USDP)နှင့် တိုင်းရင်းသားပါတီအချို့ရရှိသော ဆန္ဒမဲများကို ပေါင်းစပ်လိုက်ပါက ပြည်ထောင်စုလွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၂၅ ရာခိုင်နှုန်းနှင့်အထက် ရရှိနိုင်ပြီး ယင်းပမာဏကို တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းနှင့် ထပ်ပေါင်းလိုက်မည်ဆိုလျှင် ညွန့်ပေါင်းအစိုးရတစ်ရပ် ထွက်ပေါ်လာနိုင်သည်ဟူသော အယူအဆဖြစ်သည်။ ထို ၂၅⁺ + ၂၅ ဟူသော အခြေအနေသည် NLD အနေဖြင့် အတတ်နိုင်ဆုံးရှောင်ကြဉ်လိုသော ဖြစ်နိုင်ခြေ အခင်းအကျင်းတစ်ခု ဖြစ်ခဲ့သည်။

NLD အစိုးရသည် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၆ ရက်နေ့ကစတင်၍ ကိုဗစ်-၁၉ ကပ်ရောဂါကို သဘာဝဘေးအန္တရာယ်တစ်ခုအဖြစ် ကြေညာခဲ့သည်။ Carter Center ၏ ရွေးကောက်ပွဲဆိုင်ရာ အစီရင်ခံစာအရ သဘာဝဘေးအန္တရာယ်သည် လုံခြုံစိတ်ချရမှုမရှိသည့် အခြေအနေများနှင့်ပေါင်းစပ်၍ သတ်မှတ် မဲဆန္ဒနယ်များတွင် ရွေးကောက်ပွဲများကို ဥပဒေအရ တရားဝင်ရွှေ့ဆိုင်းမှုပြုနိုင်သည့် အကြောင်းအချက်တစ်ခုဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၅ ရက်တွင် မြန်မာနိုင်ငံ၏ တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ ၉၂ ခုအနက်

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ဒုတိယအများဆုံး အနိုင်ရရှိခဲ့သော USDP ပါတီနှင့် ၎င်း၏ မဟာမိတ်များအပါအဝင် နိုင်ငံရေးပါတီ ၂၄ ခုက နိုဝင်ဘာလ ၈ ရက်နေ့အား ရွေးကောက်ပွဲကျင်းပမည့်ရက်အဖြစ် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တောင်းဆိုခဲ့သည်။ ပြည်သူ့ရှေ့ဆောင်ပါတီ (PPP) က ရွေးကောက်ပွဲကျင်းပမည့်ရက်အား ပြန်လည်သုံးသပ်ရန်နှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) က ရွေးကောက်ပွဲအား ရွှေ့ဆိုင်းရန် တောင်းဆိုခဲ့ကြသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် တတိယအများဆုံး အနိုင်ရရှိခဲ့သော ရခိုင်အမျိုးသားပါတီ (ANP) ကလည်း လက်ရှိအခြေအနေတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွတ်လပ်ပြီး မျှတသော ရွေးကောက်ပွဲကျင်းပရန်မှာ လက်တွေ့မကျသဖြင့် အလေးအနက်ထား စဉ်းစားရန် အကြံပြုခဲ့သည်။ အခြားတစ်ဖက်တွင်မူ နိုင်ငံရေးပါတီအချို့က နိုင်ငံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကျပ်အတည်းများနှင့် စပ်လျဉ်း၍ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ရွေးကောက်ပွဲအား ရွှေ့ဆိုင်းပါက ယာယီသာ ဖြစ်သင့်သည်ဟုလည်း အကြံပြုခဲ့ကြသည်။

**ရွေးကောက်ပွဲကျင်းပခြင်း မပြုရန် ကြေညာ**

ထိုစဉ်က ကိုဗစ်-၁၉ ကပ်ရောဂါ လှိုင်းလုံး ဒုတိယအကြိမ် ရိုက်ခတ်ခဲ့ပြီး ရောဂါကူးစက်မှုနှုန်း အရှိန်တက်နေခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၀ ရက်တွင် တစ်နိုင်ငံလုံး ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်သူ ၃၈၅၀၂ ဦး ရှိပြီး သေဆုံးသူ ၉၄၅ ဦးအထိ ရှိခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ရန်ကုန်တိုင်းဒေသကြီးက ကူးစက်မှုနှင့် သေဆုံးမှု အမြင့်မားဆုံးဖြစ်သည်။ အောက်တိုဘာလ ၁၉ ရက် တစ်ရက်တည်းမှာပင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးတွေ့ရှိသူ ၁၁၇၁ ဦးအနက် ရန်ကုန်တိုင်းဒေသကြီးတွင် ရောဂါပိုးတွေ့ရှိသူ ၇၇၃ ဦး ရှိခဲ့ပြီး ရောဂါပိုးကူးစက်မှု၏ ၆၆ ရာခိုင်နှုန်း ရှိနေခဲ့သည်။ ထိုအချိန်က ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ပေါင်း ၄၄ မြို့နယ် အနေဖြင့် နေအိမ်၌သာ နေထိုင်ကြရန် (stay-at-home) အမိန့်ထုတ်ပြန်ထားသည်။ မန္တလေးတိုင်းဒေသကြီး၏ အချို့နေရာများ၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီးနှင့် အချို့ဒေသများတွင်လည်း (stay-at-home) အမိန့်ထုတ်ပြန်ထားခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်၏ အချက်အလက်များအရ ပဲခူးတိုင်းဒေသကြီး၏ မြို့နယ် ၂ မြို့နယ်မှ ကျေးရွာအုပ်စု ၄၂ ခု၊ ကရင်ပြည်နယ်၏ မြို့နယ် ၆ မြို့နယ်မှ ကျေးရွာအုပ်စု ၅၃ ခု၊ မွန်ပြည်နယ်၏ မြို့နယ် ၁ မြို့နယ်မှ ကျေးရွာအုပ်စု ၁ ခု၊ ရခိုင်ပြည်နယ်၏ မြို့နယ် ၉ မြို့နယ်နှင့် မြို့နယ် ၄ မြို့နယ်မှ ကျေးရွာအုပ်စု ၁၂၃ ခုနှင့် ရပ်ကွက် ၁၆ ခု၊ ရှမ်းပြည်နယ်၏ မြို့နယ် ၆ မြို့နယ်နှင့် မြို့နယ် ၁၇ မြို့နယ်မှ ရပ်ကွက် ၇ ခုနှင့် ကျေးရွာအုပ်စု ၁၂၅ ခု၊ ကချင်ပြည်နယ်၏ မြို့နယ် ၁၁ မြို့နယ်မှ ကျေးရွာအုပ်စု ၁၈၂ ခုနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ ကျေးရွာအုပ်စု ၉၄ ခုတို့တွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်သည့် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲ ကျင်းပခြင်းမပြုရန် ကြေညာခဲ့ကြောင်း သိရှိရသည်။ ယခင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးမြင့်နိုင်က ရွေးကောက်ပွဲရွှေ့ဆိုင်းခြင်းနှင့် စပ်လျဉ်းပြီး ကော်မရှင်အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာများ၏ ကိုဗစ်-၁၉ နှင့် မြေပြင်လုံခြုံရေးဆိုင်ရာ အကြံပြုချက်များကို အခြေခံ၍ ထိုသို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ သို့ရာတွင် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းကမူ ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပခြင်းမှ ချန်လှပ်ခဲ့သည့် ဒေသများအနက် အချို့သည် တပ်မတော်က အဆိုပြုခဲ့သည့် ဒေသများနှင့် ကွဲလွဲလျက်ရှိသည်ဟု ပြောကြားခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုမြင့်တက်လျက်ရှိသော်လည်း ရွေးကောက်ပွဲကို ရွှေ့ဆိုင်းရန် လိုလားမှုမရှိသော ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် စောဒကများစွာ ဖြစ်ပေါ်နေလင့်ကစား ရွေးကောက်ပွဲကို ချန်လှပ်ခဲ့သော ဒေသများမှလွဲ၍ မြန်မာနိုင်ငံ၏ အခြားသောဒေသများတွင် သတ်မှတ်ထားသည့်ရက်၌ပင် ကိုဗစ်-၁၉ ကျန်းမာရေးစည်းကမ်းများနှင့်အညီ ကျင်းပခဲ့သည်။

**အလေးအနက် မေးခွန်းထုတ်စရာဖြစ်**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် အာဏာရပါတီ NLD ကို ဘက်လိုက်မှုပြုခဲ့သည်ဟု တိုင်းရင်းသားနိုင်ငံရေးပါတီများက စွပ်စွဲခဲ့ကြသည်။ ရွေးကောက်ပွဲကော်မရှင်၏ တိုင်းရင်းသားဒေသများတွင် ရွေးကောက်ပွဲရွှေ့ဆိုင်းရန် ဆုံးဖြတ်ချက်ကြောင့် ထိုသို့စွပ်စွဲခံရသည်မှာ အံ့သြစရာမဟုတ်ပေ။ မကြာသေးမီက မှတ်တမ်းများအရ ရန်ကုန်တိုင်းဒေသကြီး၏ ရောဂါကူးစက်မှုနှုန်းသည် တစ်နိုင်ငံလုံး ကူးစက်မှု၏ ၆၆ ရာခိုင်နှုန်းအထိ ရှိခဲ့သော်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း မည်သည့်မြို့နယ်ကိုမှ ရွေးကောက်ပွဲရွှေ့ဆိုင်းသည့် စာရင်းတွင် ထည့်သွင်းခဲ့ခြင်းမရှိပေ။ ရွေးကောက်ပွဲကော်မရှင်သည် ရန်ကုန်တိုင်းဒေသကြီး၏ မြို့နယ်တိုင်း၌မူ ရွေးကောက်ပွဲကို သတ်မှတ်ထားသည့်ရက်တွင် ကျင်းပခဲ့သော်လည်း မြန်မာနိုင်ငံ၏ မဲပေးပိုင်ခွင့်ရှိသူ ၃၈ သန်းအနက် ရခိုင်နှင့် ရှမ်းစသည့် တိုင်းရင်းသားပါတီများသာ အနိုင်ရရှိရန် အလားအလာကောင်းသည့် ပြည်နယ် မဲဆန္ဒနယ်များမှ လူဦးရေ ၁ ဒသမ ၅ သန်း၏ ဆန္ဒမဲပေးမှုအား ရွှေ့ဆိုင်းခြင်းဖြင့် USDP ပါတီနှင့် တိုင်းရင်းသားပါတီများ၏ ၂၅[+] + ၂၅ ဖြစ်နိုင်ခြေ အခင်းအကျင်းကို သာသာနှင့်နာနာ ဖယ်ရှားပစ်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲအား အဆိုပြုနိုင်ခွင့်နှင့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းနိုင်မည့် ၎င်းတို့၏ အခွင့်အရေးကိုလည်း ထိခိုက်ပျက်စီးစေခဲ့သည်။ ရွေးကောက်ပွဲရွှေ့ဆိုင်းခံရသော မဲဆန္ဒနယ်များအနေဖြင့်ကြားဖြတ်ရွေးကောက်ပွဲများမှတစ်ဆင့် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးများ၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးတို့တွင် ပါဝင်နိုင်သော်လည်း ထိုအချိန်တွင် ၎င်းတို့၏ ကိုယ်စားလှယ်များအနေဖြင့် သမ္မတရွေးချယ်ရေးနှင့် အစိုးရဖွဲ့ရေးတွင် ပါဝင်နိုင်ရန် အခွင့်အရေးကို လက်လွတ်ဆုံးရှုံးခဲ့ပြီးဖြစ်နေမည့် အနေအထားဖြစ်သည်။ NLD ပါတီနှင့် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကို ဥပဒေဘောင်အတိုင်း ထိန်းချုပ်ဆောင်ရွက်ခဲ့သည်ဟုဆိုလျှင်ပင် အဆိုပါ ရွေးကောက်ပွဲ၏ ရလဒ်များက ပါဝင်သင့်သူများအားလုံး ပါဝင်ကိုယ်စားပြုမှုမှုနှင့် ကိုက်ညီမှု ရှိ/မရှိ အပေါ် အလေးအနက် မေးခွန်းထုတ်စရာ ဖြစ်စေခဲ့သည်။

> “ခြုံ၍သုံးသပ်ရပါက ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ အနှစ်သာရကို အားကောင်းခိုင်မာအောင် ဖြည့်ဆည်းဖော်ဆောင်ပေးသည့် လက်နက်ကိရိယာများအဖြစ် ပါဝင်ထမ်းဆောင်ရမည်ဖြစ်သော်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာမူ ပြည်သူလူထု၏ လိုအင်ဆန္ဒများကို မှန်ကန်တရားမျှတစွာ ဖော်ထုတ်ပေးရေးထက် တစ်ပါတီ၊ လူတစ်စုတစ်ဖွဲ့က နိုင်ငံရေးအာဏာကို လက်ဝါးကြီးအုပ်ရယူနိုင်ရေးအတွက် ဖြစ်နိုင်သမျှ နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်သွားခဲ့သော အမှားသရုပ်ပြလုပ်ရပ်တစ်ခု ဖြစ်သွားခဲ့ရပေသည်”

**ညီတူညီမျှ အခွင့်အရေးမရှိ**

ရွေးကောက်ပွဲ၏အခြားသော အခင်းအကျင်းများကလည်း ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူအားလုံးအတွက် တရားမျှတမှုနှင့်စပ်လျဉ်းပြီး မေးခွန်းထုတ်စရာဖြစ်ခဲ့သည်။ NLD ပါတီက ခန့်အပ်ခဲ့သော ရွေးကောက်ပွဲကော်မရှင်သည် ယခင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ဦးဆောင်သော ရွေးကောက်ပွဲကော်မရှင် (၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်မှ ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်)နှင့် နှိုင်းယှဉ်ပါက နိုင်ငံရေးပါတီများ၊ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာများအပါအဝင် ရွေးကောက်ပွဲနှင့်သက်ဆိုင်သူများ (stakeholders)နှင့် ထိတွေ့ဆက်ဆံမှု နည်းပါးလှသည်ဟု ဝေဖန်ခံခဲ့ရသည်။ ထိုသို့ ထိတွေ့ဆက်ဆံမှု နည်းပါးလှသဖြင့် stakeholders များအနေဖြင့် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို အလုံအလောက် ဖော်ထုတ်ဆွေးနွေးမှုမပြုနိုင်ခဲ့သကဲ့သို့ အကြံဉာဏ်နှင့် ပါဝင်ကူညီမှုလည်း မပြုနိုင်ခဲ့ကြချေ။ ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံအသုံးပြုမှုအား ပိတ်ပင်ရန်ဟူသော ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးပါတီများ လိုက်နာရမည့် ကျင့်ဝတ်ကို ပြင်ဆင်ရန် အဆိုပြုမှုများ ရှိခဲ့သော်လည်း ဦးလှသိန်း ဦးဆောင်သော ရွေးကောက်ပွဲကော်မရှင်က ငြင်းဆန်ခဲ့သည်။ ယင်းသည် ဗိုလ်ချုပ်အောင်ဆန်းအား နိုင်ငံ၏ လွတ်လပ်ရေးသူရဲကောင်းအဖြစ်မှ ပါတီသူရဲကောင်းအဖြစ်သို့ ရောက်ရှိသွားစေပြီး ကိုယ်စားပြုမှုကိုလည်း ထိခိုက်စေခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံပိုင်မီဒီယာ၌ ရွေးကောက်ပွဲမဲဆွယ်မိန့်ခွန်းများ ထုတ်လွှင့်ရာတွင်လည်း ကော်မရှင်အနေဖြင့် သင့်လျော်မှုမရှိဟု ယူဆသည့် ပြောကြားချက်များကို ဆင်ဆာဖြတ်တောက်ခဲ့သည်။ ဥပမာအားဖြင့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီက NLD ပါတီအနေဖြင့် လွှတ်တော်အတွင်း နေရာအများစုရရှိထားခြင်းကို တစ်ပါတီစနစ်အဖြစ် ခေါ်ဆိုခဲ့ပြီး “နိုင်သူအကုန်ယူ” စနစ်အစား “အချိုးကျကိုယ်စားပြုစနစ်” သို့ ပြောင်းလဲရန် တိုက်တွန်းပြောကြားချက်ကို ဆင်ဆာဖြတ်တောက်ခဲ့ခြင်းဖြစ်သည်။ NLD အစိုးရသည် နိုင်ငံပိုင်မီဒီယာကို ၎င်းတို့ပါတီ၏ မူဝါဒနှင့် အောင်မြင်မှုများအား ထုတ်လွှင့်ရာနေရာအဖြစ် ဆက်တိုက်အသုံးချခဲ့သည်။ NLD ပါတီအနေဖြင့် ယင်းတို့နှင့် မတူကွဲပြားသည့် အမြင်များကို သဘောထားကြီးသည်းခံလိုခြင်း မရှိသည်ကို ၅ နှစ်လျှင် တစ်ကြိမ်သာ ထုတ်လွှင့်သည့် မဲဆွယ်စည်းရုံးမှု မိန့်ခွန်းတိုအား ဆင်ဆာဖြတ်တောက်သည့် ရွေးကောက်ပွဲကော်မရှင်၏လုပ်ရပ်က ပြသနေသည်။ သို့ဖြစ်ရာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ NLD ပါတီနှင့် အခြားနိုင်ငံရေးပါတီများအကြား ညီတူညီမျှ အခွင့်အရေးမရှိခဲ့သည်ကို ထိုလုပ်ဆောင်ချက်များက ပြသနေသည်။

ရွေးကောက်ပွဲကော်မရှင်၏ အမှားအယွင်းများတတ်သည့် အနေအထားမှာလည်း သိသာထင်ရှားခဲ့သည်။ Frontier Myanmar သတင်းဌာန၏ ရေးသားချက်အရ ရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌လည်း ကြီးမားသည့် မဲစာရင်းမှားယွင်းမှု ရှိခဲ့ကြောင်း သိရှိရသည်။ ယင်းက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် အဓိက စိုးရိမ်စရာ အချက်တစ်ချက် ဖြစ်ခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၏ ပြောကြားချက်အရ မဲစာရင်းစစ်ခဲ့သူ ၆ ဒသမ ၆ သန်းရှိသည့်အနက် ၂၀၀၀၀၀ ဦးက မဲစာရင်းအမှားအား ပြင်ဆင်ရန် ကြိုးပမ်းခဲ့ပြီး ၆၅၀၀၀ ဦးက မဲစာရင်းပေါ်မှ ၎င်းတို့၏အမည်များနှင့် စပ်လျဉ်းပြီး စောဒကတက်ခဲ့သည်ဟု သိရသည်။ ရွေးကောက်ပွဲအပြီးတွင် မူမမှန်မှုများနှင့် စပ်လျဉ်းသော သတင်းများပေါ်ထွက်လာခဲ့ပြီး နိုင်ငံရေးပါတီအချို့က ရွေးကောက်ပွဲကော်မရှင်ထံ ကန့်ကွက်စာပေးပို့ခဲ့ကြသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ခန့်အပ်ထားသော ရွေးကောက်ပွဲကော်မရှင်သစ်အနေဖြင့် မြို့နယ်ပေါင်း ၃၁၅ မြို့နယ်မှ မဲဆန္ဒရှင်စာရင်းများကို စစ်ဆေးသည့်အခါ မဲစာရင်း မူမမှန်မှုပေါင်း ၁၁၃၀၅၃၉၀ ခု ရှိသည်ကိုလည်းကောင်း၊ လူဦးရေ ၄၈၆၉၄၂၇ ဦးသည် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးခဲ့သည်ကိုလည်းကောင်း တွေ့ရှိခဲ့ရသည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၏ အဆိုပါချို့ယွင်းချက်သည် တမင်ကြံစည်ဆောင်ရွက်ခြင်းဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဒီမိုကရေစီအတွက် အခြေခံကျသည့် ချို့ယွင်းချက်တစ်ရပ်ပင်ဖြစ်သည်။

**အမှားသရုပ်ပြလုပ်ရပ်တစ်ခု**

ခြုံ၍သုံးသပ်ရပါက ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ အနှစ်သာရကို အားကောင်းခိုင်မာအောင် ဖြည့်ဆည်းဖော်ဆောင်ပေးသည့် လက်နက်ကိရိယာများအဖြစ် ပါဝင်ထမ်းဆောင်ရမည်ဖြစ်သော်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာမူ ပြည်သူလူထု၏ လိုအင်ဆန္ဒများကို မှန်ကန်တရားမျှတစွာ ဖော်ထုတ်ပေးရေးထက် တစ်ပါတီ၊ လူတစ်စုတစ်ဖွဲ့က နိုင်ငံရေးအာဏာကို လက်ဝါးကြီးအုပ်ရယူနိုင်ရေးအတွက် ဖြစ်နိုင်သမျှ နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်သွားခဲ့သော အမှားသရုပ်ပြလုပ်ရပ်တစ်ခု ဖြစ်သွားခဲ့ရ ပေသည်။

**အပိုင်း (၂)**

**အင်စတီကျူးရှင်းအမြင်ဖြင့် ပြီးခဲ့သည့် အစိုးရနှစ်ရပ်ကို နှိုင်းယှဉ်လေ့လာခြင်း**

အင်စတီကျူးရှင်းအမြင်အရ ကြည့်ပါက ဆုံးဖြတ်ချက်ချမှတ်/ မူဝါဒရေးဆွဲသည့် အင်စတီကျူးရှင်းများနှင့် အဆိုပါ ဆုံးဖြတ်ချက်နှင့် မူဝါဒတို့အား အကောင်အထည်ဖော်ရသည့် အင်စတီကျူးရှင်းများဟူ၍ရှိသည်။ အခြေခံအားဖြင့် နိုင်ငံ၏ သက်ဆိုင်ရာ အင်စတီကျူးရှင်းများသည် အတက်အဆင်းရှိသည့် ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် မူဝါဒရေးဆွဲခြင်း၌သော်လည်းကောင်း၊ ယင်းတို့အား အကောင်အထည်ဖော်ခြင်း၌သော်လည်းကောင်း ပါဝင်ပတ်သက်ဆောင်ရွက်ကြရသည်။ ထို့ကြောင့် အချို့သော အင်စတီကျူးရှင်းများအတွက် ဆုံးဖြတ်ချက်ချခြင်း၊ မူဝါဒရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်နှစ်ခုစလုံးတွင် ပါဝင်ပတ်သက်ရသည်မှာ မဆန်းလှပေ။ အစိုးရအဖွဲ့ဝင်များ၊ အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ရမည့် ကိစ္စကြီးငယ်၏ အတိမ်အနက်နှင့် လိုအပ်ချက်ကို လိုက်၍ နိုင်ငံရေးပါတီများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အပါအဝင် အစိုးရမဟုတ်သည့် နိုင်ငံ့အရေးဆက်နွယ်ဆောင်ရွက်သူများနှင့် ပြည်သူလူထု၏ အကြံဉာဏ်နှင့် ထင်မြင်ယူဆချက်များရယူရန် လိုအပ်မည်ဖြစ်သည်။ ကိုလိုနီအုပ်ချုပ်ရေးမှ ချန်ထားရစ်သည့် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အဟန့်အတားများနှင့် ရှုန်းကန်ရင်ဆိုင်နေရသော မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံအတွက်မူ တပ်မတော်သည် ဆုံးဖြတ်ချက် ချမှတ်ခြင်း/ မူဝါဒရေးဆွဲခြင်းတို့တွင် ချန်ထား၍မရသော အရေးပါသည့် နိုင်ငံ့အင်စတီကျူးရှင်းတစ်ခု ဖြစ်သည်။

*စာမျက်နှာ ၁၀ သို့*

၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက်
အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး။
★ ပြည်ထောင်စုတစ်ဝန်းလုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာအဆင့် မြှင့်တင်ဆောင်ရွက်ရေး။
★ မျိုးချစ်စိတ်ဓာတ်ကို အရင်းခံသည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထက်မြက်ရေး။
★ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းစွာဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ရေး။

၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက်
အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံသာယာဝပြောဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၈-၁၁-၂၀၂၁)

# ဈေးကွက်စီးပွားရေးစနစ် အကောင်အထည်ဖော်ရာတွင် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီး

**နေပြည်တော် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ အသင်း၏ အထူးအထွေထွေ အစည်းအဝေး နှင့် ပထမအကြိမ် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို ရန်ကုန်မြို့ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ အသင်းက ဦးဆောင်၍ ယနေ့ နံနက် ၁၀ နာရီတွင် ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကံဇော် သည် ဧည့်သည်တော်အဖြစ် တက်ရောက်၍ နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

အစည်းအဝေး ပထမပိုင်းတွင် အသင်း၏ အထူးအထွေထွေ အစည်းအဝေး စတင်ကြောင်းနှင့် အထမြောက်ကြောင်း ကြေညာပြီး ပြည်ထောင်စု စာရင်းစစ်ချုပ်၊ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ကံဇော်က လူမွဲခံယူခြင်းဆိုင်ရာဥပဒေကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ(၁၄) ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ၎င်းဥပဒေ တွင် အပိုင်း (၁၁) ခု၊ ပုဒ်မပေါင်း (၄၂၅) ခု၊ စာမျက်နှာ (၂၅၄) မျက်နှာ ပါဝင်ပါကြောင်း၊ ဥပဒေ တွင် ကုမ္ပဏီများ ကယ်ဆယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ မိုက်ခရို၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ကယ်ဆယ်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ စာရင်း ရှင်းလင်းဖျက်သိမ်းခြင်း၊ တစ်သီး ပုဂ္ဂလလူမွဲခံခြင်း၊ ရာထူးလက်ရှိ ဖြစ်သူ၊ နယ်စပ်ဖြတ်ကျော်လူမွဲ ခံယူခြင်းနှင့် အထွေထွေပြဋ္ဌာန်း ချက်များ ပါဝင်ပါကြောင်း၊ လူမွဲ ခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီကို ၂၀၂၀ ပြည့်နှစ်၊ မတ် ၂၆ ရက်တွင် တရားဝင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော် ချုပ်၏ လမ်းညွှန်ချက်ဖြင့် မြန်မာ နိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ အသင်းကို တရားလွှတ်တော် ရှေ့နေများ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် များဖြင့် ၂၀၂၀ ပြည့်နှစ် ဇွန် ၁ ရက် တွင် စတင်ဖွဲ့စည်းခဲ့ပြီး ရည်ရွယ် ချက် (၁၄) ခု ချမှတ်ထားပါကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးလာသည်နှင့် အညီ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ သည်လည်း အလွန်အရေးပါလာ ပါကြောင်း၊ ၎င်းဥပဒေကို ကိုင်တွယ်ကျင့်သုံး ဆောင်ရွက် ကြမည့် ကျွမ်းကျင်သူများအနေ ဖြင့် ဥပဒေပါပြဋ္ဌာန်းချက်များကို ကျေညက်စွာ သိရှိနားလည်ထား ရန်နှင့် ဥပဒေပါပြဋ္ဌာန်းချက်များ အတိုင်း လက်တွေ့လိုက်နာ အကောင်အထည်ဖော် ဆောင် ရွက်ရန် လိုအပ်ပါကြောင်း မှာကြားသည်။

ထို့နောက် လူမွဲခံယူခြင်း ဆိုင်ရာ ကျွမ်းကျင်သူများအသင်း ဥက္ကဋ္ဌ ဦးဝင်းသင်က အဖွင့် နှုတ်ခွန်းဆက်အမှာစကား ပြော ကြားသည်။




ယင်းနောက် မြန်မာနိုင်ငံ လူမွဲ ခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ များအသင်း၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း (Constitution) ပြင်ဆင်ချက်များကို အထူး ဆုံးဖြတ်ချက်ချမှတ်၍ အတည်ပြု ခဲ့ကြပြီး အစည်းအဝေး ပထမပိုင်း ကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ အစည်းအဝေး ဒုတိယပိုင်းတွင် ပထမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်း အဝေး စတင်ကြောင်းနှင့် အထ မြောက်ကြောင်း ကြေညာပြီး အသင်း၏ ဒါရိုက်တာအဖွဲ့ အစီရင် ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ ကို ဖတ်ကြားတင်ပြခြင်း၊ ၂၀၂၀ ပြည့်နှစ် ဇွန် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ဘဏ္ဍာရေးကာလ နှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၃၁ ရက်အထိ ဘဏ္ဍာရေး ကာလတို့အတွက် အသင်း၏ ပြင်ပစာရင်းစစ် အစီရင်ခံစာကို ဖတ်ကြားတင်ပြခြင်း၊ ဒါရိုက်တာ အဖွဲ့ အစီရင်ခံစာ၊ ဘဏ္ဍာရေး ရှင်းတမ်းများနှင့် ပြင်ပစာရင်းစစ် အစီရင်ခံစာတို့ကို အတည်ပြုခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်အသစ် ၁၄ ဦးကို ခန့်အပ်ခြင်း၊ အတည်ပြု ခြင်းနှင့် ဒါရိုက်တာအဖွဲ့ဝင် အသစ်များ၏ အမည်စာရင်း ကြေညာခြင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ပြင်ပ စာရင်းစစ် ခန့်အပ်ခြင်းနှင့် အခကြေးငွေ သတ်မှတ်ခြင်းနှင့် အသင်းဝင်များမှ မေးမြန်းထား သောမေးခွန်းများနှင့် အကြံပြု ချက်များကို ပြန်လည်ဖြေကြား ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စု စာရင်းစစ်ချုပ်၊ လူမွဲခံယူခြင်း ဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကံဇော်က ယခုအချိန်တွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအနေဖြင့် စီးပွားရေးဦးတည်ချက်(၃)ရပ်ကို ချမှတ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက် ရေးအတွက် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး၊ ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးသက် ရောက်မှုများကို ကုစားနိုင်ရေး အတွက် မြန်မာနိုင်ငံ စီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက် (MERP)နှင့် ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှုသက်သာရေး စီမံချက် (CERP)များကိုလည်း ဆောင်ရွက် လျက်ရှိပါကြောင်း၊ ဈေးကွက် စီးပွားရေးစနစ်ကို ပီပြင်စွာ အကောင်အထည် ဖော်ရာတွင် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ (Insolvency Practitioner-IP) များ၏ အခန်းကဏ္ဍ၊ IP အရေ အတွက် တိုးပွားလာစေရေး၊ ကျွမ်းကျင်မှုအရည်အသွေး ပြုစု ပျိုးထောင်ရေးနှင့် ကျင့်ဝတ်များ နှင့်အညီ လိုက်နာဆောင်ရွက် နိုင်ရေးတို့သည် လွန်စွာအရေးကြီး သဖြင့် အလေးထားဆောင်ရွက် စေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ သဘာပတိ ဦးဝင်းသင်က နိဂုံးချုပ်စကား ပြောကြားပြီး အစည်းအဝေး ဒုတိယပိုင်းကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးသို့ လူမွဲခံယူ ခြင်းဆိုင်ရာ ကျွမ်းကျင်သူများ အသင်းဥက္ကဋ္ဌ၊ အသင်း၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်း ဝင်များနှင့် ဧည့်သည်တော်များ နှင့် ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၉ မှ*

ကိုလိုနီခေတ်ဆိုးမွေဖြစ်သည့် ဖွဲ့စည်း တည်ဆောက်မှုဆိုင်ရာ အဟန့်အတား များသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၌ သော့လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး လုပ်ငန်းစဉ်၌ သော့လည်းကောင်း၊ အခြားသော နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်များ သို့မဟုတ် အမျိုးသား အသိုက်အဝန်း တည်ဆောက်ရေး လုပ်ငန်းစဉ်များ၌ သော့လည်းကောင်း စိန်ခေါ်မှုများအဖြစ် တည်ရှိနေသည်။

သမ္မတဟောင်း ဦးသိန်းစိန်သည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ အကြီးစား ပြုပြင်ပြောင်းလဲမှုများ၊ လူ့အခွင့်အရေး တိုးတက်စေခဲ့မှုများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ဆိုင်ရာ ဆွေးနွေးမှုများကို စတင် ဖော်ဆောင်ခဲ့ခြင်းများဖြင့် လူအများကို အံ့အားသင့်စေခဲ့သည်။ ပြုပြင်ပြောင်းလဲ ရေးကို အရှိန်မြှင့်တင်လိုသော ဦးသိန်းစိန် သည် ဒီမိုကရေစီအသွင်ကူးပြောင်းမှု တွင် အပြုသဘောဆောင်သော အင်အား စုများအဖြစ် ပါဝင်ကြရန် အားလုံးကို ဖိတ်ခေါ်ခဲ့သည်။ အထူးသဖြင့် ယခင်က ပူးပေါင်းဆောင်ရွက်ခြင်း မရှိသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။ ဦးသိန်းစိန် သည် လက်တွေ့လုပ်ဆောင်ချက်များ ပြသ၍ ယခင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးကောင်စီ အစိုးရနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီအစိုးရတို့ လက်ထက်တွင် ပူးပေါင်းဆောင်ရွက်မှု မပြုနိုင်ခဲ့သည့် အဓိကအင်အားစု ဖြစ်သော NLD ပါတီကိုသာမက ၈၈ မျိုးဆက် ကျောင်းသားများနှင့် တိုင်းရင်း သားနိုင်ငံရေးပါတီများကိုပါ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို အမျိုးသားရေး တာဝန်အဖြစ် ပူးပေါင်းပါဝင်လာကြရန် စည်းရုံးနိုင်ခဲ့သည်။ ဦးသိန်းစိန်သည် ဆက်ဆံရေးဝန်ကြီးတစ်ဦးမှ တစ်ဆင့် ဒေါ်အောင်ဆန်းစုကြည်နှင့် ယုံကြည်မှု တည်ဆောက်နိုင်ခဲ့သည်။ နောက်ပိုင်း တွင် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ ပါဝင် ယှဉ်ပြိုင်ခဲ့ပြီး ပြည်သူ့လွှတ်တော်၊ တရား ဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်း ရေးကော်မတီ၏ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ ထိုတာဝန်က ၎င်းအတွက် အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပုံအား ကိုယ်တိုင် ကိုယ်ကျလေ့လာနိုင်မည့် အခွင့်အရေး တစ်ခုဖြစ်ခဲ့သည်။ ဦးသိန်းစိန်သည် လက်ပန်းတောင်းတောင် စုံစမ်းစစ်ဆေး ရေးကော်မရှင်တွင် ဒေါ်အောင်ဆန်း စုကြည်ကို ဥက္ကဋ္ဌအဖြစ် တာဝန်ယူစေ ခဲ့ပြီး ၈၈ မျိုးဆက် ကျောင်းသား ကိုယ်စားလှယ် ၂ ဦးနှင့်အတူ တွဲဖက် ဆောင်ရွက်စေခဲ့သည်။ ဤသို့ဖြင့် ဦးသိန်းစိန်သည် ဒေါ်အောင်ဆန်းစုကြည် ကို အကျိုးစီးပွားစီမံခန့်ခွဲရာတွင် ပါဝင် ဆောင်ရွက်စေခြင်းဖြင့် ၎င်း၏ဆုံးဖြတ် ချက် ချမှတ်သည့် အတက်အဆင်း လုပ်ငန်းစဉ်တွင် ပါဝင်သင့်သူများ၏ အကြံဉာဏ်နှင့် အယူအဆများ ပိုမိုပါဝင် လာစေရန် ကြိုးပမ်းခဲ့သည်။ အစိုးရ ဘက်ခြမ်းတွင်လည်း သမ္မတရုံးဝန်ကြီး ဌာန ၆ ခုဖြင့် အမျိုးမျိုးသော ပြုပြင် ပြောင်းလဲမှုများကို ညှိနှိုင်းအကောင် အထည်ဖော် ဆောင်ရွက်စေခဲ့သည်။ အဆိုပါဝန်ကြီးဌာနများ၏ ဝန်ကြီးများ သည် စစ်ဘက်-အရပ်ဘက် ဆက်ဆံ ရေး၏ ကြားခံအဖြစ်လည်း ဆောင်ရွက် ခဲ့ကြသည်။ သမ္မတဟောင်း ဦးသိန်းစိန် သည် ၎င်း၏ပြုပြင်ပြောင်းလဲမှုများ အတွက် တပ်မတော်၏ ထောက်ခံမှုကို လည်း ရယူနိုင်ခဲ့သည်။ အပစ်အခတ် ရပ်စဲရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်တို့ အား အထောက်အကူဖြစ်စေရန်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများနှင့် တရားဝင်နှင့် အလွတ် သဘော တွေ့ဆုံမှုများ ပြုလုပ်ခဲ့သည်။ တစ်နည်းအားဖြင့် ဦးသိန်းစိန်သည် ၎င်း၏အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက် ချမှတ်ရေး လုပ်ငန်းစဉ်အတွက်သော် လည်းကောင်း၊ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ချက်များအပေါ် နိုင်ငံရေးအရ ထောက်ခံမှု စုစည်းရယူရန်အတွက် သော်လည်းကောင်း အစိုးရအင်စတီ ကျူးရှင်းများကိုသာမက အစိုးရ မဟုတ်သော အင်စတီကျူးရှင်းများကိုပါ ပါဝင်အားဖြည့်စေခဲ့သည်ကို တွေ့ရှိရ သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ မြန်မာ့ရွှေ့ဆောင်ဘဏ်အား ဓားပြတိုက်ရာတွင်ပါဝင်သည့်တရားခံများအား ဖမ်းဆီးရမိ


**နေပြည်တော် နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ "မြန်မာ့ရွှေ့ဆောင်" ဘဏ်၌ နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် အမျိုးသား နှစ်ဦးက ဘဏ်လုံခြုံရေး ဝန်ထမ်းအား သေနတ်ဖြင့်ချိန်ရွယ်ကာ ဘဏ်အတွင်း ဝင်ရောက်၍ ငွေကျပ်သိန်း ၁၀၀၀ ကျော်အား ဓားပြတိုက်မှု ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ဓားပြတိုက်မှု ဖြစ်စဉ်နှင့် ပတ်သက်၍ တရားခံများအား ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်မှုများပြုလုပ်ခဲ့ရာ နိုဝင်ဘာ ၂၆ ရက် ညပိုင်း၌ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင် ကျူးလွန်ခဲ့သူများဖြစ်သည့် အဆိုပါဘဏ်မှ ဝန်ထမ်းများဖြစ်သော ရမည်းသင်းမြို့နေ လက်ထောက်ကြီးကြပ်ရေးမှူးများဖြစ်သည့် **ကျော်ကျော်ဦး (၃၃ နှစ်)နှင့် ဝေဖြိုးလှိုင်(၃၁ နှစ်)၊ ဘဏ်ခွဲ ဒုမန်နေဂျာ ဖြစ်သူ သန်းဇော်ကို (၄၃ နှစ်)**တို့အား ဖမ်းဆီးရမိခဲ့သည်။

တရားခံများ၏ ထွက်ဆိုချက်များအရ နိုဝင်ဘာ ၂၇ ရက်တွင် လုယက်မှု ကျူးလွန်ရာတွင် ပူးပေါင်းပါဝင် စီစဉ်သူဖြစ်သည့် ရမည်းသင်းမြို့ ဝါးတိုးရပ်ကွက်နေ ဖုန်းပြုပြင်ရေးလုပ်ငန်း လုပ်ကိုင်သူ **ကျော်စိုးသိန်း(၂၉ နှစ်)**ကို ၎င်း၏နေအိမ်တွင် လည်းကောင်း၊ ဘဏ်အတွင်း ဝင်ရောက်လုယက်ခဲ့သူများဖြစ်သည့် ရမည်းသင်းမြို့၊ အလယ်ကုန်းအုပ်စု၊ ပေါက်ကုန်းကျေးရွာနေ **ကျော်ခိုင်ဦး(၄၂နှစ်)** နှင့် ညောင်ပင်သာကျေးရွာနေ ဇော်ကြီး(၃၈ နှစ်)တို့ကို လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဆိုင်ကယ်နှစ်စီး၊ ဓားဦးချွန်နှစ်ချောင်းတို့နှင့်အတူ အလယ်ကုန်းကျေးရွာရှိ **ဇော်ကြီး**၏ နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **ကျော်စိုးသိန်း**၏ ထွက်ဆိုချက်အရ ဘဏ်မှလုယက်ရရှိခဲ့သည့် ငွေများအား ၎င်း၏ ညီအရင်းတော်စပ်သူ ရမည်းသင်းမြို့ ကြည်တော်ကုန်းရပ်ကွက်နေ ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ယာဉ်မောင်း **မောင်တိုး (ခ) တိုးတိုး**နှင့် အတူသယ်ဆောင်၍ ၎င်း၏အဒေါ်ဖြစ်သူရမည်းသင်းမြို့ ဝါးတိုးအရှေ့ရပ်ကွက်နေ **ဒေါ်ကျင်ငွေး**၏ နေအိမ်၌ သွားရောက်သိမ်းဆည်းခဲ့ပြီး **ဒေါ်ကျင်ငွေး**နှင့် ၎င်း၏သမီးဖြစ်သူ **သန္တာဖွေး(ခ)ဖွေးဖွေး**တို့က လက်ခံသိမ်းဆည်းပေးထားကြောင်း ဖော်ထုတ်ရရှိသဖြင့် **ဒေါ်ကျင်ငွေး(၅၄ နှစ်)နှင့် မသန္တာဖွေး (ခ)ဖွေးဖွေး (၂၄ နှစ်)**တို့ကို ၎င်းတို့၏နေအိမ်၌ လက်ခံထိန်းသိမ်းထားရှိသည့် ငွေကျပ် ၁၀၁၅ သိန်းတို့နှင့်အတူ နိုဝင်ဘာ ၂၆ ရက် ည ၁၂ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ **မောင်တိုး(ခ) တိုးတိုး (၃၁နှစ်)**အား ရမည်းသင်းမြို့ မြို့မရပ်ကွက် ကြည်တော်ကုန်းရပ်ရှိ ၎င်း၏နေအိမ်၌ လုယက်မှု ကျူးလွန်ရာမှရရှိသည့် ငွေကျပ် သိန်း ၅၀ နှင့်အတူ နိုဝင်ဘာ ၂၇ ရက် နံနက် ၄ နာရီ ၄၅ မိနစ်တွင်လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။






ရမည်းသင်းမြို့ မြန်မာ့ရွှေ့ဆောင်ဘဏ် ဓားပြတိုက်မှုဖြစ်စဉ်မှ တရားခံအသုံးပြုခဲ့သည့် ကော်သေနတ်၏ မှတ်တမ်းဓာတ်ပုံ။



ရမည်းသင်းမြို့ မြန်မာ့ရွှေ့ဆောင်ဘဏ်အား ဓားပြတိုက်လုယက်မှုဖြစ်စဉ်မှ ဖမ်းဆီးရမိသည့် တရားခံများ၏ မှတ်တမ်းဓာတ်ပုံ။

တရားခံများ၏ ထွက်ဆိုချက်များအရ ၎င်းတို့၏ လောင်းကစားပြုလုပ်ခြင်းများအတွက် ငွေကြေးလိုအပ်ချက်များအရ ဘဏ်လုယက်မှုအား ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပြီး လုယက်မှု မကျူးလွန်မီ လွန်ခဲ့သော ၁၀ ရက်ခန့်က မြန်မာ့ရွှေ့ဆောင်ဘဏ်မှ ဝန်ထမ်းများဖြစ်သည့် **သန်းဇော်ကို၊ ကျော်ကျော်ဦး၊ ဝေဖြိုးလှိုင်၊** ဘဏ်အတွင်း ဝင်ရောက်လုယက်ခဲ့သူ **ကျော်ခိုင်ဦး**နှင့် စီစဉ်ပေါင်းစပ်ပေးသူ **ကျော်စိုးသိန်း**တို့သည် မြန်မာ့ရွှေ့ဆောင်ဘဏ်အား ဝင်ရောက်လုယက်မည်ဖြစ်ကြောင်း၊ ထိုသို့ လုယက်ရာတွင် ဘဏ်အတွင်း ငွေထုပ်ပိုးပေးမှု ကိစ္စရပ်များ၊ အခြေအနေစောင့်ကြည့်ပေးခြင်း၊ လုယက်ရန်အတွက် အချိန်သတ်မှတ်ပေးခြင်းနှင့် အချက်ပေးဆက်သွယ်မှုများအား **ကျော်ကျော်ဦး**ပါ ဘဏ်ဝန်ထမ်း သုံးဦးမှ ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဝင်ရောက် လုယက်ရန်အတွက် **ကျော်စိုးသိန်း**နှင့် ကျော်ခိုင်ဦးတို့မှ ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ကြိုတင်ပူးပေါင်းကြံစည်ခဲ့ကြသည်ကို ဖော်ထုတ်သိရှိရသည်။

ဘဏ်အတွင်း ဝင်ရောက်လုယက်သည့်နေ့တွင် ဘဏ်ဝန်ထမ်းဖြစ်သူ **ကျော်ကျော်ဦး**က ၎င်း၏ လက်ကိုင်ဖုန်းမှတစ်ဆင့် **ကျော်စိုးသိန်း**ထံသို့ လုယက်နိုင်ပြီဖြစ်ကြောင်း ဖုန်းမက်ဆေ့ပေးပို့ချိန်တွင် **ကျော်ခိုင်ဦး**ကသေနတ်အတိုကိုင်၍ လည်းကောင်း၊ ၎င်း၏ ယောက်ဖဖြစ်သူ **ဇော်ကြီး**က ဓားကိုင်၍လည်းကောင်း ဘဏ်အတွင်းဝင်ရောက် လုယက်ခဲ့ပြီး **ကျော်စိုးသိန်း**က ဘဏ်အရှေ့ နာရီစင်အနီးတွင် အသင့်စောင့်ဆိုင်းကာ အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **ကျော်ခိုင်ဦး**နှင့် ဇော်ကြီးတို့သည် ဘဏ်အတွင်း ဝင်ရောက် လုယက်ပြီးနောက် လုယက်ရာမှ ရရှိလာသည့်ငွေများအား **ကျော်စိုးသိန်း** ထံတွင်အပ်နှံထားခဲ့ကြောင်း၊ **ကျော်စိုးသိန်း**က အဆိုပါငွေများအား ၎င်း၏ ညီအရင်းတော်စပ်သူ **မောင်တိုး(ခ) တိုးတိုး**နှင့်အတူ ၎င်း၏ အဒေါ်ဖြစ်သည့် **ဒေါ်ကျင်ငွေး**၏ နေအိမ်သို့ သွားရောက်ပို့ဆောင်ထားရှိခဲ့ပြီး ဒေါ်ကျင်ငွေးနှင့် ၎င်း၏ သမီးဖြစ်သူ **သန္တာဖွေး (ခ) ဖွေးဖွေး**တို့ကလည်း လုယက်ရာမှရရှိခဲ့သည့် ငွေများဖြစ်သည်ကို သိလျက်နှင့် လက်ခံထားရှိပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်ပါ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့၏ အပူတပြင်း ကြိုးပမ်းဖော်ထုတ်မှုကြောင့် ရမည်းသင်းမြို့ရှိ မြန်မာ့ရွှေ့ဆောင်ဘဏ် လုယက်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်ခဲ့သူများအား လုယက်မှုဖြစ်ပွားချိန်မှ ၁၂ နာရီအတွင်း သက်သေခံငွေကြေး၊ ပစ္စည်းများနှင့်အတူ ဖော်ထုတ် ဖမ်းဆီးရမိခဲ့ပြီး တရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ မီးပလပ်ခုံ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား


**နေပြည်တော် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် နိုဝင်ဘာ ၂၆ ရက်က မီးပလပ်ခုံအပူလွန်ကဲရာမှ အထူးကုဆေးခန်း မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၃)ရပ်ကွက်ရှိ "အေးချမ်းစံ" အထူးကုဆေးခန်း၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ်နှစ်စီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သဖြင့် စိစစ်ခဲ့ရာ အဆိုပါဆေးခန်းမှ မန်နေဂျာဖြစ်သူ (၄၃)ရပ်ကွက်နေ တင်ထွဋ်အောင်(၃၅ နှစ်)သည် ဆေးခန်း၌ရှိနေစဉ် ဆေးခန်းအတွင်းရှိမီးပလပ်ခုံ အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး မွေ့ရာတစ်ခု မီးလောင်ဆုံးရှုံးခဲ့သဖြင့် တင်ထွဋ်အောင်အား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**





မြဝတီမြို့ သီရိမြဝတီဟိုတယ်၌ ဖမ်းဆီးရမိသည့် တရားခံများ၏ ကားအတွင်းမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။


ဝေဖြိုးသန့်


ကျော်ဇေယျာလင်း


စိုးမင်းထွန်း


သက်မောင်မောင်စိုး


အိတုန်


တနိုင်းကိုကို

*❂ကျောဖုံးမှ*

M-22 ခြောက်လက်၊ AK-47 ခြောက်လက်၊ M-16 တစ်လက်၊ ပစ္စတို ခုနစ်လက်၊ ကိုးလုံးကျည် ပြောင်းတိုသေနတ် တစ်လက်၊ ကိုးလုံးကျည် ငါးတောင့်၊ ပွိုင့်-၂၂ ကျည် တောင့် ၃၀၀၊ ပွိုင့်-၃၈ ကျည် တောင့် ၁၀၀၊ ပစ္စတိုကျည် (၇.၆၅ မမ) တောင့် ၅၀၊ ၉ မမ ကျည် တောင့် ၁၅၀၊ ၇.၆၂ ကျည် တောင့် ၅၀တို့အား သိမ်းဆည်းရမိခဲ့သည်။

တရားခံ **စိုးမင်းထွန်း**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ၂၆ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် မုံရွာမြို့ ဘုန်းစိုးရပ်ကွက်"ဒေါ်ညို" ဆီတိုဟူးဆိုင်အနီး၌ သီဟ(၃၀)နှစ်၊ တနိုင်းကိုကို (၂၂)နှစ်၊ အိတုန် (၁၉)နှစ်တို့ သုံးဦးကို Bretta USA တံဆိပ်ပါ ပစ္စတို တစ်လက်၊ SIG Sauer တံဆိပ်ပါ ပစ္စတို တစ်လက်၊ Cold တံဆိပ်ပါ လက်လုပ်ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၉ မမ ကျည် ၁၀ တောင့်၊ လက်လုပ်ဗုံး နှစ်လုံး၊ လက်လုပ်သေနတ်ပြောင်း သံပိုက်လေးချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ **တနိုင်းကိုကိုနှင့် အိတုန်**တို့ နှစ်ဦး၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့နယ် နဂါးပိုကျေးရွာအနီး ယာခင်းများအတွင်း၌ PDF အကြမ်းဖက်စခန်း တည်ရှိကြောင်း ဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းခဲ့ရာ လက်လုပ်သေနတ် ၂၃ လက်ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ခုနစ်ဦးနှင့်အတူ လက်နက်ငယ်မျိုးစုံ ၂၅ လက်၊ လက်လုပ်သေနတ် ၂၃ လက်၊ ကျည်မျိုးစုံ ၈၁၅ တောင့်၊ လက်လုပ်ဗုံး နှစ်လုံးတို့အား ဖမ်းဆီးရမိခဲ့သည်။

တရားခံ **စိုးမင်းထွန်း**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၆ ရက်တွင် **မူမူ**၏ စေခိုင်းမှုဖြင့် ဖမ်းဆီးရန်ကျန် တရားခံ **ရန်နိုင်**၊ ယာဉ်မောင်း **သက်မောင်မောင်စိုး (ခ) ဖိုးထောင်**တို့နှင့်အတူ မြဝတီမြို့သို့ လာရောက်ခဲ့ပြီး လေးကော့ကော်မြို့သစ်တွင် နေထိုင်သော **ကိုစော**၏ ချိတ်ဆက်မှုဖြင့် KNLA တပ်မဟာ(၇)တွင် နေထိုင်သူ


သီဟ

**ကိုတောက်**ထံမှ AK-47 ခြောက်လက်ကို လည်းကောင်း၊ **ကိုစော**ထံမှ M-16 (ပြောင်းတို) တစ်လက်၊ ကိုးလုံးကျည် ပြောင်းတိုပစ္စတို တစ်လက်၊ ကိုးလုံးကျည် ငါးတောင့်တို့ကို လည်းကောင်း၊ **မောင်သီ**ထံမှ M 22 ခြောက်လက်၊ Glock ပစ္စတို ခုနစ်လက်နှင့် ပွိုင့်-၂၂ ကျည် တောင့် ၄၀၀၊ ပွိုင့်-၃၈ ကျည် တောင့် ၁၅၀၊ ၇.၆၅ ကျည် တောင့် ၅၀၊ ၉ မမကျည် တောင့် ၁၅၀၊ ၇.၆၂ AK ကျည် တောင့် ၅၀ (စုစုပေါင်း လက်နက်မျိုးစုံ ၂၁ လက်၊ ခဲယမ်းမျိုးစုံ ၆၅၅ တောင့်)တို့အား လည်းကောင်း ဝယ်ယူ၍ စူပါကာစတန်ယာဉ်၏ ဆီတိုင်ကီနှင့် တံခါးချပ်ကာဗာကြားတို့တွင် ထည့်သွင်းခဲ့ပြီး ခဲယမ်းများ ထပ်မံရရှိပါက စစ်ကိုင်းတိုင်းဒေသကြီး၊ မကျီးပုတ်ကျေးရွာရှိ စစ်ကိုင်း PDF အကြမ်းဖက်အဖွဲ့မှ **ကိုစိုင်း**ထံ ပို့ဆောင်ရန် စီစဉ်နေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်း ပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**သတင်းစဉ်**



မုံရွာမြို့ ဘုန်းစိုးရပ်ကွက်တွင် လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် တရားခံများ။



မုံရွာမြို့နယ် နဂါးပိုကျေးရွာအနီးရှိ PDF အကြမ်းဖက်စခန်းမှ သိမ်းဆည်းရမိသည့် လက်လုပ်သေနတ်များကို တွေ့ရစဉ်။



မြဝတီမြို့နယ် ဌေးရှမ်းကျေးရွာအဝင် စားသောက်ဆိုင်တွင် ဖမ်းဆီးရမိသူများထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ။

## ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ နဂါးပိုကျေးရွာအနီးရှိ PDF အကြမ်းဖက်စခန်း တည်နေရာပြ မြေပုံ



✻ *ကျောဖုံးမှ*

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်မှုကို ပျက်ပြားအောင် ဦးတည် လုပ်ဆောင်နေသည့် အကြမ်းဖက်အဖွဲ့များ၏ ကျူးလွန်မှုများနှင့် အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်နေသော အကြမ်းဖက်လုပ်ရပ်များကို လျစ်လျူရှုလျက် ပြစ်တင်ရှုတ်ချခြင်း၊ တားဆီးခြင်း၊ ရပ်တန့်ပေးရန် ဖော်ပြခြင်း၊ တောင်းဆိုခြင်းများ ပါဝင်ခြင်းမရှိသည့် ဘက်လိုက်မှုရှိသော တစ်ဖက်သတ် ကြေညာချက်ဖြစ်ကြောင်း တွေ့ရှိရသည်။

အချုပ်အခြာအာဏာပိုင်နိုင်ငံ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် ကိစ္စများ၊ မှန်ကန်မှုမရှိသော အချက်များအပေါ် အခြေခံထားပြီး၊ ဘက်လိုက်မှုရှိ၍ နိုင်ငံရေးရည်ရွယ်ချက်ရှိရှိ ထုတ်ပြန်ခဲ့သည့် အဆိုပါ ပူးတွဲကြေညာချက်ကို မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာကန့်ကွက်ကြောင်း ဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်**



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ မြို့နယ်ပညာရေးမှူးရုံး မီးရှို့ဖျက်ဆီးခံရမှု။



ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်း မီးရှို့ဖျက်ဆီးခံရမှု။

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက စာသင်ကျောင်းများနှင့် မြို့နယ်ပညာရေးမှူးရုံးတို့အား မီးရှို့ဖျက်ဆီး၊ လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်တိုက်ခိုက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ရွားခဲ ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်း၌ နိုဝင်ဘာ ၂၆ ရက် ည ၆ နာရီခွဲတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ကျောင်းဝင်းအတွင်းရှိ ခနိမိုး/ထရံကာမြေစိုက် ၃ ခန်းတွဲ ကျောင်းဆောင်၏ အစွန်ဆုံး အခန်းကို အကြမ်းဖက်သမားများက မီးရှို့ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ မီးရှို့ခဲ့မှုကြောင့် မီးလောင်ကျွမ်းခဲ့သဖြင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ကျောင်းဆောင်ရှိ ထရံနှင့် ခနိမိုး အနည်းငယ်မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အလယ်ရပ်ကွက်ရှိ အမှတ်(၁) အခြေခံ ပညာအထက် တန်းကျောင်း၌ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင် များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ကျောင်းဝင်းပေါက်အရှေ့သို့ ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သူ အမျိုးသား တစ်ဦးက လက်လုပ်အသံဖုံး တစ်လုံးဖြင့် ပစ်ပေါက် ထွက်ပြေးသွားခဲ့သဖြင့် ကျောင်းဝင်းပေါက်နှင့် ၄ ပေခန့်အကွာ ကျောင်းဝင်းအတွင်း ကွန်ကရစ်လမ်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရသည်။

အလားတူ မုံရွာမြို့နယ် နန္ဒဝန်ရပ်ကွက် အားကစားနှင့် ကာယ သိပ္ပံကျောင်းအနီး၌ ညနေ ၅ နာရီခွဲခန့်တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ကျောင်း၏အနောက်ဘက် အုတ်တံတိုင်းအနီး အပြင်ဘက်တွင် လက်လုပ်အသံဖုံး တစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ကလေး မြို့နယ် တောင်ဇလပ်ရပ်ကွက် နယ်မြေ ၆ ရှိ မြို့နယ် ပညာရေးမှူးရုံးကို အကြမ်းဖက်သမားများက ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် ရုံးအဆောက် အဦ၏ တောင်ဘက်ပြတင်းပေါက်မှ ဝင်ရောက်ကာ မီးရှို့ထွက်ပြေးသွားခဲ့၍ မီးလောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ် တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်း အဖွဲ့က မီးသတ် ယာဉ် ငါးစီးဖြင့် သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ နံနက် ၇ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အုတ်ကာ/ကွန်ကရစ်ခင်း/သွပ်မိုး တစ်ထပ် ရုံးအဆောက်အဦ တစ်လုံးနှင့် ရုံးအတွင်း ရှိအသုံးအဆောင်ပစ္စည်းများ မီးလောင်ပျက်စီးခဲ့ ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်း မြို့နယ် အမှတ်(၁၄)ရပ်ကွက် မဂ္ဂင်လမ်းရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှေ့ လမ်းတစ် ဘက်ခြမ်း၌ နံနက် ၈ နာရီ ၃၅ မိနစ်ခန့်တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ နေရာရှိ မသက်ာဖွယ်အထုပ် တစ်ထုပ်အတွင်းမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အဦ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

ထို့အတူ ရန်ကင်းမြို့နယ် အမှတ်(၁၁)ရပ်ကွက် သစ္စာလမ်းနှင့် ရန်ကင်းလမ်းဆုံ သစ္စာလမ်းပေါ်ရှိ ရန်ကင်းအခြေခံပညာလေ့ကျင့်ရေးကျောင်း အရှေ့၌ နံနက် ၉ နာရီ ၁၀ မိနစ်ခန့် တွင် ပေါက်ကွဲမှုဖြစ်ပွား ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းအရှေ့ လမ်းဘေးပလက်ဖောင်းပေါ်တွင် လက်လုပ်မိုင်း တစ်လုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အဦထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ စာသင်ကျောင်းနှင့် မြို့နယ်ပညာရေးမှူးရုံးတို့အား မီးရှို့ဖျက်ဆီးမှု လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်တိုက်ခိုက်မှုများ ကျူးလွန်ခဲ့သည့် ဆူပူအကြမ်းဖက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၇-၁၁-၂၀၂၁) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 2 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 3 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| **Supportive** | | | | |
| 4 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 5 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 6 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 7 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 8 | Injection Pantocid | 1g/ Vial | 1500 | Aorta |
| 9 | Injection Omeprazole | 1g/ Vial | 1050 | Aorta |
| **Antibiotics** | | | | |
| 10 | PO – Azithromycin 500 mg | 5x3's | 4000 | Ramma-waddy |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## မြောက်ဦးမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများကို ကယ်ဆယ်ရေးပစ္စည်းများ၊ ဆန်နှင့် ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများနှင့် ဆွေမျိုးများ၏ နေအိမ်အသီးသီးတို့၌ ယာယီနေထိုင်လျက်ရှိသော တိုက်ပွဲရှောင်ပြည်သူများအနက်မှ ၎င်းတို့၏ မူလနေရပ်ဖြစ်သော လက္ကာကျေးရွာသို့ ပြန်လည်နေထိုင်လိုသည့် အိမ်ထောင်စု ၃၂ စု၊ လူဦးရေစုစုပေါင်း ၁၅၅ ဦးတို့အား အောက်တိုဘာ ၂၆ ရက်က ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် အဆိုပါကျေးရွာသို့ ပြန်လည် ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ လက္ကာကျေးရွာသို့ ပြန်လည်နေထိုင်လျက်ရှိသည့် နေရပ်ပြန် တိုက်ပွဲရှောင်ပြည်သူများ၏ စားသောက်နေထိုင်ရေးကိစ္စရပ်များ အဆင်ပြေချောမွေ့မှု ရှိစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် မြောက်ဦးမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက နိုဝင်ဘာ ၂၅ ရက်က အိမ်ထောင်စု တစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုး၊ တာပေါ်လင်စတစ်စ၊ ဆန် တစ်လစာ၊ ပြောင်းရွှေ့စရိတ် ငွေကျပ် တစ်သိန်းကျပ်နှုန်းတို့ဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာတာဝန်ခံများထံသို့ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုဗစ် -၁၉ မျိုးကွဲအသစ်ကို စိုးရိမ်စရာကောင်းဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးပြော

**ဂျီနီဗာ နိုဝင်ဘာ ၂၇**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် တောင်အာဖရိကတွင် တွေ့ရှိရသော ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲကို စိုးရိမ်စရာကောင်းသည့် မျိုးကွဲဟု ပြောသည်။ အဆိုပါ မျိုးကွဲ၏အမည်ကိုလည်း အိုမီခရွန်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အမည်ပေးခဲ့သည်။

နိုဝင်ဘာ ၂၆ ရက်က အရေးပေါ်ဆွေးနွေးပွဲအပြီးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ယခုလိုကြေညာခဲ့ခြင်းဖြစ်သည်။ တောင်အာဖရိကနိုင်ငံ ဂေါက်တင်ပြည်နယ်၌ အဆိုပါမျိုးကွဲ ကူးစက်ခံရသူ ၇၇ ဦးကိုတွေ့ရှိခဲ့ရသည်ဟု တောင်အာဖရိကရှိ ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ ယင်းမျိုးကွဲ ကူးစက်မှုကို ဘော့ဆွာနာ၊ ဟောင်ကောင်၊ အစ္စရေးနှင့်ဘယ်လ်ဂျီယံနိုင်ငံတို့တွင်လည်း တွေ့ရှိရသည်။

အဆိုပါမျိုးကွဲသည် ဗီဇပြောင်းလဲမှု ၁၀၀ နီးပါးရှိသည်ဟုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ နည်းပညာဆိုင်ရာအကြီးအကဲဖြစ်သူ မာရီယာဗန်ကွတ်ဟို့ဗ်က ပြောသည်။ လက်ရှိကာကွယ်ဆေးများက အဆိုပါမျိုးကွဲကို မည်မျှအကာအကွယ်ပေးနိုင်သည်ကို သိရရန်အတွက် သိပ္ပံပညာရှင်များ အချိန်ယူရဦးမည်ဟုလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ



တောင်အာဖရိက၌ ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

## အာဖရိကတောင်ပိုင်းနိုင်ငံများသို့ လေယာဉ်ပြေးဆွဲမှု ဥရောပသမဂ္ဂ ရပ်နားထားမည်

**ဘရပ်ဆဲလ် နိုဝင်ဘာ ၂၇**

ကိုဗစ် -၁၉ မျိုးကွဲအသစ် ဥရောပသို့ ကူးစက်ပျံ့နှံ့လာခြင်း အရှိန်နှေးကွေးစေရန်အတွက် ဥရောပသမဂ္ဂ (အီးယူ)သည် အာဖရိကတောင်ပိုင်းဒေသများသို့ ခရီးသွားလာမှုကို ရပ်နားရန်အတွက် စီစဉ်ထားကြောင်း ဥရောပကော်မရှင်က နိုဝင်ဘာ ၂၆ ရက်တွင် ပြောသည်။

ဥရောပ ကော်မရှင်သည် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် နီးနီးကပ်ကပ် ဆောင်ရွက်သွားမည်ဖြစ်ပြီး အာဖရိကတောင်ပိုင်းဒေသများသို့ လေကြောင်းပြေးဆွဲမှုများ ရပ်နားရန်အတွက် ဆွေးနွေးမှုများပြုလုပ်သွားမည်ဟု ဥရောပကော်မရှင်ဥက္ကဋ္ဌဖြစ်သူ အာဆူလာဗွန်ဒါလီယန်က တွစ်တာပေါ်တွင် ပြောကြားခဲ့သည်။


ဥရောပကော်မရှင်ဥက္ကဋ္ဌဖြစ်သူ အာဆူလာဗွန်ဒါလီယန်။

ဗွန်ဒါလီယန်၏ ကိုဗစ်-၁၉ အကြံပေးအဖွဲ့သည် နိုဝင်ဘာ ၂၆ ရက်နောင်းပိုင်းတွင် အဆိုပါပြဿနာနှင့် ပတ်သက်ပြီး ဆွေးနွေးသွားကြရန် စီစဉ်ခဲ့သည်။ ကိုဗစ် -၁၉ မျိုးကွဲသစ်မှာ လက်ရှိအသုံးပြုနေသည့် ကာကွယ်ဆေးများအပေါ် မည်သို့သက်ရောက်မှုရှိသည်ကို နားလည်ရန်အတွက် အချိန်ယူရဦးမည် ဖြစ်သည်။

နိုဝင်ဘာ ၂၆ ရက်ကလည်း ဥရောပ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဥရောပတွင် ဖြစ်ပွားနေသည့် ရောဂါကူးစက်မှုအခြေအနေများကို စောင့်ကြည့်မှုများ ပြုလုပ်နေသည်ဟု ပြောသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ ဝန်ကြီးအဆင့်ဆွေးနွေးပွဲကိုလည်း အဆိုပါ ကိုဗစ်-၁၉မျိုးကွဲအသစ်ကြောင့် ရက်ရွှေ့ဆိုင်းထားရကြောင်း သိရသည်။

မူလက နိုဝင်ဘာ ၃၀ ရက်တွင် ဂျီနီဗာ၌ ကျင်းပရန် စီစဉ်ထားသော်လည်း တောင်အာဖရိကတွင် ကိုဗစ် -၁၉ မျိုးကွဲအသစ်ကြောင့် ရက်ရွှေ့ဆိုင်းရန် ဆုံးဖြတ်လိုက်ရသည်ဟု သိရသည်။

ဆင်ဟွာ

## တောင်ဆူဒန်နိုင်ငံ၌ စက်လှေတိမ်းမှောက်မှုကြောင့် လူ ၁၀ ဦး သေဆုံးမှုအပေါ် စုံစမ်းစစ်ဆေး

**ဂျူဘား နိုဝင်ဘာ ၂၇**

နိုင်းမြစ် အထက်ပိုင်းဒေသရှိ ဝိုက်နိုင်းမြစ်တွင် ပြီးခဲ့သည့်သီတင်းပတ်က စက်လှေတိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး ကလေးငါးဦးအပါအဝင်လူ ၁၀ ဦး သေဆုံးခဲ့သည့်အတွက်စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် တောင်ဆူဒန်အာဏာပိုင်များက နိုဝင်ဘာ ၂၆ ရက်တွင် အမိန့်ပေးခဲ့သည်ဟု သိရသည်။

မိသားစုတစ်စုတည်းမှ ကလေး ခုနစ်ဦးအပါအဝင်လူ ၁၂ ဦး ရေနစ်ခဲ့ခြင်းဖြစ်သည်ဟု ရဲအရာရှိ အက်တမ်က ပြောသည်။ ၎င်းတို့အနက် နှစ်ဦး၏ အလောင်းများမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ စက်လှေတိမ်းမှောက်ရခြင်း၏အကြောင်းရင်းကိုမူ မသိရသေးကြောင်း၊ ဝန်တင်ဆောင်မှုများသည့်အတွက် မှောက်ရခြင်းလည်းဖြစ်နိုင်ကြောင်း၊ အဆိုပါစက်လှေပေါ်တွင် လူ ၂၈ ဦး တင်ဆောင်လာကြောင်း သိရသည်။

ဆင်ဟွာ

## တူရကီနိုင်ငံ၌ ကိုဗစ် -၁၉ ထပ်မံကူးစက်ခံရသူ ၂၄၀၀၂ ဦးတွေ့ရှိ

**အင်န်ကာရာ နိုဝင်ဘာ ၂၇**

တူရကီနိုင်ငံ၌ နိုဝင်ဘာ ၂၆ ရက်က ကိုဗစ် - ၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၄၀၀၂ ဦး ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၈၇၀၀၆၄၁ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

တူရကီ၌ ကိုဗစ် -၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူဦးရေမှာလည်း ၂၀၁ ဦးတိုးလာခဲ့ကြောင်းသိရသည်။ တူရကီနိုင်ငံ၌ ဇန်နဝါရီ ၁၄ ရက်မှစတင်ကာ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံမှုများပြုလုပ်ခဲ့သည်။ ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးသူ ၅၆ ဒသမ ၁၇ သန်းကျော်ရှိပြီး နှစ်ကြိမ် ကာကွယ်ဆေးထိုးပြီးသူ ၅၀ ဒသမ ၂၉ သန်းရှိသည်ဟု သိရသည်။

ဆင်ဟွာ

## ကာကွယ်ဆေးဝေမျှမှုကို လျင်လျင်မြန်မြန်ပြုလုပ်ရန်အတွက် သမ္မတဂျိုးဘိုင်ဒင် တောင်းဆို

**ဝါရှင်တန် နိုဝင်ဘာ ၂၇**

အမေရိကန် သမ္မတဂျိုးဘိုင်ဒင်သည် ဖွံ့ဖြိုးဆဲနိုင်ငံများကို ကိုဗစ်-၁၉ ကာကွယ်ဆေးများ လှူဒါန်းနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ကြရန် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းထံ တောင်းဆိုခဲ့သည်။


အမေရိကန် သမ္မတဂျိုးဘိုင်ဒင်။

နိုဝင်ဘာ ၂၆ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တောင်အာဖရိက၌ အိုမီခရွန်ဟု အမည်ပေးထားသည့် ကိုဗစ် - ၁၉ မျိုးကွဲအသစ် တွေ့ရှိကြောင်း ကြေညာပြီးနောက် ယခုလိုတောင်းဆိုမှု ပေါ်ထွက်လာခြင်းဖြစ်သည်။

မျိုးကွဲအသစ်နှင့်ပတ်သက်၍ သမ္မတ ဂျိုးဘိုင်ဒင်ကပြောကြားရာ၌ တစ်ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးထိုးနှံမှုများ ရှိသော်လည်း ကပ်ရောဂါ ဘာကြောင့် အဆုံးမသတ်နိုင်သည်ကို သိရှိသင့်ပြီဖြစ်ကြောင်း ပြောသည်။ ယခုတွေ့ရှိရသည့် မျိုးကွဲအသစ်သည် ကူးစက်မှုအလွန်လျင်မြန်မည်ဖြစ်ကြောင်း အိမ်ဖြူတော်ဆေးဘက်ဆိုင်ရာ အကြံပေးဖြစ်သူ အန်သိုနီဖောင်ချီက ပြောသည်။

ကိုဗစ် -၁၉ မျိုးကွဲအသစ် ကူးစက်မှုကို တားဆီးနိုင်ရေးအတွက် နိုင်ငံအများအပြားသည် ၎င်းတို့၏နယ်စပ်ထိန်းချုပ်မှုများကိုလုပ်ကိုင်နေပြီဖြစ်သည်။ အမေရိကန် ပြည်ထောင်စုသည်လည်း အာဖရိက တောင်ပိုင်းနိုင်ငံ ရှစ်နိုင်ငံကို ခရီးသွားလာမှု ကန့်သတ်မည် ဖြစ်ကြောင်း ကြေညာခဲ့သည်။

အင်န်အိတ်ချ်ကေ

## ၂၀၂၀ ပြည့်နှစ်က ဂျပန်နိုင်ငံ၌ ကင်ဆာဖြစ်ပွားမှုကျဆင်းခဲ့

**တိုကျို နိုဝင်ဘာ ၂၇**

ဂျပန်နိုင်ငံတစ်လွှားရှိ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းပေါင်း ၇၀ ရာခိုင်နှုန်းက ပြုလုပ်ထားသည့်လေ့လာမှုများအရ ပြီးခဲ့သည့်နှစ်အတွင်း ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းခဲ့သည်ကို တွေ့ရကြောင်း ပြောသည်။

အမျိုးသားကင်ဆာစင်တာက လူနာပေါင်း ၁၀၄၀၃၇၉ ဦး၏ အချက်အလက်များကိုလေ့လာခဲ့ကြသည်။ ၂၀၁၉ ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် ကင်ဆာဖြစ်ပွားမှုနှုန်းမှာ ၂၀၂၀ပြည့်နှစ်တွင် လျော့နည်းသွားသည်ဟု အဆိုပါစင်တာက ပြောသည်။

ပျမ်းမျှအားဖြင့် ၄ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းသွားသည်ဟု သိရသည်။ ကိုဗစ်-၁၉ အကျပ်အတည်းကြောင့် ဆေးစစ်မှုအရေအတွက် ကျဆင်းသွားသကဲ့သို့ ဆေးစစ်စင်တာများ ယာယီပိတ်ထားရသည့်အတွက်ကြောင့်လည်း အရေအတွက် ကျဆင်းသွားရခြင်းဖြစ်ကြောင်း ကင်ဆာစင်တာက ပြောသည်။

အင်န်အိတ်ချ်ကေ

# နိုဝင်ဘာ ၂၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၅၀၅ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁၂ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၀၇၉ ဦးရှိ

**(၂၇-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၄,၅၄၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၀၅) ဦးတွေ့ရှိ**ရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၁၀) ရာခိုင်နှုန်းရှိ**ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၅၂၃,၀၉၇)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၀,၂၁၁) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆၆၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၉၅,၄၀၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၂) ဦး ရှိသဖြင့်** ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၀၇၉) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၇-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၈၈) ခု | (၃၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၄၅) ခု | (၁၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၇၉) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၈၈) ခု | (၃၈) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၁) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၅၂) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၁၀) ခု | (၂၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၁,၈၅၅) ခု | (၃၈၄) ဦး |
| စုစုပေါင်း | (၂၄,၅၄၈) ခု | (၅၀၅) ဦး |

- ယခုဖြစ်ပွားနေဆဲဖြစ်သည့် တတိယလှိုင်းကာလအတွင်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုမြင့်မားခဲ့သော မြို့နယ် (၁၁၉) မြို့နယ်အား နေအိမ်တွင်နေထိုင်ရေး အစီအစဉ် (Stay at home) သတ်မှတ်ဆောင်ရွက်၍ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ခဲ့ရာတွင် လူနာသစ်တွေ့ရှိရမှုနှင့် ပိုးတွေ့ရှိနှုန်းလျော့နည်းကျဆင်းလာသော မြို့နယ်များအား (Stay at home) မြို့နယ်အဖြစ်မှ ဖြေလျှော့ပေးလျက်ရှိရာ ယနေ့အထိ နေအိမ်တွင်နေထိုင်ရေး အစီအစဉ်တွင် ဆက်လက်အကျုံးဝင်နေသည့် မြို့နယ် (၁၁) မြို့နယ်သာ ကျန်ရှိပါသည်။
- ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် လူမှုစီးပွားလုပ်ငန်းများ အမြန်ဆုံး ပုံမှန်ပြန်လည် လည်ပတ်နိုင်ရန်အတွက် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိသော်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုပြန်လည်မြင့်တက်လာနိုင်သည့် အခြေအနေကို သတိပြုကာကွယ်ရမည် ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ နေအိမ်တွင်နေထိုင်ရေးအစီအစဉ် (Stay at home) တွင် ဆက်လက်ပါဝင်သည့် မြို့နယ်များတွင် နေထိုင်သူများအနေဖြင့်လည်းကောင်း၊ နေအိမ်တွင်နေထိုင်ရေးအစီအစဉ် (Stay at home) တွင် ဆက်လက်ပါဝင်ခြင်းမရှိတော့သည့် မြို့နယ်များတွင်လည်းကောင်း၊ နေအိမ်တွင် နေထိုင်ရေး အစီအစဉ် (Stay at home)တွင် ပါဝင်ခဲ့ခြင်းမရှိခဲ့သည့် မြို့နယ်များတွင်လည်းကောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်၍ သတိပြုလိုက်နာဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၇- ၁၁ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၉၀၅၀၉၁၇ | ၃၈၈၄၀၆၈၃ | ၇၉၉၁၃၈ |
| ၂။ | အိန္ဒိယ | ၃၄၅၆၃၇၄၉ | ၃၃၉၈၈၇၉၇ | ၄၆၇၉၃၃ |
| ၃။ | ဘရာဇီး | ၂၂၀၆၇၆၃၀ | ၂၁၂၈၂၈၀၄ | ၆၁၄၀၀၀ |
| ၄။ | ဗြိတိန် | ၁၀၀၇၀၈၄၁ | ၈၉၁၂၄၂၄ | ၁၄၄၅၉၃ |
| ၅။ | ရုရှား | ၉၅၃၆၈၂၅ | ၈၂၃၇၄၆၅ | ၂၇၁၅၃၁ |
| ၆။ | တူရကီ | ၈၇၀၀၆၄၁ | ၈၂၃၃၅၀၀ | ၇၆၀၄၁ |
| ၇။ | ပြင်သစ် | ၇၅၅၁၁၈၂ | ၇၀၉၀၁၆၀ | ၁၁၈၈၃၇ |
| ၈။ | အီရန် | ၆၁၀၅၁၀၁ | ၅၈၅၃၀၆၆ | ၁၂၉၅၄၉ |
| ၉။ | ဂျာမနီ | ၅၆၉၅၂၀၆ | ၄၈၀၃၁၀၀ | ၁၀၁၁၇၀ |
| ၁၀။ | အာဂျင်တီးနား | ၅၃၂၄၀၃၉ | ၅၁၈၈၁၅၈ | ၁၁၆၅၀၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၇- ၁၁ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၅၆၇၂ | ၄၁၀၃၆၃၉ | ၁၄၃၈၀၇ |
| ဖိလစ်ပိုင် | ၂၈၃၁၁၇၇ | ၂၇၆၅၉၂၀ | ၄၈၂၀၅ |
| မလေးရှား | ၂၆၁၄၄၈၀ | ၂၅၁၆၆၉၃ | ၃၀၂၄၀ |
| ထိုင်း | ၂၁၀၀၉၅၉ | ၂၀၀၀၅၀၂ | ၂၀၆၇၅ |
| ဗီယက်နမ် | ၁၁၉၇၄၀၄ | ၉၅၆၉၂၄ | ၂၄၆၉၂ |
| မြန်မာ | ၅၂၀၂၁၁ | ၄၉၅၄၀၈ | ၁၉၀၇၉ |
| စင်ကာပူ | ၂၅၉၈၇၅ | ၂၄၄၃၆၅ | ၆၈၄ |
| ကမ္ဘောဒီးယား | ၁၂၀၀၆၄ | ၁၁၆၄၄၆ | ၂၉၂၇ |
| လာအို | ၇၀၃၂၃ | ၅၈၇၉၁ | ၁၅၄ |
| ဘရူနိုင်း | ၁၄၉၉၂ | ၁၄၃၆၇ | ၉၇ |

# ၂၆-၁၁-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၀/၂၀၂၂)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးတို့က သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက ယနေ့ သတင်းစာရှင်းလင်းပွဲကို တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ သတင်းထုတ်ပြန်ရေးနှင့် ပြောရေးဆိုခွင့်ရှိသူများ၊ သတင်းမီဒီယာများအားလုံး ကျန်းမာရွှင်လန်း ကြပါစေဟု ဦးစွာ ဆန္ဒမေတ္တာပို့သအပ်ပါကြောင်း၊ ယနေ့ သတင်းစာရှင်းလင်းပွဲတွင် အဓိက ပြောကြားသွားမည့်အကြောင်းအရာများမှာ (တစ်)မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် ကျင့်သုံးလာသည့် နိုင်ငံခြားရေးမူဝါဒများနှင့် မျက်မှောက်အခြေအနေ၊ (နှစ်) နိုင်ငံတော်အစိုးရ၏ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ (သုံး) NUG ၊ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ဆောင်ချက်များ၊ (လေး) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရှင်းလင်းသင့်သည်များကို ရှင်းလင်းသွားမည်ဖြစ်ကြောင်း၊ အစီအစဉ် (၁) မှ (၃)အထိ မိမိအနေဖြင့် ရှင်းလင်းပြောပြသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်အပိုင်းကို ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ပထမဦးစွာ မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်က ကျင့်သုံးပြုခဲ့သည့် နိုင်ငံခြားရေးမူဝါဒ သို့မဟုတ် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် မည်သည့်အခါမှ ရိုးသွားမည်မဟုတ်သည့် ဆိုရိုးစကားများရှိကြောင်း၊ **"နိုင်ငံအချင်းချင်းဆက်ဆံရေးတွင် အမြဲတမ်းရန်သူ၊ အမြဲတမ်းမိတ်ဆွေဟူ၍မရှိနိုင်၊ အမြဲတမ်း မပြောင်းလဲသောအရာကား အမျိုးသားအကျိုးစီးပွားသာလျှင်ဖြစ်သည်"** ဟု ပြောလိုကြောင်း၊ ထိုအဆိုက ၁၆၀၀ ပြည့်နှစ်လောက်ကတည်းက ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ယနေ့အထိလည်း နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ရည်ညွှန်းနေရဆဲ၊ မှန်ကန်နေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ဟင်နရီကစ်ဆင်ဂျာက **"နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ ကမ္ဘာကြီးသည် ယခုအထိ Reality ဘောင်မှ မလွတ်မြောက်သေး"**ဟု ဆိုခဲ့ခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

မိမိတို့မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ခေတ်အဆက်ဆက်ကျင့်သုံးလာသည့် နိုင်ငံခြားရေးမူဝါဒများကို လေ့လာကြည့်လျှင် အပြောင်းအလဲ ၃ ခုအပေါ် မူတည်ပြီး လေ့လာနိုင်ပါကြောင်း၊ ထိုအကြောင်းအရာများသည် လွတ်လပ်၍ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၊ လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒ နှင့် လွတ်လပ်တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒများဖြစ်ပါကြောင်း၊ အခြေခံဥပဒေ ၃ ခုအပေါ် မူတည်ပြီး လေ့လာတာဖြစ်ကြောင်း ပြောကြားသည်။

**လွတ်လပ်၍ဘက်မလိုက်သော မူဝါဒကို ချမှတ်ကျင့်သုံးခဲ့**

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၁၂)၊ ပုဒ်မ ၂၁၂ တွင် **"ပြည်ထောင်စုမြန်မာနိုင်ငံသည် ပြည်ထောင်စုအချင်းချင်း တရားမျှတမှုနှင့် နိုင်ငံတကာတို့ စောင့်ရှောက်အပ်သော ကျင့်ဝတ်မပြတ်ပေါင်းဖက်ဆောင်ရွက်ရေးကိုလည်းကောင်း ရွေးရမည်ဟူ၍ ခိုင်မာသောအဓိဋ္ဌာန်ကိုပြုသည်"** ဟု ဖော်ပြပါရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိသည့်အချိန်ကစပြီး ပါလီမန်ဒီမိုကရေစီခေတ်(၁၉၄၈-၁၉၆၂)၊ တော်လှန်ရေးကောင်စီခေတ် (၁၉၆၂-၁၉၇၁)တွေ မြန်မာနိုင်ငံခြားရေးမူဝါဒအနေဖြင့် **"လွတ်လပ်၍ဘက်မလိုက်"**သော မူဝါဒကို ချမှတ်ကျင့်သုံးခဲ့ခြင်းကို တွေ့ရပါကြောင်း ပြောကြားသည်။

မိမိတို့နိုင်ငံသည် ၁၉၇၁ ခုနှစ်မှစတင်ပြီး လွတ်လပ်၍ ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒမှ လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒသို့ အသွင်ပြောင်းလဲကျင့်သုံးလာခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ်က ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆ တွင် **"နိုင်ငံတော်သည် လွတ်လပ်သောနိုင်ငံခြားရေးမူဝါဒကို အစဉ်တစိုက်ကျင့်သုံး၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက် ဆက်ဆံရေးကိုရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်"** ဟူ၍ ဖော်ပြပါရှိခဲ့ကြောင်း၊ တပ်မတော်အစိုးရလက်ထက် နဝတအစိုးရအနေဖြင့် ကြေညာချက်အမှတ် ၃/၈၈နှင့် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒကျင့်သုံးသည်ဟု ထုတ်ပြန်ကြေညာခဲ့ပါကြောင်း ပြောကြားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ အပိုဒ် ၄၁ နှင့် ၄၂ တို့မှာ ဖော်ပြထားသည့် နိုင်ငံခြားရေးဝါဒသည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒဖြစ်သည်ကို လေ့လာတွေ့ရှိရကြောင်း၊ မြန်မာ့နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာဆက်ဆံရေးတို့တွင် လွှမ်းမိုးနေသည့်အချက်များ များစွာရှိသော်လည်း အဓိက ဩဇာကြီးမားလွှမ်းမိုးနေသည့် သဘောတူညီချက်မှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး ၅ ချက်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် ပြောင်းလဲခဲ့သည့် နိုင်ငံခြားရေးမူဝါဒ ၃ ခုလုံးတွင် ပါဝင်နေခြင်းက **"လွတ်လပ်၍"** ဟူသော အဓိပ္ပာယ်ရသည့် စကားပုဒ်ဖြစ်ကြောင်း ထူးခြားစွာတွေ့နိုင်ပါကြောင်း ပြောကြားသည်။

မိမိတို့နိုင်ငံ၏ ခေတ်အဆက်ဆက် နိုင်ငံခြားရေးမူဝါဒအပေါ် လွှမ်းမိုးနေသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ချက်ကို ပြောလိုပါကြောင်း၊ ထိုအချက်များမှာ နံပါတ်(တစ်)အနေဖြင့် တစ်နိုင်ငံ၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တစ်နိုင်ငံက လေးစားရန်၊ နံပါတ်(နှစ်)အနေဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှုမပြုရန်၊ နံပါတ်(သုံး)အနေဖြင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပြည်တွင်းရေးရာများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ နံပါတ်(လေး)အနေဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူရည်တူမှုရှိစေရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးတူဖြစ်ထွန်းရန်၊ နံပါတ်ငါးအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန် အချက်များဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် ခေတ်အဆက်ဆက် နိုင်ငံတကာဆက်ဆံရေးတွင် ထိုမူဝါဒများကို တိကျစွာလိုက်နာကျင့်သုံးခဲ့ကြောင်း၊ ထိုကဲ့သို့ကျင့်သုံးနိုင်ခဲ့မှုကြောင့် မိမိတို့နိုင်ငံသည် ယခင်က ဒေသတွင်း၊ ယခု ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား လွတ်လပ်သော အချုပ်အခြာပိုင်နိုင်ငံအဖြစ် နှစ်ပေါင်း ၇၀ ကျော်ကြာ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၃ ခု၏ နိုင်ငံခြားရေးမူဝါဒတိုင်းတွင်ပါသည့် " လွတ်လပ်၍ " ဆိုသောစကားနှင့် ထိုငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ရပ်ကို ပေါင်းစပ်ကြည့်လျှင် ထိုမူကြီး ၅ ရပ်ကို မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်စွာကျင့်သုံးခဲ့ကြောင်း၊ **"ဆက်လက်ပြီး ကျင့်သုံးနိုင်ကြောင်း၊ ကျင့်သုံးသင့်တယ်"** ဟု တွေ့ရှိရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အာဆီယံစိတ်ဓာတ်၊ အာဆီယံနည်းလမ်းများအတိုင်း လိုက်နာကျင့်သုံး**

မိမိတို့နိုင်ငံသည် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် အရှေ့တောင် အာရှနိုင်ငံများအသင်း (ASEAN) ကို အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ကြောင်း၊ အာဆီယံပဋိညာဉ်၊ အာဆီယံစိတ်ဓာတ်၊ အာဆီယံနည်းလမ်းများအတိုင်း လိုက်နာကျင့်သုံး နေထိုင်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်က အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ်ကာလတွင် အသင်းကြီး၏ ၂၀၁၅ ခုနှစ်အလွန် ရည်မှန်းချက်များဖြစ်သည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း APSC၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း AFCC၊ အာဆီယံစီးပွားရေးအသိုက်အဝန်း AEC ထူထောင်ရေးလုပ်ငန်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများနှင့်အတူ အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ယခုအချိန်အခါတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများထဲက အချို့နိုင်ငံများက မြန်မာနိုင်ငံအနေဖြင့် အာဆီယံအစည်းအဝေးများ တက်ရောက်ရေးကိစ္စအပါအဝင် ကိုယ်စားပြုမှုဆိုင်ရာကိစ္စများနှင့် တူညီဆန္ဒမရှိဘဲဆောင်ရွက်ခဲ့မှုများသည် အာဆီယံ၏ပဋိညာဉ်စာတမ်းနှင့် အခြေခံမူများမှာ ပြဋ္ဌာန်းထားမှုမရှိခြင်း၊ အာဆီယံ၏ ရည်ရွယ်ချက်များကို ဆန့်ကျင်နေခြင်း တွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံဘက်မှ ကန့်ကွက်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတကာဥပဒေတွင် ပဋိညာဉ်များနှင့်

*စာမျက်နှာ ၁၇ သို့*



သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည်များကို သတင်းမီဒီယာသမားများ ကြည့်ရှုလေ့လာစဉ်။




ကောင်းပြည့်စုံဦး ဦးဆောင်သည့် အကြမ်းဖက်အဖွဲ့ဝင်များ တိမ်းရှောင်နေထိုင်ခဲ့သည့် နေရာများ။

**CRPH/NUG အကြမ်းဖက်အဖွဲ့၏ စေခိုင်းချက်အရ မောင်ကျော်(ခ) ဖြိုးဇေယျာသော်မှ လက်နက်/ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများထုတ်ပေး၍ လုံခြုံရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများ၊ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများအား အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ**



*စာမျက်နှာ ၁၆ မှ*

ပတ်သက်ပြီး ထင်ရှားသည့် ဥပဒေစကားရပ်တစ်ရပ် ရှိပါကြောင်း၊ ထိုစကားရပ်က လက်တင်ဘာသာစကားဖြင့် **"Pacta Sunt Servanda"** (ပန်တာဆွန်စာဗင်ဒါ)ပဲဖြစ်ကြောင်း၊ အဓိပ္ပာယ်က ပဋိညာဉ်များကို လိုက်နာရမည့် ဥပဒေသ "Agreements must be kept " ဖြစ်ကြောင်း၊ နိုင်ငံတကာဥပဒေမှာ ပဋိညာဉ်များသည် သဘောတူထားသည့် အဖွဲ့များက စိတ်ရင်းအမှန်ဖြင့် လိုက်နာကျင့်သုံးခြင်း "Executed in good faith" ကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ပဋိညာဉ်ကို လက်မှတ်ရေးထိုးထားသည့် နိုင်ငံများအနေဖြင့် ၎င်းတို့၏ ကတိကဝတ်များနှင့် ဖော်ဆောင်ရမည့် တာဝန်များကို ၎င်းတို့၏ အမြင့်မားဆုံးစွမ်းရည် " to the best of their abilities" အဖြစ် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အာဆီယံပဋိညာဉ်(The ASEAN Charter) သည် "The Vienna Conventin on the law of Treaties" နှင့် အကျုံးဝင်သည့် ပဋိညာဉ်ဖြစ်ပါကြောင်း၊ ဗီယင်နာကွန်ဗင်းရှင်း အပိုဒ် ၂၆ အရ ပဋိညာဉ်ကို လက်မှတ်ရေးထိုးမည့် နိုင်ငံများအနေဖြင့် ပဋိညာဉ်တွင် ပါရှိသည့်အချက်များကို လိုက်နာရမည်ဖြစ်ကြောင်း၊ အဆိုပါကွန်ဗင်းရှင်းမှာ အသက်ဝင်နေသည့် ပဋိညာဉ်များကို လက်မှတ်ရေးထိုးထားသည့် နိုင်ငံများအနေဖြင့် ရိုးသားစွာ အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ထိုအချက်များသည် နိုင်ငံတကာဥပဒေတွင်ရှိပြီး အချက်များဖြစ်သည့်အတွက် နိုင်ငံတိုင်း စောင့်ထိန်းရမည်ဖြစ်ကြောင်း ပြောကြားသည်။

**တည်နေရာအနေအထားအရ အရေးပါမှုရှိ**

အာဆီယံဒေသတွင်း အခြေအနေနှင့်ပတ်သက်ပြီး အာဆီယံဒေသသည် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာအကြား အချက်အချာကျကျတည်ရှိပြီး ကုန်းမြေပိုင်းနှင့် ကျွန်းစုပိုင်းနယ်မြေများပါရှိသည့် ဒေသဖြစ်ပါကြောင်း၊ ထိုသမုဒ္ဒရာ နှစ်စင်း၏ ကုန်သွယ်ရေးနှင့်လုံခြုံရေးအရ အရေးပါမှုသည် တစ်နေ့တခြား မြင့်မားလာနေကြောင်း၊ အင်ဒို-ပစိဖိတ်ရပ်ဝန်းဒေသတွင် အင်အားကြီးနိုင်ငံများ၏ အားပြိုင်လုပ်ဆောင်ချက်များသည် တစ်နေ့တခြား စိတ်ဝင်စားဖွယ်ကောင်းသည့် အနေအထား ဖြစ်ပေါ်လျက်ရှိကြောင်း၊ အာဆီယံဒေသတွင်းရှိ မလက္ကာရေလက်ကြားသည် ကမ္ဘာ့ကုန်သွယ်ရေး၊ လုံခြုံရေးတွင် အရေးပါသည့် နေရာဖြစ်ပါကြောင်း၊ ကုန်သွယ်သင်္ဘောများ အများဆုံးနီးပါးဖြတ်သွားနေသည့်နေရာဖြစ်ကြောင်း၊ ယင်းနေရာ အနီးတစ်ဝိုက်ရှိ အာဆီယံနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနိုင်ငံ စသည့်နိုင်ငံများ ရှိပါကြောင်း၊ ယင်းဒေသကို လွှမ်းမိုးလိုသည့် နိုင်ငံကြီးများ၏ ပြိုင်ဆိုင်မှုလည်းရှိပါကြောင်း၊ ၎င်းတို့၏ အကျိုးစီးပွားအတွက် လုပ်ကိုင်ဆောင်ရွက်နေကြခြင်းများလည်း ရှိသည်ကို သိရှိစေလိုကြောင်း၊ ယခုနှစ် စက်တင်ဘာလတွင် အမေရိကန်၊ ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံတို့သည် ၃ နိုင်ငံ လုံခြုံရေးဆိုင်ရာမဟာမိတ် (AUKUS) အဖြစ် ဖွဲ့စည်းမှုကိုကြေညာခဲ့ကြောင်း၊ ထိုအရာသည် ဒေသတွင်း လက်ရှိဖြစ်ပွားနေသည့် အခြေအနေများဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အဆိုပါနယ်မြေထဲ၌ တောင်အာရှ၏ အရှေ့ဘက်၊ အရှေ့တောင်အာရှဒေသ၏ အနောက်မြောက်ဘက်ဒေသကြီး ၂ ခုကြားတွင် တည်ရှိနေသည့်အပြင် အင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား တည်ရှိနေသည့်နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် တည်နေရာအနေအထားအရ အရေးပါမှုရှိတယ်ဟု ဆိုနိုင်ကြောင်း၊ အရေးပါသည်ဆိုတိုင်း သုခချည်းသာလာခြင်း မဟုတ်ကြောင်း၊ အရေးပါမှုတွင် ဒုက္ခနှင့်သုခ ဒွန်တွဲနေကြောင်း၊ ခေတ်စကားနှင့်ပြောရလျှင် အခွင့်အလမ်း **(Opportunity)** နှင့် ခြိမ်းခြောက်မှု **(Threat)**က ယှဉ်တွဲလျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ယနေ့ဖြစ်ပေါ်နေသည့်ကိစ္စတွေသည် ထိုအရာများနှင့် အနည်းနှင့်အများ ဆက်စပ်လျက်ရှိကြောင်း အသိပေးလိုပါကြောင်းနှင့် သတိရှိကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

မိမိတို့နိုင်ငံသည် တည်နေရာအနေအထားအရ အရေးပါသည်ဆိုလျှင် ထိုအရေးပါမှုများကို အရာရောက်စေရေးအတွက် နိုင်ငံတကာဆက်ဆံရေးသည် အစိုးရ၏လုပ်ငန်း၊ သံတမန်များ၏ လုပ်ငန်းသာမက ပြည်သူ့လုပ်ငန်း၊ နိုင်ငံသားတို့၏ လုပ်ငန်းအဖြစ် ခံယူလုပ်ဆောင်နိုင်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံသားသံတမန်ရေးရာ **(Citizen Diplomacy)** နှင့် လူထုသံတမန်ရေးရာ **(Public Diplomacy)**တို့ ပါဝင်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံသားသံတမန်ရေးရာ **(Citizen Diplomacy)** အယူအဆတွင် အစိုးရ၏ နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ရေးကိစ္စများကို အထောက်အကူပြုပေးနိုင်သည့် အစိုးရမဟုတ်သူများ၊ နိုင်ငံသားအချင်းချင်း ဆက်ဆံမှုများပါဝင်မည်ဖြစ်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်အဖွဲ့အစည်းများ အပြန်အလှန်ဆက်သွယ်ခြင်း၊ စီးပွားရေးအဖွဲ့အစည်းများ အချင်းချင်းဆက်သွယ်ခြင်းစသည်များ ပါဝင်ပြီး အစိုးရ၏ သံတမန်နည်းလမ်းများကို လုံးဝအစားထိုးခြင်းမဟုတ်ဘဲ ပါနိုင်သည့် အင်အားအခြေအနေများနှင့် နိုင်ငံ့ကောင်းကျိုး ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူထုသံတမန်ရေးရာ **(Public Diplomacy)**တွင် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို မြှင့်တင်နိုင်ရန်၊ ကာကွယ်စောင့်ရှောက်နိုင်ရန် မိမိနိုင်ငံ၏ပုံရိပ်များ၊ တန်ဖိုးများကို နိုင်ငံတကာကသိရှိအောင် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ထဲကို ၁၉၉၇ ခုနှစ်၊ တပ်မတော်အစိုးရလက်ထက်ကတည်းက ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အစိုးရကို ကိုယ်စားပြုဝင်ရောက်ခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံတော်ကို ကိုယ်စားပြုဝင်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ အာဆီယံသည် လူမှုအသိုက်အဝန်းတစ်ခုဖြစ်ကြောင်း၊ EU၊ AU စသည့် အဖွဲ့တွေနှင့် မတူပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် ပဋိညာဉ်များ၊ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာလျက်ရှိကြောင်း၊ အချို့နိုင်ငံများအနေဖြင့် အယူအဆ၊ အယူဝါဒကွဲပြားမှုများရှိပါကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံခြားရေးမူဝါဒအတိုင်း (တစ်)လွတ်လပ်တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒ၊ (နှစ်) ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေး၊ (သုံး) နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးများကို ဆက်လက်လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ပညာသင်ယူခြင်းသည် ကျောင်းသား၊ ကျောင်းသူများအတွက် အရေးပါပြီး ရပ်တန့်၍မရသည့် လုပ်ငန်းတစ်ရပ်ဖြစ်**

ဒုတိယအချက်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ နိုင်ငံတော်အစိုးရ၏ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ပြောကြားလိုပါကြောင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်မှုအနေဖြင့် မိမိတို့နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာ အခြေခံပညာကျောင်းများ ပိတ်ထားခဲ့ရကြောင်း၊ နစကအစိုးရအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့က ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို တစ်ပြိုင်တည်း ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကြောင့် ဇူလိုင်လကစပြီး ကျောင်းများ ထပ်မံပိတ်ထားခဲ့ရကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြား/သင်ယူမှု အခွင့်အလမ်းများ လျော့နည်းခဲ့ရကြောင်း၊ ပညာသင်ယူခြင်းသည် ကျောင်းသား၊ ကျောင်းသူများအတွက် အရေးပါပြီး ရပ်တန့်၍မရသည့် လုပ်ငန်းတစ်ရပ်ဖြစ်ခြင်းကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသားများ ပညာသင်ယူမှုအခွင့်အလမ်း မဆုံးရှုံးစေရန်အတွက် ဦးစားပေးပြီး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အချိန်တွင် မိဘပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာခြင်း၊ ပိုးတွေ့ရှိမှုနှုန်း သိသာစွာကျဆင်းလာခြင်း၊ ကာကွယ်ဆေးထိုးနှံမှုများအား ဦးတည်အုပ်စု ၂၄ ခု သတ်မှတ်ထားသည့် ဦးစားပေးအစီအစဉ် အလိုက်အရ အသက် ၁၂ နှစ်အထက် ကျောင်းသား၊ ကျောင်းသူပေါင်း ၁,၂၂၃,၀၅၄ ဦး (၁၂ သိန်းကျော်)ကို ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးစီးခြင်း၊ ဆေးထိုးနှံပြီးစီးမှု ၆၆ % ခန့်ရှိခြင်းကြောင့် နိုဝင်ဘာလ ၁ ရက်နေ့ကစပြီး အခြေခံပညာကျောင်းများကို မြို့နယ် ၄၆ မြို့နယ်မှအပ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း၊ အဆိုပါ ၄၆ မြို့နယ်ရှိ ကျောင်းများ ဆက်လက်ပိတ်ထားရမည့် အခြေအနေဖြစ်ပါကနေအိမ်၌ ကိုယ်တိုင်လေ့လာသင်ယူနိုင်ရန်အတွက် ဖြေလျှော့သင်ရိုး (Reduced Curriculum)များကို ကျောင်းသား၊ ကျောင်းသူများထံရောက်ရှိသည့်အထိ ဖြန့်ဝေဆောင်ရွက်မည်ဖြစ်ကြောင်း၊ နောက်တစ်နည်းက နေအိမ်တွင် ကိုယ်တိုင်လေ့လာသင်ယူနိုင်သည့် DBE Stick များ ဖြန့်ဝေနိုင်ရန်အတွက် လျာထားစီစဉ်ဆောင်ရွက်နေခြင်းများရှိကြောင်း၊ အဆိုပါ ၄၆ မြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှု တဖြည်းဖြည်းကျဆင်းလာပြီး ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်မည့် အခြေအနေဆိုလျှင် ဖြေလျှော့သင်ရိုး (Reduced Curriculum) အတိုင်း ပြည့်မီအောင် ကျောင်းသား၊ ကျောင်းသူများကို အစားထိုးသင်ယူစေမည့်နည်းလမ်းများနှင့် သင်ကြားပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံသူ ၄,၇၇၂,၉၄၃ ဦး (၄၇ သိန်းကျော်)ရှိပြီး လက်ရှိအခြေအနေအထိ ကျောင်းတက်ရောက်သူသည် ၃,၃၁၃,၄၈၂ ဦး (၃၃ သိန်းကျော်) ရှိခြင်းကြောင့် ကျောင်းတက်မှု ရာခိုင်နှုန်းအားဖြင့် ၇၀% ခန့် ရှိပါကြောင်း ပြောကြားသည်။

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၇ မှ*

သင်ခန်းစာများ သင်ယူမှုအခြေအနေအနေဖြင့် ကျောင်းသား/ကျောင်းသူများ ပညာသင်ယူရာတွင် မဖြစ်မနေလိုအပ်သည့် သင်ခန်းစာများကို ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ အဆင့်မြင့်ပညာဦးစီးဌာနတို့ပူးပေါင်းပြီး သင်ကြားမည့်ကာလနှင့် လိုက်လျောညီထွေရှိသည့် ဖြေလျှော့သင်ရိုး(Reduced Curri–culum)ကို ညှိနှိုင်းရေးဆွဲပြီး သင်ကြားပေးလျက်ရှိကြောင်း၊ အခြေခံပညာ အတန်းအားလုံးအတွက် မူလသတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်း ၁၀၀ ရာခိုင်နှုန်း အနက် ၆၀ ရာခိုင်နှုန်းခန့်ကို ကျောင်းတွင် သင်ကြားပြီး၊ ကျန် ၄၀ ရာခိုင်နှုန်းခန့်ကို ကိုယ်တိုင်လေ့ကျင့်ရမည့် သင်ခန်းစာနှင့် အိမ်တွင်းလေ့ကျင့်ခန်းပြုလုပ်သည့်ပုံစံအဖြစ် ပြောင်းလဲပြီး ကျင့်သုံးသင်ကြားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကျောင်းအမြန်တက်ရောက်နိုင်ရေး တိုက်တွန်းနှိုးဆော်**

စာမေးပွဲစစ်ဆေးဆောင်ရွက်သွားမည့် အခြေအနေများအနေဖြင့် ကျောင်းသားများ၏ သင်ယူမှု၊ တတ်မြောက်မှုရလဒ်ကို တိုင်းတာရန်အတွက် ကျောင်းတွင်း စစ်ဆေးအကဲဖြတ်ခြင်းကို ပထမနှစ်ဝက် စစ်ဆေးခြင်းနှင့် နှစ်ဆုံးစစ်ဆေးခြင်းဆိုပြီး နှစ်ကြိမ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပထမနှစ်ဝက်စစ်ဆေးခြင်းကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ၊ ပထမပတ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုစစ်ဆေးခြင်းတွင် နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ သင်ယူခဲ့သည့် သင်ခန်းစာများ ပါဝင်မည်ဖြစ်ကြောင်း၊ နှစ်ဆုံးစစ်ဆေးခြင်းကို မတ်လလောက်တွင် စစ်ဆေးရန် ရည်မှန်းထားပြီး ဇန်နဝါရီလမှ မတ်လအတွင်း သင်ယူခဲ့သည့် သင်ခန်းစာများကို စစ်ဆေးအကဲဖြတ်မည်ဖြစ်ကြောင်း၊ သင်ရိုးဟောင်း (Grade–11) တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို ဧပြီလ သင်္ကြန်မတိုင်ခင်အတွင်း စစ်ဆေးမည်ဖြစ်ပြီး ကျောင်းတွင်းစစ်အတန်းများ၏ နောက်ဆုံးစစ်ဆေးခြင်းကို တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ မတိုင်မီ မတ်လအတွင်း စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ (Grade–1 ကနေ Grade–3) ထိ တတ်မြောက်မှုစစ်ဆေးခြင်းကို စာသင်ခန်းအတွင်း ပုံမှန်စစ်ဆေးအကဲဖြတ်ခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စာသင်နှစ်ကာလသည် ၆ လခန့်သာ ကြာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိမေတ္တာရပ်ခံလိုသည်မှာ မိဘပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းအပ်နှံမှု မနှောင့်နှေးစေဘဲ အချိန်မီအပ်နှံရန်၊ ကျောင်းခေါ်ချိန်ပြည့်မီစေရန် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအမြန်တက်ရောက်နိုင်ရေး ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ကိုဗစ်–၁၉ ကပ်ရောဂါနှင့် ပတ်သက်ပြီး နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များကို ပြောကြားလိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်ပြီး **လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိဘူး** ဆိုသည့် မူဝါဒအတိုင်း ကိုဗစ်–၁၉ ကပ်ရောဂါ တတိယလှိုင်းကို ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ဖြစ်ပွားနေသည့် ကိုဗစ်–၁၉ ကပ်ရောဂါ တတိယလှိုင်းကို အစိုးရ၊ ပြည်သူလူထု၊ လူမှုရေးအသင်းအဖွဲ့များနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်ပြီး ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အဆိုပါလ နောက်ဆုံးပတ်အတွင်း ရောဂါပိုးကူးစက်မှုနှုန်းသည် ၂ ဒသမ ၃၅ ရာခိုင်နှုန်းသာရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ရောဂါပိုးကူးစက်မှု အများဆုံးဖြစ်သည့် ဇူလိုင်လ ၂၃ ရက်နေ့တွင် ဆေးစစ်ခဲ့ သူများအနက် ၄၁ ရာခိုင်နှုန်း ပိုးတွေ့ရှိခဲ့ခြင်းနှင့် ယှဉ်လျှင် ပိုးတွေ့ရှိမှု နှုန်းသည် ၃၈ ဒသမ ၆၅ ရာခိုင်နှုန်းထိ လျှော့ချနိုင်ခဲ့ကြောင်း၊ ထိုလုပ်ဆောင်ချက်များသည် မိမိတို့အားလုံး၏ တာဝန်သိသိ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အကျိုးကျေးဇူးများကြောင့်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် ပြည်သူလူထုအပေါ် ကျန်းမာရေးစောင့်ရှောက်မှုမည်မျှအထိ အလေးအနက်ထားသည်ကို ဖော်ပြချက်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားမှုကို အတိုင်းအတာတစ်ခုအထိ ကောင်းမွန်စွာထိန်းချုပ်နိုင်သည့် အခြေအနေတွင်ရှိပြီး Stay at Home အကျုံးဝင်သည့် မြို့နယ် ၁၁ မြို့နယ်သာရှိသည်ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာမှုနှုန်း (Recovery) အနေဖြင့် ၉၈ ဒသမ ၄၇ ရာခိုင်နှုန်းရှိသည့်အတွက် အခြားနိုင်ငံများနည်းတူ ပြန်လည်ကောင်းမွန်မှုနှုန်းရှိသည်ကို ပြောလိုပါကြောင်း ပြောကြားသည်။

**ကာကွယ်ဆေးလွှမ်းခြုံမှုမြင့်မားအောင် ဆောင်ရွက်နေ**

ဆက်လက်ပြီး ကိုဗစ်ကာကွယ်ဆေးများရရှိမှုအနေဖြင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့အထိ ကျန်းမာရေးဝန်ကြီးဌာနက ဝယ်ယူထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးစုစုပေါင်း ၃၁ သန်းကျော်နှင့် မိတ်ဆွေနိုင်ငံများက လှူဒါန်းလာသည့် ကာကွယ်ဆေး စုစုပေါင်း ၁၀ သန်းကျော်ရရှိပြီး ဖြစ်ခြင်းကြောင့် စုစုပေါင်း ၄၁ သန်းကျော် ရရှိပြီးဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး စုစုပေါင်း ၃၁ သန်းကျော် ဝယ်ယူထားသည့်ဆေးများ အားလုံးရောက်ရှိပြီးဖြစ်ကြောင်း၊ လှူဒါန်းမှုအနေဖြင့် ၁၀ သန်းကျော်ဖြစ်ကြောင်း၊ ဝယ်ယူထားသည့်ဆေးများ အားလုံးရောက်ရှိပြီးဖြစ်ကြောင်း၊ လှူဒါန်းသည့်ဆေးများထဲတွင် တရုတ်နိုင်ငံက လှူဒါန်းထားသည့် ၆ သိန်း ကျော်သာ ရောက်ရန် ကျန်ရှိကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ နယ်စပ်မြို့ကြီးများအတွက်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် Russia နိုင်ငံထုတ် Sputnik Light ၂ သန်းကို ထပ်မံဝယ်ယူရေး စာချုပ်ချုပ်ဆိုပြီးဖြစ်ကြောင်း၊ လာမည့် ဒီဇင်ဘာလထဲတွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများအတွက် လိုအပ်သည့်ကာကွယ်ဆေးများ ထပ်မံရရှိရန် ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ညှိနှိုင်းဆောင်ရွက်နေသလို စက်မှုဝန်ကြီးဌာနအနေဖြင့် တရုတ်နိုင်ငံနှင့် သဘောတူညီချက်ရယူပြီး ပြည်တွင်းတွင် ကာကွယ်ဆေးများထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်းရောက်ရှိနေသည့် ကာကွယ်ဆေး၊ ပြည်ပနိုင်ငံများက ထပ်မံရောက်ရှိလာမည့် ကာကွယ်ဆေးများကို အသုံးပြုပြီး တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကာကွယ်ဆေးလွှမ်းခြုံမှုမြင့်မားအောင် ဆောင်ရွက်နေကြောင်း၊ ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်ပြီး ကမ္ဘာတွင် နောက်ထပ်ဖြစ်ပွားနေသည့် စတုတ္ထလှိုင်း ထပ်မံဖြစ်ပွားမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

**ခရီးသွားလုပ်ငန်းများ၊ နယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်**

ဆက်လက်ပြီး ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအနေဖြင့် နိုဝင်ဘာလ ၂၀ ရက်နေ့အထိ တစ်နိုင်ငံလုံးလူဦးရေ၏ စုစုပေါင်း ၁၅ ဒသမ ၃ သန်းကို ကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီး ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံပြီးစီးသူ ၁၀ ဒသမ ၄ သန်း၊ ပထမအကြိမ် ထိုးနှံပြီးစီးသူ ၄ ဒသမ ၉ သန်း၊ ထိုးနှံပြီးကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း ၂၅ ဒသမ ၈ သန်းကို ထိုးနှံပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်အကုန်တွင် ရည်မှန်းအသက် ၁၈ နှစ်နှင့်အထက် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပြီးစီးရန် ရည်မှန်းထားကြောင်း၊ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူများကို ကာကွယ်ဆေးထိုး စီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ်(VMIS)တွင် စနစ်တကျ ထည့်သွင်းပြီး QR Code စနစ်နှင့် အသိအမှတ်ကတ်ပြားများကို ပြုလုပ်ထုတ်ပေးလျက်ရှိပါကြောင်း၊ ထိုကဲ့သို့ထုတ်ပေးခြင်းအားဖြင့် ကာကွယ်ဆေးထိုးပြီးသူများအနေဖြင့် ခရီးသွားလာရာတွင် ကာကွယ်ဆေးထိုးနှံပြီးကြောင်း အထောက်အထားအဖြစ် ပြသနိုင်မည်ဖြစ်သကဲ့သို့ ကာကွယ်ဆေးထိုးနှံပေးသည့် တာဝန်ရှိသူများအနေဖြင့် ဆေးထိုးပြီး/မပြီးကို ခွဲခြားသိရှိနိုင်မည်ဖြစ်ကြောင်း၊ ကိုဗစ်–၁၉ ရောဂါ လျော့နည်းလာခြင်းနှင့်အမျှ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းများ၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အစိုးရအနေဖြင့် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် ဒီဇင်ဘာလ သို့မဟုတ် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအနေဖြင့် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုလုပ်ဆောင်ချက်များက ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်ပြီး မိမိတို့အစိုးရ၏ ဆောင်ရွက်ချက်များဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ဆောင်ချက်များကို ပြောကြားလိုကြောင်း၊ ထိုအကြောင်းများမပြောမီ EAO အဖွဲ့အချို့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေအချို့ကို ဦးစွာပြောလိုကြောင်း၊ EAO အဖွဲ့များထဲက KIA တပ်မဟာ(၃)နှင့် ဆက်စပ်နယ်မြေ၊ KNU တပ်မဟာ(၅) နှင့် ဆက်စပ်နယ်မြေ၊ CNF တို့နှင့် ထိတွေ့တိုက်ပွဲအချို့ ဖြစ်ပွားခဲ့ကြောင်း၊ ယခု အောက်တိုဘာလနှင့်နိုဝင်ဘာလထဲတွင် ရှမ်းပြည်နယ်အရှေ့မြောက်ဘက်၌ MNDAA နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားမှု ခပ်စိပ်စိပ်ဖြစ်လာခြင်း တွေ့ရကြောင်း၊ ထိုနေရာတွင် ထူးခြားချက်က MNDAA ကိုးကန့်အဖွဲ့ဖြင့် ထိတွေ့တိုက်ပွဲတိုင်းတွင် ကျည်သုံးစွဲမှု၊ ခဲယမ်းသုံးစွဲမှု ယခင်ကထက်ပိုပြီး အမြောက်အမြား အသုံးပြုနေခြင်းကို တွေ့ရကြောင်း၊ မိမိတို့ မြေပြင်ရရှိသတင်းနှင့် အခြားအရင်းအမြစ်များက ရရှိသည့်သတင်းများအရ ဥပမာ လက်နက်ငယ်ကျည် ၂၆၀၀၀၀ ကျော်(၂သိန်းခန့်နီးပါး)၊ RPG ဗုံးသီး ၅၃၀၀ ကျော်၊ ၁၀၇ မမဒုံး ၄၀ ကျော် ပစ်ခတ်ခဲ့ခြင်းတွေ့ရကြောင်း၊ ထိုကဲ့သို့များပြားသည့်ကျည်၊ ခဲယမ်းပမာဏများရရှိ၊ ပစ်ခတ်နိုင်ခြင်းသည် သံသယရှိဖွယ်အရင်းအမြစ်ကို ဆက်စပ်ဖော်ထုတ်ရန် လိုအပ်သည့်အကြောင်းအရင်းများ ဖြစ်ပါကြောင်း ပြောကြားသည်။ *စာမျက်နှာ ၁၉ သို့*



KNLA တပ်မဟာ (၁/၂)နယ်မြေအတွင်းရှိ အကြမ်းဖက် PDF စခန်းများအား သိမ်းဆည်းရမိမှု

New Naratif မီဒီယာတွင် အွန်လိုင်းမှတဆင့် လက်လုပ်သေနတ်၊ လက်လုပ်ဗုံး ပြုလုပ်နည်း၊ အကြမ်းဖက်ဖောက်ခွဲနည်း သင်တန်းပေးနေခြင်း



*စာမျက်နှာ ၁၈ မှ*

NUG ၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအကြောင်း ပြောလိုကြောင်း၊ ယခုလပိုင်း အတွင်း အကြမ်းဖက် NUG အဖွဲ့က လုပ်ခဲ့သည့် “ Hit List ” ဆိုသည့် စာရင်းနှင့်ပတ်သက်ပြီး မီဒီယာများသိပြီးဖြစ်ကြောင်း၊ ခြိမ်းခြောက်ခံ ရပြီး ထုတ်ဖော်မပြောရဲအောင် ဆောင်ရွက်ခံရသူလည်း အများအပြား ရှိကြောင်း၊ လက်တွေ့မှာ ခြိမ်းခြောက်ခံရပြီး ထုတ်ဖော်ပြီး မပြောရဲ သည့် အခြေအနေများရှိကြောင်း၊ ထိုအကြောင်းနှင့်ပတ်သက်ပြီး အသေးစိတ် မပြောလိုသော်လည်း ခြိမ်းခြောက်ခံရသူ၊ နစ်နာခဲ့သူများ အနေဖြင့် နိုင်ငံတကာသံရုံးများကို အကြောင်းကြားရာတွင် ထိုသတင်း ပေါက်ကြားစေမှုကို အချို့သံရုံး အရင်းအမြစ်များဆီက ရရှိခဲ့ခြင်း တွေ့ရကြောင်း၊ ထိုစာရင်းသည် ၎င်းတို့လုပ်ခြင်း မဟုတ်ဘူးဆိုပြီး NUG အကြမ်းဖက်အဖွဲ့က လူများအသည်းအသန် ငြင်းပြ၊ ရှင်းပြ နေခြင်းကို တွေ့ရပါကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းများကို နိုင်ငံ တကာအဖွဲ့နှင့် သံရုံးအချို့က နှုတ်ပိတ်နေသည်ကိုလည်း အံ့သြ ဖွယ်ရာ တွေ့ရှိရကြောင်း ပြောကြားသည်။

**အစွန်းရောက်အတွေးအခေါ်များကို သင်ကြားပေးခဲ့**

၎င်းတို့ မည်သို့ပင်ငြင်းနေကြပါစေ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များ၊ အကြမ်းဖက်လုပ်ရပ်များလုပ်ရန် သွေးထိုးလှုံ့ဆော်မှုများသည် မတွေ့ ချင်၊ မမြင်ချင်အဆုံး ဖြစ်ပါကြောင်း၊ ၎င်းတို့ အကြမ်းဖက်ခေါင်းဆောင် များ၊ အဓိကလှုံ့ဆော်သူများ လုပ်ခဲ့သည့် ထင်ရှားသည့်အရာများကို ပြောပြလိုကြောင်း၊ NUG အဖွဲ့က အဓိကလှုံ့ဆော်သူ ဆာဆာအနေဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်ခဲ့သည့် အမေရိကန် နိုင်ငံသားတစ်ဦး၏ အွန်လိုင်းအကြမ်းဖက်သင်တန်းတွင် တက်ရောက် အားပေးစကားပြောခဲ့ကြောင်း၊ အဆိုပါသင်တန်းတွင် လက်လုပ် သေနတ်၊ လက်လုပ်ဗုံးပြုလုပ်နည်းများ၊ အကြမ်းဖက်ဖောက်ခွဲနည်းများ နှင့် အစွန်းရောက်အတွေးအခေါ်များကို သင်ကြားပေးခဲ့ခြင်းကို လွတ်လပ်သည့် အင်တာနက်မီဒီယာတစ်ခုဖြစ်သည့် New Naratif က စက်တင်ဘာလ ၉ ရက်နေ့တွင် ဖော်ထုတ်ရေးသားခဲ့ကြောင်း၊ အဆိုပါ New Naratif က ရေးသားခြင်းကို NUG အကြမ်းဖက်အဖွဲ့မှာ ဆာဆာက ထိုသတင်းဌာနကို တရားစွဲမည်ဟု ခြိမ်းခြောက်ခဲ့ခြင်းကို တွေ့နိုင်ကြောင်း၊ ယခုပေါ်ထွက်လာသည့် Hit List ကိစ္စကဲ့သို့ ၎င်းတို့ NUG၊ PDF အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို သက်သေ အထောက်အထားများအဖြစ် ဖြစ်နေခြင်းကြောင့် ယခုကဲ့သို့ တန်ပြန် ငြင်းဆို ခြိမ်းခြောက်ခြင်းအတွက် သာဓကပဲဖြစ်ပါကြောင်း ပြောကြား သည်။

နောက်တစ်ခုက ၂၀၂၂ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် NUG အကြမ်းဖက်သမား ဇော်ဝေစိုးက လူတော်တော်များများပါသည့် Zoom Meeting တစ်ခုတွင် အကြမ်းဖက်လုပ်ငန်းများလုပ်ရန် လှုံ့ဆော် ခဲ့ခြင်းကို ယခင်က သတင်းစာရှင်းလင်းပွဲတွင် ပြသခဲ့ကြောင်း၊ **“အိတ်သေးသေးလေးတွေ သယ်လာရင် ဖွင့်မကြည့်ဖို့လိုတယ်၊ ဖွင့်ကြည့်ရင် ကိစ္စတုံးသွားမယ်၊ အစားအစာတွေလည်း အဆိပ်ခတ် ထားတယ်”** ဟု ပြောကြားခဲ့သည့် ဗီဒီယိုဖိုင်သည် အကြမ်းဖက် လုပ်ငန်းများအတွက် ငြင်းမရသည့် သက်သေများဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အဆိပ်ခတ်ထားသည့် အစားအစာများပေး ခဲ့ခြင်း၊ တန်ဆောင်မုန်းလပြည့်နေ့ မြန်မာ့ရိုးရာ ပွဲသကူပစ်လှူဒါန်းပွဲကို အသုံးချပြီး ဗုံးထည့်တိုက်ခိုက်ခဲ့ခြင်းကြောင့် ပြည်သူလူထုအချို့ သေခဲ့ရခြင်းများသည် ၎င်းတို့၏ ပယောဂမကင်းကြောင်း၊ အလားတူ ယခင် NLD မှ မျိုးရန်နောင်သိမ်းကလည်း ကျောင်းတွေဖွင့်တုန်းက ပြည်သူလူထု၏ သားသမီးများကို ကျောင်းမပို့ကြရန်နှင့် ကျောင်းပို့ရင် ခြေပြတ်၊ လက်ပြတ်ဖြစ်သွားနိုင်ကြောင်း၊ အသက်သေဆုံးနိုင်သည်ဟု ခြိမ်းခြောက်သည့် အကြမ်းဖက်လှုံ့ဆော်မှုကို ထင်ထင်ရှားရှား တွေ့နိုင် ကြောင်း ပြောကြားသည်။

NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ ရက်ရက်စက်စက် သတ်ဖြတ်မှုကြောင့် ယခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကနေ နိုဝင်ဘာ လ ၁၁ ရက်နေ့အထိ သံဃာတော် ၁၂ ပါးပျံလွန်တော်မူခဲ့ရကြောင်း၊ ထို့အပြင် နိုဝင်ဘာလ ၁၅ ရက်နေ့အထိ ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမ ၁၂ ဦးသေဆုံးခဲ့ပြီး ၁၅ ဦး ဒဏ်ရာရခဲ့ကြောင်း၊ ကျန်းမာရေး ဝန်ထမ်း ၃ ဦး သေဆုံးခဲ့ပြီး ၈ ဦး ဒဏ်ရာရခဲ့ကြောင်း၊ နိုဝင်ဘာလ ၁၆ ရက်နေ့အထိ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူ ၁၉၈ ဦးခန့် သေဆုံးခဲ့ပြီး ၁၄၈ ဦးခန့် ဒဏ်ရာရခဲ့ကြောင်း၊ အထွေထွေအုပ်ချုပ်ရေး၊ အကျည်းဦးစီး၊ နတလ၊ သစ်တော၊ လျှပ်စစ်စသဖြင့် အခြားနိုင်ငံ့ဝန်ထမ်း ၃၈ ဦးခန့်သေဆုံးခဲ့ပြီး ၇၉ ဦးခန့် ဒဏ်ရာရခဲ့ကြောင်း၊ အကြောင်းမဲ့ ရက်စက်စွာ သတ်ဖြတ်ခံရသူစုစုပေါင်း ၂၄၈ ဦးခန့်နှင့် ထိခိုက်ဒဏ်ရာ ရရှိသူ ၂၂၇ ဦးခန့် ရှိပြီဖြစ်ကြောင်း၊ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခံရမှုကြောင့် နိုဝင်ဘာလ ၁၅ ရက် အထိ စာသင်ကျောင်း ၄၄၄ ကျောင်းနှင့် ဆေးရုံ/ဆေးခန်းပေါင်း ၂၅ ခုခန့် ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း၊ နိုဝင်ဘာလ ၂၀ ရက်နေ့အထိ မြို့နယ် ၁၀ မြို့နယ်တွင် ဈေး ၁၀ ခုက ဈေးဆိုင်ခန်းများ၊ လမ်း/ တံတား စုစုပေါင်း ၃၉၇ ခု ပျက်စီးဆုံးရှုံးခဲ့ရသလို နိုင်ငံပိုင်နှင့် ပုဂ္ဂလိက ဘဏ် ၆၇ ခု မီးရှို့ဖောက်ခွဲဖျက်ဆီးခံခဲ့ရကြောင်း။ ဒါက NUG၊ CRPH အကြမ်းဖက်အဖွဲ့အစည်းများ၏ နိုင်ငံတစ်ဝန်းမှာလုပ်နေတဲ့ အကြမ်းဖက်ဖျက်ဆီးမှု လုပ်ဆောင်နေသည့် လုပ်ဆောင်ခြင်းများ ဖြစ်ကြောင်း ပြောကြားသည်။

**အကြမ်းဖက်လုပ်ငန်းများလုပ်ရန် စစ်ဆင်ရေးစီမံချက်များရေးဆွဲ**

ဆက်လက်ပြီး ရန်ကုန်မြို့က ဖမ်းဆီးရမိသည့် တရားခံ ဖြိုးဇေယျာသော် ကိစ္စပြောလိုကြောင်း၊ ၎င်းကို ဖမ်းဆီးရမိသည့်သတင်း နှင့် နောက်ဆက်တွဲသတင်း တော်တော်များများကို ထုတ်ပြန်ခဲ့ပြီးဖြစ် ကြောင်း၊ ၎င်းကိုစစ်ဆေးမေးမြန်းချက်များအရ NUG၊ CRPH အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့၏ ဆက်စပ်မှု များကို သင်ပုန်းများတွင် အသေးစိတ်ဇယားဆွဲ ဖော်ပြထားကြောင်း၊ ၎င်းအနေဖြင့် NUG၊ CRPH အကြမ်းဖက်အဖွဲ့၏စေခိုင်းချက်အရ တောင်ပိုင်းဒေသ ရန်ကုန်အကြမ်းဖက်အဖွဲ့ ဖွဲ့စည်းထားမှုနှင့် NLD ပါတီဝင် ဖြိုးဇေယျာသော်၏ ရန်ကုန်မြို့တွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဆက်စပ်တရားခံများ ဖမ်းဆီးရမိမှုကို ဇယားနှင့် အသေးစိတ်ဖော်ပြထားကြောင်း၊ ၎င်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်း အရှေ့ပိုင်းခရိုင် အကြမ်းဖက်အဖွဲ့၊ တောင်ပိုင်းခရိုင် အကြမ်းဖက်အဖွဲ့၊ မြောက်ပိုင်းခရိုင်အကြမ်းဖက်အဖွဲ့နှင့် SOF အမည်ခံ အကြမ်းဖက် အဖွဲ့ ၄ ခုကို ဖွဲ့စည်းခဲ့ပြီး မြို့နယ်အလိုက် အဖွဲ့ခွဲများ ကိုလည်း ဖွဲ့စည်းထားကြောင်း၊ အကြမ်းဖက်မှုများလုပ်ဆောင်ရန် ဇရိယာ ၇ ခု သက်မှတ်ထားပြီး ဇရိယာ ၁ တွင် မင်္ဂလာဒုံ၊ အင်းစိန်၊ ရွှေပြည်သာ၊ လှိုင်သာယာနှင့် ထန်းတပင်ပါကြောင်း၊ ဇရိယာ ၇ တွင် ဒဂုံမြို့သစ်(တောင်)၊ ဒဂုံဆိပ်ကမ်း၊ သာကေတ၊ ဒေါပုံနှင့် သန်လျင် ပါကြောင်း၊ ထိုဇရိယာ ခွဲထားသည်များ၊ ဇရိယာထဲမှာပါသည့် မြို့နယ် များကိုလည်း ပြီးရင်အသေးစိတ်လေ့လာနိုင်ကြောင်း၊ ၎င်းကိုဖမ်းဆီး မရခင်ကတည်းက ၎င်းနှင့်ဆက်စပ်ပြီး အကြမ်းဖက်လုပ်ငန်း ဆောင်ရွက်ခဲ့သူများ၊ ၎င်းကိုဖမ်းဆီးရမိပြီးနောက် စစ်ဆေးတွေ့ရှိချက် အရ ဖော်ထုတ်ဖမ်းဆီးရမိသည့် အကြမ်းဖက်လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူ စုစုပေါင်း ၂၉၃ ဦးရှိကြောင်း၊ လက်နက်ငယ်မျိုးစုံ ၁၆၉ လက်၊ လက်လုပ်သေနတ် ၂၃၁ လက်၊ လက်လုပ်စိန်ပြောင်း ၆ လက်၊ ကျည်မျိုးစုံ ၂၀၀၀၀ ခန့်၊ ၄၀ မမဗုံးသီး ၄၃ လုံး၊ လက်လုပ် ဒုံးသီး/ဗုံးသီး ၁၇၅ လုံး၊ လက်ပစ်ဗုံး ၄၈ လုံး၊ မိုင်းမျိုးစုံ ၁၆ လုံး၊ လက်လုပ်မိုင်း ၁၀၉၉ လုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ ခဲ့ကြောင်း၊ ယင်းအရာများသည် အန္တရာယ်အလွန်ကြီးမားသည့် ပမာဏဖြစ်တယ်လို့ ပြောလိုပါကြောင်း၊ ၎င်းတို့၏ ဆက်လက် ဆောင်ရွက်မည့်အစီအစဉ်များအနေဖြင့် ၄ ခုကို ဖော်ထုတ်သိရှိရ ကြောင်း၊ အဆိုပါ ၄ ခုမှာ နံပါတ်(တစ်) ရန်ကုန်မြို့တွင်း အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှုများ၊ အပြစ်မဲ့ ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးအဖွဲ့ဝင်များအား လုပ်ကြံသတ်ဖြတ်ခြင်းဖြင့် အစိုးရ၏ ယန္တရားပျက်ပြားစေရန်၊ နံပါတ် (နှစ်) အများပြည်သူနှင့် သက်ဆိုင် သောနေရာများ၊ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများ၊ စီးပွားရေး ဆိုင်ရာ အဆောက်အဦများအပါအဝင် ပညာသင်ကြားမှုများ ရပ်တန့် စေရန်ရည်ရွယ်ပြီး စာသင်ကျောင်းများကိုပါ ဖောက်ခွဲဖျက်ဆီးခြင်း ဆောင်ရွက်ရန်၊ နံပါတ် (သုံး) ပျံ့လွှားအောင် စစ်ဆင်ရေးအမည်ဖြင့် Level-2 အဆင့်မြှင့်တင်၍ စစ်ရေးဆိုင်ရာပစ်မှတ်များအား အကြမ်း ဖက် တိုက်ခိုက်ခြင်းအပြင် အင်အားနည်းသည့် လုံခြုံရေးစခန်းများအား ဝင်ရောက်တိုက်ခိုက်၍ လက်နက်ခဲယမ်းများ လုယူရန်၊ နံပါတ်(လေး) ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်း ၃ တိုင်းမှာ အကြမ်းဖက်လုပ်ငန်းများလုပ်ရန် ဟံသာဝတီစစ်ဆင်ရေးစီမံချက်များ ရေးဆွဲနေသည်ဆိုသည်ကို သိရှိရ ပါကြောင်း ပြောကြားသည်။

**အကြမ်းဖက်သမားများပုန်းခိုနေထိုင်ရန် တိုက်ခန်းနှင့်အိမ်ငှားရမ်း**

ဖြိုးဇေယျာသော်ကိုယ်တိုင် နောက်ကွယ်ကနေ ပါဝင်ခဲ့သည့် အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှု ၂၆ ခု စာရင်းကိုလည်း ဖော်ပြထား ပါကြောင်း၊ ဖြိုးဇေယျာသော်ကနေ လက်နက်၊ ခဲယမ်းနှင့် ဖောက်ခွဲရေး ပစ္စည်းများထုတ်ပေးပြီး ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အသေးစိတ်ခာတ်ပုံ များကို ဖော်ပြထားကြောင်း၊ ခေါင်းစဉ်အနီဖြင့် ဖော်ပြထားခြင်းများက လုံခြုံရေးနှင့်ဆိုင်သည့်နေရာများ၊ လူများဖြစ်ကြောင်း၊ ခေါင်းစဉ်အစိမ်း ဖြင့် ဖော်ပြထားခြင်းက သာမန်အရပ်သားများဖြစ်ကြောင်း၊ ခေါင်းစဉ် အပြာဖြင့်ဖော်ပြထားခြင်းက အများပြည်သူနှင့်သက်ဆိုင်သည့် အဆောက်အဦများဖြစ်ကြောင်း၊ ၎င်းအနေဖြင့် အကြမ်းဖက်သမားများ ပုန်းခိုနေထိုင်ရန်အတွက် Safe House အမည်ခံ တိုက်ခန်းနှင့်အိမ် ၂၆ လုံးကို တာမွေ၊ ကြည့်မြင်တိုင်၊ သာကေတ၊ တောင်ဥက္ကလာပ၊ သဃ်္ဃန်းကျွန်း၊ စမ်းချောင်း၊ ဗဟန်း၊ ဒဂုံမြောက်၊ ဒဂုံဆိပ်ကမ်းတို့တွင် ငှားရမ်းခဲ့ခြင်းကို တွေ့ရကြောင်း၊ ၎င်းကို စစ်ကြောချက်များ၊ ၎င်းထံမှ ရရှိသည့် မှတ်စုစာအုပ်များ၊ ဖုန်းနှင့်ကွန်ပျူတာများထဲက ရရှိသည့် သတင်းအချက်အလက် အချို့အရ အဆိုပါအခန်းငှားရမ်းခများ၊ အကြမ်းဖက်ရာမှာ အသုံးပြုသည့် မော်တော်ယာဉ်များ ဝယ်ယူ ငှားရမ်းခ၊ အကြမ်းဖက်မှုအတွက် ကုန်ကျစရိတ်များကို ဘယ်က ရသလဲ၊ ဘယ်သူတွေကပေးသလဲ၊ လက်နက်တွေဘယ်ကရသလဲ၊ ဘယ်လိုသယ်ဆောင်ခဲ့တာလဲဆိုသည့် အချို့ ထုတ်ဖော်ပြောသင့်သည့်၊ ပြောရမည့်အချက်အလက်များကို သင်ပုန်းတွင် အသေးစိတ်ပြသထား ကြောင်း၊ သေချာလေ့လာကြည့်လေ စိတ်ဝင်စားစရာကောင်းကြောင်း၊ သတင်းစာရှင်းလင်းပွဲပြီးရင်လည်း ဒီဇယားများနှင့် ပတ်သက်ပြီး မီဒီယာများကို မိမိကိုယ်တိုင် လိုက်လံဆက်စပ်မှုများကို ရှင်းပြပေးမည် ဖြစ်ကြောင်း၊ အကြမ်းဖက်အားပေးငွေများကို ဖြူဖြူသင်း၊ ဝင်းမြတ် အေး၊ ရည်မွန်နှင့် လွင်ကိုလတ်တို့ထံကရခဲ့သလို အမေရိကန်၊ နော်ဝေ နှင့် ဩစတြေးလျနေမြန်မာများဟု အမည်ခံထားသည့်အဖွဲ့၊ ပြည်ပ ရောက် မီဒီယာတစ်ခုထံက ရခဲ့ကြောင်း၊ အနည်းဆုံး သိန်း ၇၀၀၀ နီးပါးရှိခဲ့ကြောင်း၊ အချို့ကို ဥပမာ အနေဖြင့် ထုတ်ပြရလျှင် ဩဂုတ်လ ၂၁ ရက်နေ့တွင် ဝင်းမြတ်အေးက ဖြိုးဇေယျာသော်ထံ Signal ကနေ ဆက်သွယ်ပြီး “ မောင်ကျော်ရေ၊ ရန်ကုန်ကို Hundy နှင့်ပို့ရမယ်ဆို၊ ထုတ်ယူလက်ခံမည့်သူအမည်၊ Signal no ပို့ပေးဦးနော်၊ လာမည့် တနင်္လာ၊ အင်္ဂါလွှဲတော့မယ်။ ငွေက ဘတ် ၈ သိန်းပါ ” ဟု ပေးပို့ခဲ့ပါ ကြောင်း၊ ဥပမာတစ်ခုသာဖြစ်ပါကြောင်း၊ လက်နက်ပို့ဆောင်သည့် နည်းတွေထဲက တစ်ခုကို ပြောလိုကြောင်း၊ အောက်တိုဘာ ၁၅ ရက် နေ့တွင် ကျော်ခင်ဆိုသူက Signal ကနေ ဆက်သွယ်ထားရာ **“အောင်မင်္ဂလာဝင်းကားဂိတ်မှာ အောက်ဆီဂျင်အိုးသွားထုတ် ရမယ်။ ပြီးရင်အောက်ဆီဂျင်အိုးအပေါ်ကနေ လက်ငါးလုံးစာလောက် ကော်ပတ်တိုက်လိုက်၊ စပ်ရာပေါ်လာလိမ့်မယ်။ အဲဒီမှာ မူလီ ၃ လုံး ရှိကြောင်း။ L Key နှင့်ဖြစ်ဖြစ်၊ ဝက်အူလှည့်နှင့်ဖြစ်ဖြစ် အဲဒီမူလီ ၃ လုံးကို လှည့်ဖွင့်လိုက်ရင်ရပြီ။ ပစ္စည်းတွေ မလှုပ်အောင် အခြားဟာ တွေနှင့် ရောထားတာမို့ ဖြည်းဖြည်းချင်းထုတ်လိုက်၊ ပစ္စည်းအစုံပါ လိမ့်မယ်။ TNT ယမ်း အချောင်း ၁၆၀ နှင့် အတို ၃ လက်၊ ကျည် ၁၅၀၀ ”**ဟူ၍ ပြောထားကြောင်း၊ ယခင်က ထိုနည်းလမ်းပေါင်းစုံနှင့် ပို့ခဲ့ခြင်းဖြစ်ကြောင်း၊ မည်သို့ညစ်ပတ်စုတ်ပဲ့သည့် အကြံအစည်ဆိုတာ တွေ့နိုင်ကြောင်း။

**အကြမ်းဖက်အားပေးသူများဖြစ်သွားမည်**

မိမိတို့နိုင်ငံမှာ ကိုဗစ်တတိယလှိုင်းကြောင့် ပြည်သူလူထုဒုက္ခ ရောက်နေချိန်တွင် အစိုးရအနေဖြင့် အောက်ဆီဂျင်အိုးများ၊ အောက် ဆီဂျင်ကွန်စန်ထရေတာများ၊ ဆေးဝါးများကို စစ်ဆေးမှုကြောင့် အချိန် မကြန့်ကြာစေရန် ရည်ရွယ်ပြီး ကျယ်ကျယ်ပြန့်ပြန့် တင်သွင်းခွင့်ပေး ခဲ့ခြင်းကို ထိုကဲ့သို့ယုတ်မာလှသည့် အကြမ်းဖက်သမားများက ကောက်ကျစ်စွာ ကြံစည်လုပ်ဆောင်ပြီး အောက်ဆီဂျင်အိုးများထဲမှာ လက်နက်နှင့် ဖောက်ခွဲရေးပစ္စည်းများထည့်ပြီး တင်သွင်းခဲ့ကြောင်း၊ ထိုအရာများဖြင့် လူသတ်ခဲ့၊ ဗုံးထောင်ခဲ့၊ ဖောက်ခွဲခဲ့ကြောင်း၊ ယုတ်မာ ကောက်ကျစ်သည့် လုပ်ဆောင်ချက်ဖြစ်ကြောင်း၊ ထိုအောက်တန်းကျ သည့် လုပ်ဆောင်ချက်များရှိသည့် အကြမ်းဖက်အဖွဲ့များကို မျက်စိ စုံမှိတ် ထောက်ခံပံ့ပိုးပေးနေသည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံများအနေဖြင့် ၎င်းတို့၏ရည်ရွယ်ချက်သည် ဘာလဲဆိုတာ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမား၊ အကြမ်းဖက်အဖွဲ့ များကိုအားပေးလျှင် အကြမ်းဖက်အားပေးသူများ ဖြစ်သွားမည်ဖြစ် ကြောင်း၊ ဖြိုးဇေယျာသော်၏ အချို့သောမှတ်စုစာအုပ်၊ အစည်းအဝေး မှတ်တမ်းစာအုပ်များဖြစ်ကြောင်း၊ အစည်းအဝေးမှတ်တမ်းစာအုပ် ထဲက မူရင်းအချို့ကို သူရေးထားသည့်အတိုင်း မိမိဖတ်ပြမည်ဖြစ် ကြောင်း၊ နိုဝင်ဘာ ၄ ရက်နေ့မှတ်တမ်းတွင် **“Ambush Attack တွေ (ချောင်းမြောင်းတိုက်တာတွေ)ထက် Assassination (လုပ်ကြံ သတ်ဖြတ်) လုပ်တာမျိုးကို ပိုအားပေး”**၊ နောက်တစ်ခုက **“လာမယ့် ၁ ရက်၊ ၂ ရက်အတွင်း အခွန်ရုံး၊ EPC ရုံးတွေကို UG အဖွဲ့နှင့်တွဲပြီး သတိပေးဖောက်ခွဲမှုလုပ်ဖို့”**လို့ ရေးမှတ်ထားကြောင်း၊ အချို့မှတ်စု စာအုပ်တွင် လက်လုပ်မိုင်း၊ ဗုံးမှာပါဝင်ရမယ့်ပစ္စည်းတွေ ရေးသားထား ပါကြောင်း၊ ဒါဖော်ထုတ်ရရှိ သက်သေအထောက်အထားထဲက တစ်ပိုင်းတစ်စမျှသာဖြစ်ပါကြောင်း၊ အချို့ EAO အဖွဲ့များနှင့် ဆက်သွယ်မှု၊ နာမည်အတိအကျ၊ ဖုန်းနံပါတ် အတိအကျဖြင့်ပါကြောင်း၊ အကြမ်းဖက် ဖြိုးဇေယျာသော်နှင့် ဆက်စပ်သူတွေ၏ အကြမ်းဖက် လုပ်ရပ်များ၊ ဆက်စပ်မှုများကို မိမိပြည့်ပြည့်စုံစုံ ပြသထားပါကြောင်း၊ သတင်းစာရှင်းလင်းပွဲအပြီး Media များကို အသေးစိတ်ပြသပေးမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၁၁-၂၀၂၁ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ရတနသုတ်၊ မောရ္ဆုက်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ကမ္ဘာတည်သရွေ့အစဉ်မပျက် အမျိုးသားအောင်ပွဲနေ့
**၀၉:၁၅** တရုတ်ကာတွန်း '**မိုးကောင်ကြီး ဥယျာဉ်စွန့်စားခန်း**' (အပိုင်း-၄၂)
**၀၉:၄၀** အသိပညာနှင့်အမှန်တရား '**ကျူရှာမင်း၏အစ်မနှင်တေ**'
**၀၉:၅၀** '**ထူးယှဉ်ပွဲငယ်ဂီတပွဲတော်**' သီချင်းဆိုပြိုင်ပွဲ(ပွဲစဉ်-၁)
**၁၁:၃၀** MRTV National News
**၁၄:၀၀** မြန်မာ့ဂန္ထဝင်ရုပ်ရှင် '**ဣတ္ထိယ**' (မောင်မောင်အေး၊ခင်ခင်ရီ)
**၁၆:၃၅** ကိုဗစ်နှင့်ရေအာဟာရ
**၁၇:၁၀** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၇:၂၀** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၁၇:၄၀** ဝုက်ယူကာထာဝစဉ်မပျက် အမျိုးသားအောင်ပွဲနေ့
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာသီရိဂေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့လျှို့ဝှက်ချက်**' (အပိုင်း-၄၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း '**အချိန်လွန်နှောင်တ**'
**၂၁:၂၀** ဘဝနှင့်အနုပညာ

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

**07:01** News
**07:27** Global Partnership for Brighter Future: Timor-Leste Pavilion at Expo 2020 Dubai
**07:34** Let's Taste Delicious Insects: Silkworm Masala & Peppery Cricket Bread with Sunflower and Pumpkin Seeds
**08:01** Dances of Myanmar: Rvwang Traditional Dance
**08:06** A Traditional Food in Bagan: Pone Ye Gyi
**08:19** Today Myanmar: The Reopening of Kyauk Se Cement Plant
**08:28** Water Hyacinth and Rattan Products
**08:42** Marvelous Solo Cane Ball Playing
**09:01** The Great Po Sein
**09:27** The History Of Mrauk U Pagoda
**09:43** The Third Prize Winner
**10:01** Weekly Review

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ငါးချဉ်ဟင်းရည်နှင့်ရိုးရာအထောင်း
**ဝကကကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဝါးဆစ်ဘူးထမင်းပေါင်း
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
အင်းရဲကျွန်းဒေသထွက်မျှင်ငါးပိ
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၈)
**ချင်း (လိုင်စိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည့်အဓိမြန်မာပြည်(အပိုင်း-၇)
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချပ်ကျေးရွာမှတောင်ပေါ်ပန်းသီးများ
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ဈေးကွက်ဝင်ငရုတ်ပင်စိုက်ပျိုးနည်း
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
လခြမ်းမြေမှရိုးရာအလှ
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
တို့ဟူးဖြူဖြူလုပ်နည်း
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ပိုးမွေးမြူရေးအကြောင်း
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
စောရအိုင်နန်း(အပိုင်း-၃)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၅)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**တောင်းပန်ပါတယ်**'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

---

### အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

**International Day of Persons with Disabilities**

"Leadership and participation of persons with disabilities toward an inclusive, accessible and sustainable post COVID-19 world"

"အားလုံးအကျုံးဝင် လက်လှမ်းမီပြီး ရေရှည်တည်တံ့သည့် ကိုဗစ်-၁၉ အလွန်ကမ္ဘာဖြစ်ပေါ်ရေး မသန်စွမ်းသူများ ဦးဆောင်ပါဝင်ကြိုးစားပေး"

နေပြည်တော် ၃.၁၂.၂၀၂၁

---

### နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၇

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မိုး/ ဇလ

---

# အာဆင်နယ်နှင့် လီဗာပူးတို့ ပြိုင်ဘက်အသင်းများကို ဂိုးပြတ်အနိုင်ရရှိ

ပရီမီယာလိဂ်ပွဲစဉ် (၁၃) အစောဆုံးပွဲစဉ်ဖြစ်သည့် အာဆင်နယ်နှင့် နယူးကာဆယ်တို့ပွဲတွင် အာဆင်နယ်က နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အာဆင်နယ်တို့ ပထမပိုင်းတွင်ရရှိသည့် အခွင့်အရေး အသုံးမချနိုင်သဖြင့် ဂိုးမရရှိဘဲ ဒုတိယပိုင်း ၅၆ မိနစ်ရောက်မှသာ ဆာကာက အဖွင့်ဂိုး သွင်းယူပေးသည်။ ၆၆ မိနစ်တွင် ဂါဘရီယယ်က အနိုင်သေချာမည့် ဒုတိယဂိုး သွင်းယူပေးခဲ့သည်။ အာဆင်နယ်တို့ ယခုပွဲအနိုင်ကြောင့် ရမှတ် ၂၃ မှတ် ရရှိကာ အဆင့် ၅ နေရာ၌ ရပ်တည်နေပြီး နယူးကာဆယ်တို့ နိုင်ပွဲ လုံးဝမရသေးဘဲ ရမှတ် ခုနစ်မှတ်ဖြင့် ဇယားအောက်ခြေ၌ ရပ်တည်နေသည်။

လီဗာပူးနှင့် ဆောက်သမ်တန်တို့ပွဲတွင် လီဗာပူးက လေးဂိုး - ဂိုးမရှိဖြင့် အနိုင်ရပြီး ပွဲချိန် ၂ မိနစ်နှင့် ၃၂ မိနစ်တွင် ဂျိုတာက သွင်းယူပေးကာ အယ်ကန်တာရာက ပွဲချိန် ၃၇ မိနစ်နှင့် ဗန်ဒိုက်က ၅၉ မိနစ်တွင် တတိယဂိုးနှင့် စတုတ္ထဂိုး သွင်းယူပေးသည်။ လီဗာပူးတို့ ယခုပွဲအနိုင်ကြောင့် ရမှတ် ၂၈ မှတ် ရရှိထားသည်။ ပဲလေ့စ်နှင့် ဗီလာပွဲတွင် ဗီလာက နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရပြီး နော့ဝှစ်ချ်နှင့် ဝုဖ်တို့ပွဲမှာ ဂိုးမရှိ သရေဖြစ်ခဲ့သည်။

**အောင်ဇော်**

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၁၁ - ၂၀၂၁

| ရွှေ | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၈၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၈၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၈၁၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၇၅/၁၂၉၀ ကျပ် | ၁၃၀၀/၁၃၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၈၅/၁၃၁၀ ကျပ် | ၁၃၂၀/၁၃၇၆ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၁၅/၁၃၃၀ ကျပ် | ၁၃၆၅/၁၄၅၇ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၆၅/၁၃၉၅ ကျပ် | ၁၄၇၀/၁၄၈၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၉၃ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၆ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၇ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၄၁၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၇၂ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၃ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၀ . ၆၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၉၄၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၅၀၀ | ၂၁၇၄ | ၁၈၄၇၉၂၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၈၅၆ | ၂၇၃၉၂၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀ | ၅၀၀၀၀ |

ညီညီ - စုစည်းသည်

---


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ၂၀၂၁ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ(အမျိုးသား / အမျိုးသမီး) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**မန္တလေး နိုဝင်ဘာ ၂၇**

၂၀၂၁ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ(အမျိုးသား/အမျိုးသမီး)ပိုက်ကျော်ခြင်း ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲက မန္တလေး တိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မန္တလာသီရိ အားကစားကွင်းအရှေ့တောင်ဘက်ရှိ နိုင်ငံတကာ အဆင့်မြင့် အားကစားခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြား၍ အမျိုးသား၊ အမျိုးသမီးခရိုင်အလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အဖွဲ့ဝင်တို့နှင့်အတူ ပြိုင်ပွဲဝင်အသင်းတို့အား ပိုက်ကျော်ခြင်းလုံးနှင့် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ ပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲ ပထမပွဲစဉ် မန္တလေးခရိုင်အသင်းနှင့် ကျောက်ဆည်ခရိုင်အသင်းတို့ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ အမျိုးသားပြိုင်ပွဲ သုံးယောက်တွဲ ယနေ့ပွဲစဉ်တွင် မန္တလေးခရိုင်အသင်းက ကျောက်ဆည်ခရိုင်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြင်ဦးလွင်ခရိုင်အသင်းက ညောင်ဦးခရိုင်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မိတ္ထီလာခရိုင်အသင်းက ရမည်းသင်းခရိုင်အသင်းကို နှစ်ပွဲပြတ်တို့ဖြင့် လည်းကောင်း၊ ကျောက်ဆည်ခရိုင်အသင်းက ညောင်ဦးခရိုင်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မန္တလေးခရိုင်အသင်းက ပြင်ဦးလွင်ခရိုင်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မိတ္ထီလာခရိုင်အသင်းက မြင်းခြံခရိုင်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မန္တလေးခရိုင်အသင်းက ညောင်ဦးခရိုင်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြင်ဦးလွင်ခရိုင်အသင်းက ကျောက်ဆည်ခရိုင်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ရမည်းသင်းခရိုင်အသင်းက မြင်းခြံအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲတွင် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်မှ အမျိုးသား၊ အမျိုးသမီးအသင်း ခုနစ်သင်းစီ ပါဝင်ကြပြီး နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ နှစ်ယောက်တွဲနှင့် သုံးယောက်တွဲ ပွဲစဉ်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဈေးများ၊ ကုန်တိုက်များ၊ မော်တော်ယာဉ်လိုင်းများ ပုံမှန်အတိုင်း လည်ပတ်လျက်ရှိပြီး ပြည်သူအများ စိတ်အေးချမ်းသာစွာ သွားလာလှုပ်ရှားလျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တို့၌ ယခင်ရက်ပိုင်းအတွင်း နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လူစုလူဝေး အနည်းငယ်ဖြင့် ဆူပူဆန္ဒပြမှုများ၊ လူမှုကွန်ရက် စာမျက်နှာများပေါ်မှ ဝါဒဖြန့်ချိမှုများနှင့် အကြမ်းဖက် ဖျက်ဆီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ထို့အပြင် ယခုရက်ပိုင်းကာလအတွင်း၌ ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် အချို့ယာဉ်လိုင်းများတွင် စီးနင်းလိုက်ပါမှု မပြုရန် လှုံ့ဆော်မှုများ၊ ခြိမ်းခြောက်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ လုပ်ဆောင်လာမှုများအပေါ် တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူလူထု၏ အကျိုးစီးပွားကိုရှေးရှု၍ လုံခြုံရေး တပ်ဖွဲ့ဝင်များက လုံခြုံရေးတာဝန်များကို နေ့ညမပြတ် ဆောင်ရွက်၍ ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက် ဖျက်ဆီးမှုများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၊ တာဝန်သိ ပြည်သူလူထုတို့၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူလူထုများအနေဖြင့် စိုးရိမ်ပူပန်မှုမရှိဘဲ ပုံမှန်အတိုင်း သွားလာလှုပ်ရှားလျက်ရှိသည်ကို တွေ့ရှိရသည်။ **(အပေါ်ယာပုံ)**

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံး အနေဖြင့်လည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ် သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကို ရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် မူဆယ်၊ ချင်းရွှေဟော် စခန်းနှစ်ခုတို့မှ တင်သွင်းရာ ကုမ္ပဏီနှစ်ခုမှ ယာဉ်နှစ်စီးဖြင့် အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၂၀၊ နှာခေါင်းစည်း (Mask) ၁၆ တန် တင်သွင်းခဲ့သည်။

နိုဝင်ဘာ ၁ ရက်မှ ၂၇ ရက်အတွင်း ကုမ္ပဏီ ၆၆ ခုမှ ယာဉ် ၁၂၅ စီးဖြင့် အောက်ဆီဂျင်အရည်(Bowser) ယာဉ်ဖြင့် ၃၂၇ တန်၊ အောက်ဆီဂျင်ခွတ်ငွေ့ (Bowser) ယာဉ်ဖြင့် (၅ ဒသမ ၅) တန်၊ အောက်ဆီဂျင် (အိုးခွံ) ၉၇၃၈ ခု၊ Oxygen Plant ၄၅ ခု၊ လုပ်ငန်းသုံး အောက်ဆီဂျင်စက် ၁၆ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၁၄၃ ခု၊ PPE ဝတ်စုံ ၈၃၄၈၀၊ လက်အိတ် ၄၃ တန်နှင့် နှာခေါင်းစည်း(Mask) ၇၀၅ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

နိုဝင်ဘာ ၁ ရက်မှ ၂၇ ရက်အတွင်း ပြည်ပမှတင်သွင်းသည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်စုစုပေါင်း ၁၆ စီးမှာ ရန်ကုန်မြို့သို့ ၁၃ စီး၊ မော်လမြိုင်မြို့သို့ နှစ်စီးနှင့် နေပြည်တော်သို့ တစ်စီးဖြစ်ပြီး Oxygen Plant စုစုပေါင်း ၄၅ ခုမှာ ရန်ကုန်မြို့သို့ ၃၇ ခု၊ ရေစကြိုမြို့၊ မြို့သစ်မြို့၊ မြစ်ကြီးနားမြို့တို့သို့ နှစ်ခုစီနှင့် ဓနုဖြူမြို့၊ ရေနံချောင်းမြို့တို့သို့ တစ်ခုစီ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**



### အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ပုံပြင်ပြောပြိုင်ပွဲကျင်းပ

**ကျောက်ဖြူ နိုဝင်ဘာ ၂၇**

ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ယနေ့ မွန်းလွဲ ၁ နာရီက (၁၀၁)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အောင်တင်ကြည်က အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများကို ပညာပေးပြောကြားပြီး ပုံပြင်ပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၆ ဦး ပါဝင်ယှဉ်ပြိုင်ပြီး ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပေးသည်။ **တင်ထွန်းဦး**



(၁၀၁)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဟောပြောပွဲကို ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သာခု(အနောက်)ရပ်ကွက် သာခုကျောင်းတိုက်ရှိ အောင်သုခမ္မာရုံတွင် နိုဝင်ဘာ ၂၆ ရက်က ကျင်းပရာ ဒေါ်ခင်မျိုးဝင်း (စာရေးဆရာမ တင့်တယ်ခင်) ဟောပြောစဉ်။ ကိုကြီးတင်

ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ် (၁၃) မှာတော့ အမှတ်ပေးဇယားအထက်ပိုင်းမှ အသင်းအချင်းချင်းတွေ့ဆုံနေတဲ့ ပွဲစဉ်အပါအဝင် ခြေစွမ်းထက်မြက်နေတဲ့ အသင်းအချင်းချင်းတွေ့ဆုံတဲ့ပွဲစဉ်တွေပါဝင်နေပါတယ်။ မန်စီးတီးအသင်းက ခြေစွမ်းထက်မြက်နေတဲ့ ဝက်စ်ဟမ်းအသင်းကို လက်ခံယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး မန်ယူအသင်းက ချယ်ဆီးအိမ်ကွင်းကို သွားရောက်ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။



### ဂိုးအများဆုံး သွင်းထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဆာလာ | လီဗာပူး | ၁၁ |
| မာနေး | လီဗာပူး | ၇ |
| ဗာဒီ | လက်စတာ | ၇ |
| အန်တိုနီယို | ဝက်စ်ဟမ်း | ၆ |
| ဂျိုတာ | လီဗာပူး | ၇ |
| ကော်နက် | ဘန်လေ | ၅ |

### ပရီမီယာလိဂ် ပွဲစဉ် (၁၃)

| ၂၈-၁၁-၂၀၂၁ | တနင်္ဂနွေနေ့ | |
|---|---|---|
| ဘရန့်ဖို့ဒ် - အဲဗာတန် | ည | ၈:၃၀ |
| ဘန်လေ - စပါး | ည | ၈:၃၀ |
| လက်စတာ - ဝက်ဖို့ဒ် | ည | ၈:၃၀ |
| မန်စီးတီး - ဝက်စ်ဟမ်း | ည | ၈:၃၀ |
| ချယ်ဆီး - မန်ယူ | ည | ၁၁:၀၀ |

### ချယ်ဆီး၏ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| ကာဆယ် | ၀ - ၃ | ချယ်ဆီး |
| မယ်လ်မို | ၀ - ၁ | ချယ်ဆီး |
| ချယ်ဆီး | ၁ - ၁ | ဘန်လေ |
| လက်စတာ | ၀ - ၃ | ချယ်ဆီး |
| ချယ်ဆီး | ၄ - ၀ | ဂျူဗင်တပ်စ် |

### မန်ယူ၏ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| စပါး | ၀ - ၃ | မန်ယူ |
| အတ္တလန္တာ | ၂ - ၂ | မန်ယူ |
| မန်ယူ | ၀ - ၂ | မန်စီးတီး |
| ဝက်ဖို့ဒ် | ၄ - ၁ | မန်ယူ |
| ဗီလာရီးရဲ | ၀ - ၂ | မန်ယူ |

### ချယ်ဆီးနှင့်မန်ယူ၏နောက်ဆုံးသုံးပွဲရလဒ်

| | | |
|---|---|---|
| ချယ်ဆီး | ၀ - ၀ | မန်ယူ |
| မန်ယူ | ၀ - ၀ | ချယ်ဆီး |
| မန်ယူ | ၁ - ၃ | ချယ်ဆီး |



# စတန်းဖို့ဒ်ဘရစ်မှာ ချယ်ဆီးကို အနိုင်ယူပြီး ပရီမီယာလိဂ်ရှုံးပွဲဆက်နေမှု မန်ယူ ရပ်တန့်သွားနိုင်မလား. . .

## ချယ်ဆီး VS မန်ယူ

28–11–2021 | Game Week 13 | KO 23:00

အမှတ်ပေးဇယားကို သုံးမှတ်အသာနဲ့ ဦးဆောင်နေတဲ့ ချယ်ဆီးအသင်းရဲ့ ခြေစွမ်းက ဒီရာသီမှာ ပုံစံကောင်းရရှိနေပါတယ်။ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ စီးရီးအေ နာမည်ကြီး ဂျူဗင်တပ်စ်လို အသင်းကို လေးဂိုးပြတ်အနိုင်ရရှိထားတာကို ကြည့်ရင် ခြေစွမ်းအထူးကောင်းမွန်နေတာကို တွေ့ရတယ်။ အထူးသဖြင့် ချယ်ဆီးအသင်းရဲ့ ခံစစ်က ယခုနှစ်ရာသီ ပရီမီယာလိဂ် ၁၂ ပွဲကစားပြီးချိန်မှာ လေးဂိုးသာ ခွင့်ပြုပေးထားရတာကြောင့် ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေပါတယ်။ ပြိုင်ဘက် မန်ယူအသင်းက နည်းပြဆိုးလ်ရှားကို ထုတ်ပယ်လိုက်ပြီးနောက် ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဗီလာရီးရဲကို နှစ်ဂိုးပြတ် အနိုင်ရရှိထားပါတယ်။

### ဂိုးပြတ်ရှုံးနိမ့်ထား

သို့ပေမယ့် မန်ယူအသင်းအနေနဲ့ ပရီမီယာလိဂ် နောက်ဆုံးငါးပွဲမှာ စပါးအသင်းကိုသာ သုံးဂိုးပြတ် အနိုင်ရရှိထားပြီး လက်စတာ၊ လီဗာပူး၊ မန်စီးတီး၊ ဝက်ဖို့ဒ်စတဲ့အသင်းတွေကို ဂိုးပြတ်ရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းက အားရစရာ မရှိပါဘူး။ အထူးသဖြင့် မက်ဂွိုင်းယားဦးဆောင်တဲ့ အသင်းရဲ့ခံစစ်က ၁၂ ပွဲကစားပြီးချိန်မှာ ၂၁ ဂိုးအထိ ခွင့်ပြုပေးထားရတာကြောင့် ခံစစ်အဆိုးရွားဆုံးအသင်းထဲမှာ ပါနေပါတယ်။

မည်သို့ပင်ဆိုစေ နှစ်သင်းစလုံးနိုင်ပွဲရရှိရေးကို အဓိကထား ပြင်ဆင်လာမှာဖြစ်တာကြောင့် ဘယ်အသင်းက ရမှတ်အပြည့်ရယူသွားနိုင်မလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## မန်စီးတီး VS ဝက်စ်ဟမ်း

28–11–2021 | Game Week 13 | KO 20:30

ချယ်ဆီးအသင်း ပွဲကျပ်နေမှုကို အခွင့်ကောင်းယူကာ မန်စီးတီးအသင်းအနေနဲ့ ယခုပွဲစဉ်မှာ နိုင်ပွဲရရှိရေးကို အသေအချာပြင်ဆင်လာမှာပါ။ နည်းပြ မိုယက်စ်ရဲ့ ဝက်စ်ဟမ်းအသင်းကလည်း ရလဒ်ကောင်းရရှိရေးအတွက် အဓိက ကစားသမားအများစုနဲ့ မန်စီးတီးအသင်းကို ရင်ဆိုင်လာမှာပါ။ မန်စီးတီးက အသင်းလိုက်စွမ်းဆောင်ရည် ကောင်းမွန်မှုရှိသလို တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုရှိတယ်။ ဝက်စ်ဟမ်းအနေနဲ့ တိုက်စစ်ပိုင်းက ထက်မြက်မှုရှိပေမယ့် ခံစစ်ပိုင်းမှာ အားနည်းတတ်တာကို သတိပြုရမယ်။ သို့ပေမယ့် ဒီနှစ်သင်းကြား ရမှတ်ကွာဟမှုက သုံးမှတ်သာရှိတာကြောင့် ယခုပွဲစဉ်က ပြိုင်ဆိုင်မှုပြင်းထန်ပြီး ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဝုဖ်အသင်းကို ရှုံးနိမ့်ခဲ့တဲ့ ဝက်စ်ဟမ်းအသင်းအနေနဲ့ ရမှတ်အပြည့်ရရှိရေးကို ဦးတည်လာမယ့် မန်စီးတီးအသင်းကို အနိုင်ရရှိသွားနိုင်မလား နိုဝင်ဘာ ၂၈ ရက်ညပိုင်းမှာ အဖြေပေးသွားမှာ ဖြစ်ပါတယ်။

# ယူရိုပါလိဂ်ပွဲစဉ် (၅) တွင် ဝါးစ်ဇာဝါကို အနိုင်ယူပြီး အုပ်စုပထမရယူနိုင်ခဲ့သည့် လက်စတာ



ယူအီးအက်ဖ်အေ ယူရိုပါလိဂ် အုပ်စုပွဲစဉ် (၅) အဖြစ် အုပ်စု (C) မှ လက်စတာအသင်းနှင့် ပိုလန်ကလပ် ဝါးစ်ဇာဝါအသင်းတို့ပွဲစဉ်ကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကင်းပါဝါအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လက်စတာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လက်စတာအသင်းသည် ယခုအနိုင်ပွဲကြောင့် အုပ်စု (C) တွင် ရမှတ် ရှစ်မှတ်ဖြင့် အုပ်စု ပထမနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ အဆိုပါ အုပ်စုတွင် စပါးတပ်၊ နာပိုလီအသင်းတို့ပါဝင်ပြီး နောက်တစ်ဆင့်တက်ရောက်ရန် အဖြေထွက်ပေါ်ထားခြင်း မရှိသောကြောင့် အုပ်စုနောက်ဆုံးပွဲစဉ်အထိ စောင့်ကြည့်သွားရမည် ဖြစ်သည်။

ယခုပွဲစဉ်တွင် ဦးဆောင်ဂိုးကို လက်စတာအသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၁၁ မိနစ်တွင် ဒါကာက သွင်းယူပေးခဲ့သည်။ ဒုတိယဂိုးကို ပွဲချိန် ၂၁ မိနစ်တွင် မက်ဒီဆင်က သွင်းယူပေးခဲ့သည်။ ဝါးစ်ဇာဝါအသင်းကလည်း ချေပဂိုးရရှိရေးကြိုးစားလာခဲ့ရာ ပွဲချိန် ၂၈ မိနစ်တွင် အမ်လာဒင်နိုဗစ်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် လက်စတာအသင်းက တတိယဂိုးရရှိခဲ့ပြီး ပွဲချိန် ၃၃ မိနစ်တွင် အင်ဒီဒီက သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် လက်စတာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

## သတင်းတိုများ

- အင်တာမီလန် အသင်းသည် နွေရာသီတွင် အသင်းနှင့်စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် အသက် ၂၉ နှစ်အရွယ် ခရိုအေးရှားကွင်းလယ်ကစားသမား ဘရိုဇိုဗစ်ကို သက်တမ်းတိုး စာချုပ်ချုပ်ဆိုနိုင်လိမ့်မည်ဟု မျှော်လင့်နေသည်။
- အေစီမီလန်နည်းပြ ပီအိုလီသည် အသင်းနှင့် နောက်ထပ်နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် နီးစပ်နေပြီ ဖြစ်သည်။ ၎င်းသည် အေစီမီလန်သို့ ၂၀၁၉ ခုနှစ်တွင် ရောက်ရှိလာသူဖြစ်သည်။
- မန်ယူအသင်းသည် ဖီအိုရင်တီးနားအသင်းမှ ဆားဘီးယားတိုက်စစ်ကစားသမား ဗလာဟိုဗစ် (၂၁နှစ်)ကို ခေါ်ယူရေးတွင် စပါး၊ နယူးကာဆယ်အသင်းတို့နှင့်အပြိုင်ပါဝင်လာခဲ့သည်။
- နယူးကာဆယ်အသင်းသည် ဇန်နဝါရီတွင် မန်စီးတီးအသင်းမှ ယူကရိန်းကစားသမား ဇင်ချန်ကို (၂၄နှစ်)ကို ခေါ်ယူရန် ပစ်မှတ်ထားနေသည်။

■ မိုးဇက် - စုစည်းသည်

# အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုကြောင့် ဌာနဆိုင်ရာရုံး ၅၆၅ ရုံးတို့ ပျက်စီးဆုံးရှုံးခဲ့ရ

*(ယမန်နေ့မှအဆက်)*

| စဉ် | ရက်စွဲ | တိုင်း/ပြည်နယ် | ခရိုင်မြို့နယ် | အစိုးရဌာနရုံး/ အခင်းဖြစ်နေရာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁၉၁။ | ၂၁-၄-၂၀၂၁ | ရန်ကုန် | ဒဂုံမြို့သစ် တောင်ပိုင်း | မြို့နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးမှူးရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၉၂။ | ၃၀-၃-၂၀၂၁ | ပဲခူး | ပဲခူး | ပဲခူးမြို့၊ ဝဂံဘောကျေးရွာ | တင့်ဖျက်ဒုံးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့မှု။ |
| ၁၉၃။ | ၁၈-၃-၂၀၂၁ | မွန် | မော်လမြိုင် | မော်လမြိုင်မြို့ ဈေးချိုရပ်ကွက် | တင့်ဖျက်ဒုံးများဖြင့် ပစ်ခတ်ဖျက်ဆီးရန် ကြံရွယ်ထားရှိမှု။ |
| ၁၉၄။ | ၂၅-၃-၂၀၂၁ | မွန် | ကျိုက်ထို | ကျိုက်ထိုမြို့၊ နယ်မြေခံတပ် | ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ဖျက်ဆီးမှု။ |
| ၁၉၅။ | ၂-၄-၂၀၂၁ | မွန် | ကျိုက်ထို | သိမ်ဇရပ်မြို့နယ်မြေခံတပ် | ၄၀ မမ လက်နက်ကြီး များဖြင့် ပစ်ခတ်ဖျက်ဆီးမှု။ |
| ၁၉၆။ | ၉-၄-၂၀၂၁ | မွန် | ကျိုက်ထို | ကျိုက်ထိုမြို့ရှိ နယ်မြေခံတပ် | လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့မှု။ |
| ၁၉၇။ | ၂၉-၄-၂၀၂၁ | မကွေး | မကွေး | မကွေးမြို့ရှိ နယ်မြေခံတပ် | ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့မှု။ |
| ၁၉၈။ | ၂၉-၄-၂၀၂၁ | မန္တလေး | မိတ္ထီလာ | မိတ္ထီလာမြို့ရှိ နယ်မြေခံတပ် | ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့မှု။ |
| ၁၉၉။ | ၁၁-၅-၂၀၂၁ | မွန် | ကျိုက်ထို | ပြည်ခိုင်ဖြိုးရုံး | လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့မှု။ |
| ၂၀၀။ | ၁၅-၅-၂၀၂၁ | ကချင် | မြစ်ကြီးနား | ပလန(၃) အင်ကြင်းမြိုင်ကျေးရွာရှိ ခလရ (၂၉)၏ မြောက်ဘက်မီတာ ၂၀၀၀ ခန့်အကွာ ခမ LJ-၃၈၇၂၄၅ Palm Spring ဂေါက်ကွင်းအနီး | ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့မှု။ |
| ၂၀၁။ | ၁၅-၅-၂၀၂၁ | ပဲခူး | တောင်ငူ | တောင်ငူမြို့ရှိ နယ်မြေခံတပ် | ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့မှု။ |
| ၂၀၂။ | ၂၅-၄-၂၀၂၁ | စစ်ကိုင်း | ရွှေဘို | ခရိုင်ပညာရေးမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၀၃။ | ၂၅-၄-၂၀၂၁ | မွန် | ရေး | မြို့နယ်ပညာရေးမှူးရုံးရှေ့ | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၀၄။ | ၂၆-၄-၂၀၂၁ | ရှမ်း | သီပေါ | သီပေါမြို့နယ် မြို့နယ်ပညာရေးမှူးရုံးဝင်း | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၀၅။ | ၂၇-၄-၂၀၂၁ | မန္တလေး | မိတ္ထီလာ | ခရိုင်ပညာရေးမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၀၆။ | ၂၇-၁-၂၀၂၁ | ရန်ကုန် | ခရမ်း | မြို့နယ်ပညာရေးမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၀၇။ | ၂၈-၄-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | မန္တလေးခရိုင်ပညာရေးမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၀၈။ | ၂၉-၄-၂၀၂၁ | မကွေး | ပခုက္ကူ | (၁၅)ရပ်ကွက် မြို့မလမ်းရှိ ခရိုင်ပညာ ရေးမှူးရုံးရှေ့ ခြံစည်းရိုးအပြင်ဘက် | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၀၉။ | ၂-၅-၂၀၂၁ | စစ်ကိုင်း | ရွှေဘို | (၁၀)/(၃)/(၅) ရပ်ကွက် | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၁၀။ | ၂-၅-၂၀၂၁ | ပဲခူး | တောင်ငူ | မြို့နယ်ပညာရေးမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၁၁။ | ၂-၅-၂၀၂၁ | မကွေး | ဂန့်ဂေါ | မြို့နယ်ပညာရေးမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၁၂။ | ၂-၅-၂၀၂၁ | မကွေး | ပခုက္ကူ | ခရိုင်ပညာရေးမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၁၃။ | ၃-၅-၂၀၂၁ | စစ်ကိုင်း | ထီးချိုင့် | အမှတ်(၁)စံပြရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၁၄။ | ၃-၅-၂၀၂၁ | စစ်ကိုင်း | တန့်ဆည် | မေတ္တာမြိုင်ရပ်ကွက် မြို့နယ်ပညာရေးမှူး ရုံးဝင်း | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၁၅။ | ၃-၅-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | ခရိုင်ပညာရေးမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၁၆။ | ၃-၅-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | (ဆ)ရပ်ကွက် ၁၂၈ x ၁၂၉ လမ်းကြားရှိ မြို့နယ်ပညာရေးမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၁၇။ | ၄-၅-၂၀၂၁ | ရန်ကုန် | သဃ်န်းကျွန်း | သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ဝင်း | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၁၈။ | ၁၇-၃-၂၀၂၁ | မကွေး | ပေါက် | ပေါက်မြို့၊ အောင်တံခွန်ရပ်ကွက် | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၁၉။ | ၂၁-၄-၂၀၂၁ | မွန် | ကျိုက်ထို | သရက်ကုန်းကျေးရွာ | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၂၀။ | ၂၈-၄-၂၀၂၁ | ကရင် | ကြာအင်းဆိပ်ကြီး | ထိုင်း-မြန်မာနယ်စပ် ချက်ပွိုင့်ဂိတ်နှင့် ပြည်ခိုင်ဖြိုးပါတီရုံးအနီး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၂၁။ | ၄-၅-၂၀၂၁ | ချင်း | ဟားခါး | ၆ လမ်းဆုံစစ်ဆေးရေးဂိတ်အနီး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၂၂။ | ၂-၄-၂၀၂၁ | ရှမ်း | လားရှိုး | လားရှိုးမြို့၊ အမှတ်(၄) စစ်သားစုဆောင်းရေးတပ်စု | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၂၃။ | ၆-၄-၂၀၂၁ | မွန် | ကျိုက်ထို | ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ ခလရ(၂) ဂိတ်တဲ | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၂၄။ | ၇-၄-၂၀၂၁ | ရန်ကုန် | ဒဂုံ | ဘုရားကြီးရပ်ကွက်၊ ဇီဝလမ်း | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၂၅။ | ၁၁-၄-၂၀၂၁ | ရန်ကုန် | မင်္ဂလာဒုံ | အမှတ် (၉၆၈) ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်ခွဲ အိမ်ထောင်သည် လိုင်းခန်းအမှတ်(၈) | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၂၆။ | ၁၇-၄-၂၀၂၁ | ရန်ကုန် | ရန်ကင်း | စရတရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၂၇။ | ၂၁-၄-၂၀၂၁ | ကချင် | မြစ်ကြီးနား | အမှတ်(၄) စစ်သားစုဆောင်းရေးဝင်း | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၂၈။ | ၂၉-၄-၂၀၂၁ | မန္တလေး | မိတ္ထီလာ | ချည်စက်ရပ်ကွက် ထပရ(၉၂၈)နှင့် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံကြား မိတ္ထီလာ-တောင်ကြီး ကားလမ်း | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၂၉။ | ၁-၅-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | တံခွန်တိုင်ရပ်ကွက်ပရိဘောဂရပ် | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၃၀။ | ၃-၅-၂၀၂၁ | ချင်း | ဟားခါး | ဟားခါးမြို့ရှိ နယ်မြေခံတပ် | အကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်နက်/ ခဲယမ်းများသိမ်းဆည်းရမိ။ |
| ၂၃၁။ | ၄-၅-၂၀၂၁ | ရန်ကုန် | ရန်ကင်း | (၁၅)ရပ်ကွက် | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၃၂။ | ၂၈-၃-၂၀၂၁ | ကရင် | မြဝတီ | မြဝတီမြို့ (၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၃၃။ | ၆-၄-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၃၄။ | ၇-၄-၂၀၂၁ | ရန်ကုန် | စမ်းချောင်း | စမ်းချောင်း(မြောက်) ရပ်ကွက် | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၃၅။ | ၁၀-၄-၂၀၂၁ | မန္တလေး | မဟာအောင်မြေ | မဟာမြိုင်(၂) ရပ်ကွက် ရစဖမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၃၆။ | ၁၁-၄-၂၀၂၁ | ရန်ကုန် | အင်းစိန် | အောင်ဆန်းရပ်ကွက် ရစဖရုံးနှင့် တွဲလျက်ဖွင့်ထားသည့် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၃၇။ | ၁၂-၄-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | (ဃ)ရပ်ကွက်၊ မစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၃၈။ | ၁၅-၄-၂၀၂၁ | ရန်ကုန် | အလုံ | ဌာနရပ်ကွက် အလုံလမ်းရှိ ရစဖရုံးရှေ့ | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၃၉။ | ၁၇-၄-၂၀၂၁ | ကချင် | မြစ်ကြီးနား | ရွှေညောင်ပင်ရစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၄၀။ | ၁၇-၄-၂၀၂၁ | မန္တလေး | အောင်မြေသာစံ | ပြည်ကြီးကျက်သရေ အရှေ့ရပ်ကွက် ရစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၄၁။ | ၁၇-၄-၂၀၂၁ | မန္တလေး | အောင်မြေသာစံ | ပုလဲငွေရောင် ရပ်ကွက်ရစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၄၂။ | ၁၇-၄-၂၀၂၁ | ရန်ကုန် | သဃ်န်းကျွန်း | (၁၆/၃)ရပ်ကွက်ရှိရစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၄၃။ | ၁၈-၄-၂၀၂၁ | မန္တလေး | အောင်မြေသာစံ | အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက် ရစဖမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၄၄။ | ၁၈-၄-၂၀၂၁ | ရန်ကုန် | သဃ်န်းကျွန်း | သဃ်န်းကျွန်းမြို့နယ် (၁၆/၂) ရပ်ကွက်ရစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၄၅။ | ၁၉-၄-၂၀၂၁ | ရန်ကုန် | ကမာရွတ် | ကမာရွတ်မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၄၆။ | ၂၀-၄-၂၀၂၁ | ရန်ကုန် | အင်းစိန် | အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ မစဖရုံး၏ အနောက်ဘက်ဝင်ပေါက် သံတံခါး အုတ်တံတိုင်းနှင့် ၂၂ ပေခန့်အကွာ | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၄၇။ | ၂၀-၄-၂၀၂၁ | ရန်ကုန် | ဒဂုံ(မြောက်) | (၃၈)ရပ်ကွက် ရစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၄၈။ | ၂၀-၄-၂၀၂၁ | ရန်ကုန် | လှိုင် | (၂)ရပ်ကွက် ရစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၄၉။ | ၂၁-၄-၂၀၂၁ | ကချင် | ရွှေကူ | အမှတ်(၄)ရပ်ကွက် | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၅၀။ | ၂၁-၄-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | ချမ်း/တောင် ရပ်ကွက် | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၅၁။ | ၂၁-၄-၂၀၂၁ | ရန်ကုန် | သဃ်န်းကျွန်း | လေးထောင့်ကန်ရပ်ကွက် | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၅၂။ | ၂၃-၄-၂၀၂၁ | မန္တလေး | ချမ်းအေးသာစံ | မစဖရုံးရှေ့ | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၅၃။ | ၂၄-၄-၂၀၂၁ | စစ်ကိုင်း | ဟုမ္မလင်း | ဟုမ္မလင်းရပ်ကွက် ရစဖမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၅၄။ | ၂၅-၄-၂၀၂၁ | မွန် | သထုံ | သိမ်ကုန်းရပ်ကွက်ရစဖရုံးရှေ့အနီး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၅၅။ | ၂၅-၄-၂၀၂၁ | ရန်ကုန် | အင်းစိန် | ပေါက်တောဝ ရပ်ကွက်ရစဖရုံးရှေ့ | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၅၆။ | ၂၆-၄-၂၀၂၁ | ရန်ကုန် | ဒလ | ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ရစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၅၇။ | ၂၆-၄-၂၀၂၁ | ရန်ကုန် | လှိုင် | (၈)ရပ်ကွက်(ရစဖရုံး) | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၅၈။ | ၂၇-၄-၂၀၂၁ | မန္တလေး | မဟာအောင်မြေ | ရစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၅၉။ | ၂၇-၄-၂၀၂၁ | မန္တလေး | ချမ်းအေးသာစံ | ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် ရစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၆၀။ | ၂၇-၄-၂၀၂၁ | မန္တလေး | အောင်မြေသာစံ | အနိုပ်တော်ရပ်ကွက်ရစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၆၁။ | ၂၇-၄-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | (ဃ)ရပ်ကွက်(ရစဖရုံး) | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |

*စာမျက်နှာ ၂၄ သို့*

စာမျက်နှာ ၂၃ မှ

| စဉ် | ရက်စွဲ | တိုင်း/ပြည်နယ် | ခရိုင်မြို့နယ် | အစိုးရဌာနရုံး/ အခင်းဖြစ်နေရာ | မှတ်ချက် |
|---|---|---|---|---|---|
| ၂၆၂။ | ၂၈-၄-၂၀၂၁ | ကချင် | ဗန်းမော် | ခရိုင်စုပေါင်းရုံးအနီး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၆၃။ | ၂၈-၄-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | အောင်ပင်လယ်ရပ်ကွက် ရစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၆၄။ | ၂၈-၄-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | အောင်သာယာရပ်ကွက်ရစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၆၅။ | ၂၉-၄-၂၀၂၁ | ရန်ကုန် | လှိုင်သာယာ (အနောက်ပိုင်း) | (၁၆)ရပ်ကွက်ရစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၆၆။ | ၃၀-၄-၂၀၂၁ | ရန်ကုန် | မရမ်းကုန်း | (၁)ရပ်ကွက်(ရစဖရုံး) | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၆၇။ | ၁-၅-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | မြို့သစ်(၄)ရပ်ကွက် | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၆၈။ | ၂-၅-၂၀၂၁ | မန္တလေး | အောင်မြေသာစံ | အောင်မြေသာစံ ရစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၆၉။ | ၂-၅-၂၀၂၁ | ရန်ကုန် | ဒဂုံ(မြောက်) | ရစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၇၀။ | ၂-၅-၂၀၂၁ | ရန်ကုန် | အင်းစိန် | မြို့သစ်(က+ခ) ရပ်ကွက် | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၇၁။ | ၂-၅-၂၀၂၁ | ရန်ကုန် | အင်းစိန် | မြို့သစ်(ဂ) ရပ်ကွက် | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၇၂။ | ၄-၅-၂၀၂၁ | ကယား | ဖရူဆို | ထီးတရဲရပ်ကွက် မစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၇၃။ | ၄-၅-၂၀၂၁ | စစ်ကိုင်း | တမူး | စော်ဘွားအင်းရပ်ကွက် ရစဖမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၇၄။ | ၄-၅-၂၀၂၁ | ရန်ကုန် | အင်းစိန် | ရွာမအနောက်ရပ်ကွက်(ရစဖမှူးရုံး) | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၇၅။ | ၁၂-၄-၂၀၂၁ | မန္တလေး | တံတားဦး | (၁)ရပ်ကွက်၊ မစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၇၆။ | ၁၇-၄-၂၀၂၁ | ရန်ကုန် | ရန်ကင်း | (၂)ရပ်ကွက်ရစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၇၇။ | ၇-၄-၂၀၂၁ | ရန်ကုန် | ဒဂုံ | ပြည်လမ်းအနောက်ရပ်ကွက် | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၇၈။ | ၇-၄-၂၀၂၁ | ရန်ကုန် | ကျောက်တံတား | (၄)ရပ်ကွက်၊ ပန်ဆိုးတန်းလမ်းနှင့် ကမ်းနားလမ်းထောင့် | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၇၉။ | ၁၂-၄-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | မြို့သစ်(၁)ရပ်ကွက် ၁၀၆ လမ်း ၆၀x၆၂ ကြား | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၈၀။ | ၁၃-၄-၂၀၂၁ | မန္တလေး | တောင်သာ | မြို့နယ်ကျေးလက်ဦးစီးဌာနမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၈၁။ | ၁၄-၃-၂၀၂၁ | ရှမ်း | တောင်ကြီး | ပြည်နယ် စိုက်ပျိုးရေးရုံးဝင်း | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၈၂။ | ၁၇-၄-၂၀၂၁ | ရန်ကုန် | အင်းစိန် | ဈေးကုန်းအနောက်ရပ်ကွက် လှိုင်မြစ်လမ်းဘေးရှိ အင်းစိန်မြို့နယ် မီးသတ်စခန်းဝန်ထမ်းအိမ်ရာ | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၈၃။ | ၁၉-၄-၂၀၂၁ | မန္တလေး | ချမ်းအေးသာစံ | ချမ်းအေးသာစံမြို့နယ် မဟာအောင်မြေမြို့နယ် တရားရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၈၄။ | ၂၀-၄-၂၀၂၁ | မွန် | ဘီးလင်း | ဘီးလင်းမြို့ အောင်ချမ်းသာရပ်ကွက်ရှိ မြို့နယ်စာရင်းစစ်ရုံးရှေ့ | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၈၅။ | ၂၁-၄-၂၀၂၁ | မန္တလေး | မြင်းခြံ | (၁၉)ရပ်ကွက်၊ ခရိုင်ကညနရုံးဝင်းအတွင်း | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၈၆။ | ၂၂-၄-၂၀၂၁ | မန္တလေး | အမရပူရ | စုပေါင်းရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၈၇။ | ၂၅-၄-၂၀၂၁ | တနင်္သာရီ | မြိတ် | ခရိုင်စိုက်ပျိုးရေးအိမ်ရာ ဆိုင်းဘုတ်အနီး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၈၈။ | ၂၅-၄-၂၀၂၁ | တနင်္သာရီ | ထားဝယ် | အာဇာနည်လမ်းနှင့် သစ်တောရုံးလမ်း | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၈၉။ | ၂၅-၄-၂၀၂၁ | ပဲခူး | ဝေါ | ဘိုးဘုံရပ်ကွက်ရှိ မြို့နယ်မီးသတ်ရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၉၀။ | ၂၅-၄-၂၀၂၁ | မန္တလေး | အောင်မြေသာစံ | တိုင်းဒေသကြီးလွှတ်တော်ရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၉၁။ | ၂၆-၄-၂၀၂၁ | နေပြည်တော် | တပ်ကုန်း | တပ်ကုန်းမြို့ ဆရာစံတိုးချဲ့ရပ်ကွက် | အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့မှု။ |
| ၂၉၂။ | ၂၆-၄-၂၀၂၁ | တနင်္သာရီ | မြိတ် | မြိတ်မြို့မြိတ်ခရိုင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၉၃။ | ၂၆-၄-၂၀၂၁ | တနင်္သာရီ | ထားဝယ် | ထားဝယ်မြို့(ကညနရုံး) | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၉၄။ | ၂၆-၄-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | ချမ်းမြသာစည်မြို့နယ်စည်ပင်ရုံးဝင်းအနီး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၉၅။ | ၂၇-၄-၂၀၂၁ | မန္တလေး | အောင်မြေသာစံ | အောင်မြေသာစံမြို့နယ် တိုင်းဒေသကြီးအခွန်ဦးစီးမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၉၆။ | ၂၇-၄-၂၀၂၁ | မန္တလေး | မြင်းခြံ | ခရိုင်ကညနရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၉၇။ | ၂၇-၄-၂၀၂၁ | မန္တလေး | အမရပူရ | အမရပူရမြို့နယ် ကညနရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၉၈။ | ၂၈-၄-၂၀၂၁ | မကွေး | ပခုက္ကူ | ခရိုင်လဝကရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၂၉၉။ | ၂၉-၄-၂၀၂၁ | မန္တလေး | မိတ္ထီလာ | ဈေးအရှေ့ပြင်ရပ်ကွက် ချမ်းသာကြီးလမ်းရှိ မြို့နယ်လဝကရုံးဟောင်း | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၀၀။ | ၂၉-၄-၂၀၂၁ | မန္တလေး | မိတ္ထီလာ | အောင်ဆန်းရပ်ကွက် မိတ္ထီလာ- ကျောက်ပန်းတောင်း ကားလမ်းဘေးရှိ မိတ္ထီလာမြို့ ကညနရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၀၁။ | ၂၉-၄-၂၀၂၁ | မန္တလေး | မိတ္ထီလာ | ချမ်းအေးသာယာရပ်ကွက် ဝန်ထမ်းအိမ်ရာ တိုက်အမှတ်(၁၀)ရှေ့ | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၀၂။ | ၂၉-၄-၂၀၂၁ | မန္တလေး | မဟာအောင်မြေ | မဟာနွယ်စဉ်ရပ်ကွက် ၃၆ လမ်း၊ ၆၉ x ၇၀ လမ်းကြားရှိ စည်ပင်ဝန်ထမ်းအိမ်ရာ | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၀၃။ | ၃၀-၄-၂၀၂၁ | နေပြည်တော် | လယ်ဝေး | လဝကရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၀၄။ | ၃၀-၄-၂၀၂၁ | မန္တလေး | ချမ်းအေးသာစံ | တရားရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၀၅။ | ၃၀-၄-၂၀၂၁ | ရန်ကုန် | ခရမ်း | (၂)ရပ်ကွက် လဝကရုံးရှေ့ | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၀၆။ | ၁-၅-၂၀၂၁ | ကယား | လွိုင်ကော် | အကျဉ်းထောင်အနီး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၀၇။ | ၁-၅-၂၀၂၁ | ပဲခူး | ပဲခူး | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၀၈။ | ၁-၅-၂၀၂၁ | မွန် | သထုံ | အကစ(သထုံ)အနီး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၀၉။ | ၂-၅-၂၀၂၁ | နေပြည်တော် | ပျဉ်းမနား | စက်မှုလယ်ယာ တိုင်းရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၁၀။ | ၂-၅-၂၀၂၁ | ရန်ကုန် | အင်းစိန် | ကြို့ကုန်းအနောက်ရပ်ကွက် | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၁၁။ | ၃-၅-၂၀၂၁ | ပဲခူး | ပေါင်းတည် | မင်းကွက်(၁)ရပ်ကွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၁၂။ | ၃-၅-၂၀၂၁ | မွန် | သံဖြူဇရပ် | ကျောက်ပိုင်းရပ်ကွက်စုပေါင်းရုံးဝင်း | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၁၃။ | ၃-၅-၂၀၂၁ | ရန်ကုန် | မင်္ဂလာဒုံ | ထောက်ကြန့်မြို့ မြောက်ပိုင်းရပ်ကွက် ကညနရုံးဝင်း | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၁၄။ | ၄-၅-၂၀၂၁ | မကွေး | မြိုင် | မြို့နယ်ပညာရေးမှူးရုံးနှင့် မြို့နယ်တရားရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၁၅။ | ၄-၅-၂၀၂၁ | မန္တလေး | အမရပူရ | လျှပ်စစ်ရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၁၆။ | ၄-၅-၂၀၂၁ | ရန်ကုန် | မြောက်ဥက္ကလာပ | (ဃ)ရပ်ကွက် သီရိကန်သာအိမ်ရာ | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၁၇။ | ၂-၈-၂၀၂၁ | ရန်ကုန် | ဗဟန်း | တရားရုံးရှေ့ | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၁၈။ | ၃-၈-၂၀၂၁ | မန္တလေး | မဟာအောင်မြေ | ရစဖမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၁၉။ | ၃-၈-၂၀၂၁ | ကယား | လွိုင်ကော် | စည်ပင်သာယာရုံးဝင်း | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၂၀။ | ၅-၈-၂၀၂၁ | ချင်း | ထန်တလန် | လဝကရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၂၁။ | ၆-၈-၂၀၂၁ | ရန်ကုန် | ဒဂုံမြို့သစ်ဆိပ်ကမ်း | ရေပေးဝေရေးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၂၂။ | ၆-၈-၂၀၂၁ | ရန်ကုန် | အင်းစိန် | ရစဖရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၂၃။ | ၇-၈-၂၀၂၁ | မန္တလေး | မိုးကုတ် | မိုးကုတ်အချုပ်ထောင် | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၂၄။ | ၇-၈-၂၀၂၁ | ရန်ကုန် | ကမာရွတ် | မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)ရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၂၅။ | ၈-၈-၂၀၂၁ | မန္တလေး | ပုသိမ်ကြီး | တိုင်းဒေသကြီး စည်ပင်သာယာရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၂၆။ | ၉-၈-၂၀၂၁ | မန္တလေး | မဟာအောင်မြေ | စည်ပင်သာယာဝန်ထမ်းအိမ်ရာ | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၂၇။ | ၉-၈-၂၀၂၁ | မန္တလေး | ချမ်းအေးသာစံ | တိုင်းအာမခံရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၂၈။ | ၉-၈-၂၀၂၁ | မကွေး | ရေစကြို | မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝင်း | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၂၉။ | ၁၀-၈-၂၀၂၁ | မန္တလေး | အောင်မြေသာစံ | တိုင်းဒေသကြီး လွှတ်တော်ရုံးရှေ့ | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၃၀။ | ၁၀-၈-၂၀၂၁ | ရန်ကုန် | ဗိုလ်တထောင် | ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးရုံးရှေ့ | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၃၁။ | ၁၀-၈-၂၀၂၁ | ကယား | လွိုင်ကော် | မိုင်းလုံးရပ်ကွက် စက်မှုလယ်ယာရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၃၂။ | ၁၁-၈-၂၀၂၁ | စစ်ကိုင်း | ဘုတလင် | MPT ရုံးဝင်းအတွင်း | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၃၃။ | ၁၂-၈-၂၀၂၁ | မွန် | ဘီးလင်း | မြေယာစီမံခန့်ခွဲရေးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၃၄။ | ၁၂-၈-၂၀၂၁ | ရန်ကုန် | အင်းစိန် | ဗဟိုအကျဉ်းထောင် | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၃၅။ | ၁၃-၈-၂၀၂၁ | ရန်ကုန် | လှိုင် | ၅ရပ်ကွက်၊ ရစဖမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၃၆။ | ၁၄-၈-၂၀၂၁ | မကွေး | မင်းဘူး | ရစဖမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၃၇။ | ၁၄-၈-၂၀၂၁ | မန္တလေး | အောင်မြေသာစံ | ရစဖမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၃၈။ | ၁၄-၈-၂၀၂၁ | မန္တလေး | အောင်မြေသာစံ | ရစဖမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၃၉။ | ၁၄-၈-၂၀၂၁ | ရန်ကုန် | မြောက်ဥက္ကလာပ | လျှပ်စစ်ရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၄၀။ | ၁၄-၈-၂၀၂၁ | ရန်ကုန် | အလုံ | စောရန်ပိုင်အနောက်ရပ်ကွက် EPC ရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၄၁။ | ၁၄-၈-၂၀၂၁ | ရန်ကုန် | သင်္ဃန်းကျွန်း | ကညနရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၃၄၂။ | ၁၅-၈-၂၀၂၁ | ရန်ကုန် | စမ်းချောင်း | ရစဖမှူးရုံး | လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |

(ဆက်လက်ဖော်ပြပါမည်)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဘုရား၊ ရဟန်း ဒါယိကာမကြီး
# ဒေါ်လှလှ
## အသက် (၉၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သူရလမ်း၊ အမှတ် ၁၄၄၈နေ(ဦးစောလျံ-ဒေါ်ကြည်)တို့၏သမီး၊ (ဦး အောင်လှဘော်)၏ဇနီး၊ ဒေါ်ခင်အေးနွဲ့၊ ဦးစိုးအောင်-ဒေါ်ဒက်ဖနီသော်၊ ဦးမျိုးအောင်-(ဒေါ်အုန်းမြင့်)၊ ဦးမိုးအောင်-ဒေါ်ခင်အေးရွှေ၊ ဦးဖြူအောင်-ဒေါ်ခိုင်မာချစ်၊ ဦးနီအောင်-ဒေါ်လှလှသွယ်၊ ဦးကံအောင်- ဒေါ်ခိုင်ရွှေဝါ၊ ဦးညီညီအောင်-ဒေါ်ဆန်းဆန်းသီတို့၏ မိခင်၊ မြေး/ မြစ် ၂၃ ယောက်တို့၏ အဘွားသည် ၂၆-၁၁-၂၀၂၁ရက် နံနက် ၁၀: ၅၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၂၁ရက်(တနင်္ဂနွေနေ့)ညနေ ၃:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း ဒါယိကာမကြီး
# ဒေါ်လှလှ
## အသက်(၉၆)နှစ်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်-ဒေါ်လှလှသွယ်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်သည် ၂၆-၁၁-၂၀၂၁ရက် နံနက် ၁၀:၅၀နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ**
**အရာထမ်း၊အမှုထမ်းများ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3K/1100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်သူ ၇/ပခန(နိုင်)၄၅၅၄၁၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/7161, Hyundai Starex Mini Bus(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဦး ၉/မထလ(နိုင်)၂၂၁၂၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဦးခင်မောင်လင်း(သံတွဲ)
### အထက်တန်းပြ(ငြိမ်း) B.Ed-1978
### အသက် (၆၈)နှစ်

သံတွဲမြို့၊ ဗိုလ်ချုပ်လမ်း၊ တောင်ပိုင်းရပ်နေ (ဦးခင်မောင်-ဒေါ်ခင်မြင့်)တို့၏သား၊ တောင်ကုတ်မြို့၊ ကံပိုင်ရပ်ကွက်နေ (ဦးသိန်းဖေ-ဒေါ်ညို)တို့၏ သားသမက်၊ ဒေါ်ခင်မေမြင့်-(ဦးအောင်သိန်းဖေ)၊ ဦးခင်မောင်ဝင်း-ဒေါ်သန်းသန်း၊ (ဒေါ်ပုညဝတီ)၊ ဒေါ်ခင်ဝင်းမြင့်-(ဦးသန်းထွန်း)၊ ဒေါ်ခင်နှင်းမြင့်-(ဦးရင်ဖေ)၊ ဒေါ်ခင်ညိုညိုမြင့်-ဦးကျော်စိုး၊ ဦးကြည်ဝင်း-ဒေါ်ခင်စန်းရီ၊ ဒေါ်ခင်ချိုချိုမြင့်-ဦးမြင့်အောင်တို့၏ ညီ၊ မောင်၊ အစ်ကို၊ ဦးဖြိုးဝေလင်း၊ ဦးထက်ကျော်စိုး-မသင်းထက်မြတ်စိုး၊ မတင်ဇာဖြိုး-ကိုမင်းမင်းထွန်း၊ မဇင်မာဖြိုးတို့၏ ဖခင်၊ မြေး ငါးယောက်တို့၏အဘိုး၊ ဒေါ်ခင်စန်းရီ(ခ)မဝိုင်း၏ခင်ပွန်းသည် တောင်ကုတ်မြို့နေအိမ်၌ ၂၇-၁၁-၂၀၂၁ရက် မွန်းလွဲ ၂:၅၀ နာရီတွင် (၉၆)ပါးသောဝေဒနာဖြင့် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ၂၉-၁၁-၂၀၂၁ရက် ညနေ ၃ နာရီတွင် တောင်ကုတ်မြို့၊ လောကသစ္စာသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/2005 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7L/3450, Toyota Alphard MNH10, Micro Bus ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လွင် ၁၂/ဥကမ(နိုင်)၁၆၂၄၀၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် W/95107 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်ထွေး ၉/ပဥလ(နိုင်)၀၀၁၄၈၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/80765, Honda C90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောလွင် ၁၂/ဥကမ(နိုင်)၀၉၆၇၁၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ အထက မြေပုံမြို့ တက္ကသိုလ်ဝင်တန်း(C)မှ မအေးဒွါ၏ ဖခင်ဦးဖိုးချိုင့်၏ အမည်မှန်မှာ ဦးဖိုးသိန်း ၁၁/မပတ(နိုင်)၀၈၂၁၄၆ ဖြစ်ပါကြောင်း။

**ဦးဖိုးသိန်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၅၅)ရပ်ကွက်၊ မြေကွက်အမှတ် ၁၀၁၈(က)၊ အကျယ်အဝန်း(ပေ ၂၀x ပေ၆၀)မြေကွက်ဟုခေါ်သော ဦးသက်နိုင်ဝင်း ၁၂/ဒဂတ(နိုင်)၀၁၇၃၈၈ အမည်ပေါက် အိုးအိမ်ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်အရောင်းအဝယ်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်ထား၍ လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးအုန်းမြင့် ၁၂/သကတ(နိုင်) ၃၁၂၉၄၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခါးတောမ် ၁/မကန(နိုင်)၀၄၆၉၆၆မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်အားစင်နူး(LL.B, D.B.L,D.I.P.L)** | **ဒေါ်သူဇာထွန်း (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်- ၅၀၁၆၈/၂၀၁၈)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၁၅၆/၂၀၁၈)** |
| **အမှတ် ၂၂၊ သံလမ်း၊ လှိုင်မြို့နယ်၊** | **အမှတ်(၂)၊ ပုညဝဿနလမ်း၊ တာမွေမြို့နယ်၊** |
| **ရန်ကုန်တိုင်းဒေသကြီး** | **ရန်ကုန်တိုင်းဒေသကြီး၊** |
| **ဖုန်း-၀၉-၄၅၅၂၀၁၅၄** | **ဖုန်း-၀၉-၇၉၃၁၉၆၅၆၆** |

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/6707 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3M/5222, Toyota Hilux Vigo KUN 15R Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မေ ၈/စတရ(နိုင်)၀၀၁၃၂၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ စလမ်း၊ အမှတ် (၅၆၈/ခ)၊အလျား ၆၀ပေxအနံ ၂၀ပေ မြေပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်း၊ (၆)ထပ်၊ RC တိုက်မှ အကျယ် ၅၅ပေ x ၁၈ပေ၊ အမြင့် ၉ပေရှိ ပဥ္စမထပ်၊(၆လွှာ) ဟုခေါ်တွင်သော ရေမီး၊ အစုံပါ တိုက်ခန်းတစ်ခန်းနှင့် ၎င်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ယဉ်ယဉ်အေး ၉/ အမဇ(နိုင်) ၁၂၄၁၉၅က မိမိကသာတရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ တိုက်ခန်းကို အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သူဇာလွင် ၁၂/မဂဒ(နိုင်)၁၅၉၅၄၇က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်ထက်အောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၂၀၉)**
**အမှတ် ၅၆၀၊ မာဃ ၁၀လမ်း၊ (၁၂)ရပ်ကွက်**
**တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၉၀၁၄၄၅၂၇**

## မွေးသက္ကရာဇ်အမှန်၊ ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အေးသာယာ၊ အမှတ်(၄)ရပ်ကွက်၊ နယ်မြေ(၂)၊ အိမ်အမှတ် ၃၆၉/၄၀၁နေ မဟီရာ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၉-၂၀၀၃ ဖြစ်ပြီး ဖခင် ဦးရော်ဘီချန္ဒရာ(ခ)ဦးကစ္စနား ၁၃/ရစန(နိုင်)၀၄၅၈၃၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/6742, Mitsubishi Fuso ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဌေး ၁၃/ကလန(နိုင်)၀၆၀၂၁၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(အောင်ပန်း)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် ၅၃၂(စီ)[က]၊ ဉာဏ ရပ်ကွက်၊ မဥ္ဇူလမ်း၊ အမှတ် ၂/၆၉၊ အလျား ၂၅ပေ xအနံ ၁၀၀ပေ ဒေါ်ဇင်မာလွင်အမည်ဖြင့် နှစ်(၆၀)ဂရန်မြေနှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်အမည်ပေါက်သူ ဒေါ်ဇင်မာလွင် ၁၂/မရက(နိုင်)၁၀၅၀၉၄ မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေ ဦးသန့်ဇော် ၁၂/မဂဒ(နိုင်)၁၁၀၇၉၁မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ပြီးဆုံးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလွင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၆၇)**
**အမှတ် ၆၄၈၊ ဦးပုည(၁)လမ်း၊ (၁၇)ရပ်ကွက် ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၅၄၁၂၅၆၇**

## ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်းမှ မမြတ်နိုးနိုးကျောင်းဝင်အမှတ် (F-၁၃၉၅)၏ ဖခင်အမည်မှန်မှာ ဦးဘိုအောင် ဖြစ်ပါကြောင်း။

**ဦးဘိုအောင်**

## ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း အခန်း (A)မှ မအိချိုဝင်းနှင့် Grade-7 (A) (သင်ရိုးသစ်)မှ မောင်နေထူးလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးမင်းထိုက်ဖြစ်ပါကြောင်း။

**ဦးမင်းထိုက်**

## ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း အခန်း (A)မှ မသင်းပြည့်စုံနှင့် သတ္တမတန်းမှ မအေးမြတ်မိုးတို့၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်ဖြစ်ပါကြောင်း။

**ဦးသက်နိုင်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်ချဉ်အထက Grade-11 မှ မနှင်းသီရိဝေနှင့် Grade- 6 မှ မရှင်းသန့်ချိုတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွေး ၈/စလန(နိုင်)၀၃၅၄၈၆ ဖြစ်ပါသည်။

**ဦးမောင်ထွေး**

## အများသိစေရန် အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တောင်ဇလပ်ရပ်ကွက်နေ ဒေါ်အစ္စတာ ၅/ကလက(နိုင်)၁၂၂၀၃၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အစ္စတာနှင့် ဦးလားလ်ပတ်လျံတို့သည် ၁၀-၃-၂၀၂၁ ရက်မှစ၍ နှစ်ဦးသဘောတူအကြောင်လင် မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် နောက်နောင် ဦးလားလ်ပတ်လျံနှင့် ပတ်သက်သည့်လူမှုရေး၊ စီးပွားရေးကိစ္စ အရပ်ရပ်အားလုံးတို့ကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၁၆/၂၀၁၃)**
**အောင်မင်္ဂလာရပ်၊ နယ်မြေ (၄၉/၈)၊ ကလေးမြို့**
**ဖုန်း-၀၉-၄၇၀၇၂၂၁၁၊ ၀၉-၂၅၉၁၆၉၃၄၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/8098 ယာဉ်လက်ဝယ်ရှိသူ ဦးသက်မင်းထွန်း ၇/ရပသ(နိုင်)၀၅၉၇၂၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/1772, Toyota Townace CM 51, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးလှမင်း(ခ) အောင်ဇော် ၁/မကန(နိုင်)၀၂၃၀၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သပြေညိုလမ်း၊ တိုက်အမှတ် (၁၇/အေ)နေ (ဘ)ဦးလီကြည်ချန် ၏သမီးဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လီလီမြင့် ၁/မညန(ပြု)၀၀၀၀၂၄ ကိုင်ဆောင်သူနှင့် (ဘ)ဦးရင်ကွယ်ဖျင့်(ခ)လောဝူး၏သားဖြစ်သူ ဦးမောင်မောင်ဝင်း ၉/မရမ(နိုင်)၀၆၄၇၁၂ ကိုင်ဆောင်သူတို့သည် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၃၀-၁၀-၂၀၁၉ ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲသည့် ကျမ်းသစ္စာပြုလွှာအား လက်မှတ်ရေးထိုး၍တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသဖြင့် ဦးမောင်မောင်ဝင်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လီလီမြင့်မှ တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်လီလီမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဦး (LL.B, LL.M, MRes Law, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၇၅၀၂၁၈၄၁**

## အသိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၂/က စံပြရပ်ကွက်၊ ဓမ္မသုခအတွင်းလမ်း၊ အမှတ် (၂၅)နေ ဦးကြည်မောင် ၁၂/မဂဒ(နိုင်)၀၈၄၃၈၀ သိရှိစေအပ်သည်မှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက လူကြီးမင်းအမည်ပေါက် ပိုင်ဆိုင်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ လူနေရပ်ကွက်အမှတ်-တောင်သူစု၊ မြေတိုင်းရပ်ကွက်အမှတ် -၄၀၈(A)၊ ၂/က စံပြရပ်ကွက်၊ ခတ္တာလမ်း၊ မြေကွက် အမှတ် -၁၄၃၊ မြေအကျယ်အဝန်းပေ (၄၀x၆၀)ရှိ နှစ် ၆၀ ဂရန်မြေအား ဝယ်ယူပြီးဖြစ်ရာ ကျွန်ုပ်မိတ်ဆွေနှင့် ကတိပြုထားသည့်အတိုင်း ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကြီးမင်း ဦးကြည်မောင်အနေဖြင့် စာချုပ်စာတမ်းအား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ထွဋ်မြင့် (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ (၆၉၇၅) (၂၀-၂-၂၀၀၁)**
**အမှတ် (၄၈၃)၊ မြရတနာ (၁)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာ၊**
**ဖုန်း-၀၉-၂၅၀၆၅၉၃၃၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေကွက်အမှတ် (၄၈/က၁-A)၊ ဆိုင်ခန်းအမှတ် (၄၂)၊ ပတ္တမြားပန်းကွင်းဟုခေါ်တွင်သော (အလျားပေ ၆၀xအနံပေ ၂၀) မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်လှလှရွှေ ၁၂/မဂဒ(နိုင်)၀၀၃၂၁၈မှ အမည်ပေါက်ပြီး ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ရောင်းချသည့်တန်ဖိုးငွေအပြည့် အဝပေးချေဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးမိုးသူ LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၆၅၇၃)**
**အမှတ်-၂၆၊ ပထမထပ်(A)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၇၃၀၂၆၃၉၇**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## အမေရိကန်ပြည်ထောင်စု အပါအဝင် နိုင်ငံအချို့က ၂၆-၁၁-၂၀၂၂ ရက်က ထုတ်ပြန်ကြေညာခဲ့သည့် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ပူးတွဲကြေညာချက်ကို မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာကန့်ကွက်

**လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် လိုအပ်သည့် အရေးယူမှုများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်လျက်ရှိ**

### သတင်းထုတ်ပြန်ချက်

အမေရိကန်ပြည်ထောင်စု အပါအဝင်နိုင်ငံအချို့က ၂၆-၁၁-၂၀၂၂ ရက်တွင် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ပူးတွဲကြေညာချက် တစ်စောင်ထုတ်ပြန်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သိရှိရသည်။ ယင်းပူးတွဲကြေညာချက်တွင် တပ်မတော်က အစိုးရဆန့်ကျင်သူများကို အင်အားအလွန်အကျွံ သုံးစွဲချေမှုန်းနေကြောင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်နေကြောင်း ဖော်ပြထားကြောင်း တွေ့ရှိရသည်။

အဆိုပါ ပူးတွဲကြေညာချက်ပါ ဖော်ပြချက်များသည် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များနှင့် အစိုးရဆန့်ကျင်နေသူများ၊ အကြမ်းဖက်အဖွဲ့များထံမှ ရရှိသည့်အချက်များကို အခြေခံထားသောကြောင့် မှန်ကန်မှုမရှိကြောင်း ဖော်ပြအပ်သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် လိုအပ်သည့်အရေးယူမှုများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ✻



မြဝတီမြို့ သီရိမြဝတီဟိုတယ်၌ ဖမ်းဆီးရမိသည့် တရားခံများနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။

## စစ်ကိုင်း PDF အကြမ်းဖက်အဖွဲ့ထံ ပို့ဆောင်မည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်တရားခံများအား မြဝတီမြို့နှင့် မုံရွာမြို့တို့တွင် ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

NUG အကြမ်းဖက်အဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန်နှင့် နိုင်ငံ့ဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်နိုင်ရန်အတွက် လိုအပ်သော လက်နက်/ခဲယမ်းများအား တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့နှင့် ချိတ်ဆက်၍ သယ်ယူပို့ဆောင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၆ ရက်က PDF အကြမ်းဖက် အဖွဲ့ဝင်များ မြဝတီမြို့နယ် ဝေ့ရှမ်းကျေးရွာတွင် ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးပူးပေါင်းအဖွဲ့မှ သွားရောက်စစ်ဆေးခဲ့ရာ ဝေ့ရှမ်းကျေးရွာအဝင် စားသောက်ဆိုင် (အမည်မရှိ)တွင် **ကျော်ဇေယျာလင်း(၄၁)နှစ်၊ ဝေဖြိုးသန့်(၂၄)နှစ်**တို့ နှစ်ဦးကို ပွိုင့်-၂၂ ကျည်ဖြင့်ပစ်ရသော ပစ္စတို တစ်လက်၊ ၎င်းကျည် တောင့် ၁၅၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံများ၏ ထွက်ဆိုချက်အရ လက်နက်/ခဲယမ်း သယ်ဆောင်သူများဖြစ်သည့် **စိုးမင်းထွန်း(၃၉)နှစ်၊ သက်မောင်မောင်စိုး(၃၆)နှစ်**တို့ နှစ်ဦးကို သီရိမြဝတီ ဟိုတယ် အခန်းအမှတ်(၉၀၇)တွင် ထပ်မံဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ Super Custom အမျိုးအစား အဖြူရောင်ယာဉ်၏ တံခါးနှင့် ဆီတိုင်ကီအတွင်းမှ

*စာမျက်နှာ ၁၂ ကော်လံ ၁* ۞

## ယနေ့ သတင်းအညွှန်း

ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ မြန်မာ့ရွှေဆောင်ဘဏ်အား ဓားပြတိုက်ရာတွင် ပါဝင်သည့် တရားခံများအား ဖမ်းဆီးရမိ စာ - ၁၁

ကိုဗစ် -၁၉ မျိုးကွဲအသစ်ကို စိုးရိမ်စရာကောင်းဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးပြော စာ - ၁၄

နိုဝင်ဘာ ၂၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၅၀၅ ဦး တွေ့ရှိ စာ - ၁၅

## ၂၀၂၂ ကမ္ဘာ့ဖလား ပြိုင်ပွဲဝင်ခွင့်အတွက် ရှုံးထွက်ပွဲစဉ်များကို မဲခွဲထုတ်ပြန်




၂၀၂၂ ကာတာကမ္ဘာ့ဖလား ပြိုင်ပွဲ၏ ဥရောပဇုန်မှ လက်ကျန်သုံးနေရာအတွက် ယှဉ်ပြိုင်ကစားကြမည့်ရှုံးထွက် (ဆီမီးဖိုင်နယ်) ပွဲစဉ်များကို မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ နာမည်ကြီး ပေါ်တူဂီနှင့် အီတလီအသင်းတို့သည် လမ်းကြောင်းတစ်ခုတည်း ကျရောက်ခဲ့သည့်အတွက် အဆိုပါ နှစ်သင်းထဲမှ တစ်သင်းသာလျှင် ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိဖွယ်ရှိသည်။

*စာမျက်နှာ ၂၅ ကော်လံ ၁* ○